# အသင်လူသားဘာမှားနေသလဲ

သျှင်ဥက္ကဋ္ဌ

# အသင်လူသား ဘာမှားနေသလဲ

သျှင်ဥဿန္ဒ

၁၉၆၄-ခု၊ ဖေဖေါ်ဝါရီ
အုပ်ရေ-၃၀၀၀

*

ထုတ်ဝေသူ- ဦးမိုးဝင်း (မှတ်ပုံတင် အမှတ် ၉၃)
မြန်မာ့ဗျူဟာစာအုပ်တိုက်၊
၆၂-ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ- ဦးမိုးဝင်း (မှတ်ပုံတင် အမှတ် ၁၁၆)
မြန်မာ့ဗျူဟာစာပုံနှိပ်တိုက်၊
၆၂-ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ဖြန့်ဝေသူ- ရွှေပြည်တန်စာပေတိုက်၊ မှတ်ပုံတင် အမှတ်
၁၂-နှင်းပန်းလမ်း၊ ရေကျော် ရန်ကုန်မြို့။

## လွန်ပြီးနှစ်— ၂၅၀၈ ကျော် အခါက......

ကပ္ပါသည် အပူရှိန် ပြင်းထန်လှသော ရွာမီးကြီးတွင်းထဲသို့ ကျရောက်နေသော မြွေငယ်၏ ပမာပုံကဲ့သို့ ပြင်းထန်လှသော အပူဒါဏ်ကို လူးကာလှန့်ကာ ခံစား၍နေရ ရှာလေပြီ။

ကပ္ပါသည် လွတ်မြောက်ရေးအတွက် အသက်ကိုပေး၍ ကြိုး ပမ်းရှာ၏။ မီးကျီးတွင်းနံရံများကို ကြိုးစား၊ မင်းစားကပ်ကပ် ပြီး တက်ရှာ၏။

သို့သော်-ကာလရှည်လျားစွာ လောင်မြိုက်၍ ထားရစား ထိုနံရံများ၌ ခြေကုပ်မရနိုင်ဘဲ တွင်းထဲသို့သာ လန်၍ကျရတော့ သည်။

လူးကာလှန့်ကာ ထွက်ပေါက်ရှာရင်း ထန်ပြင်းလှသော အ ပူရှိန်ကို မြိန်ရှက်စွာ ခံစားနေရလေတော့သည်။

ထိုသို့ သက်လျှော ကျဆင်းခြင်းကင်းမဲ့သော အပူဒီဂရီကို ဘလူးလူး တလှန့်လှန့်နှင့်မျက်စိစုံမှိတ်ပြီး အံကြိတ်၍ခံနေရသော

ကပ္ပါသည် တရံတခါ လိုက်လိုက်လှဲလှဲ အူသဲနှလုံးထဲမှ ပေါက်ကွဲဖွယ်အသံနက်ကြီးဖြင့် ညည်းညူရှာ၏။

ကာကံခေါက် အံကြိတ် အတင်းမှိတ်၍ထားသော မျက်လွှာနှစ်ခုတို့၏ အကြားမှ မိုးသီးတမျှ ကြီးမားလှသော မျက်ရည်ပေါက်ကြီးများ တွေတွေကျဆင်း သက်ပြင်းရှူရှိုက် ကပ္ပါရှင်အိုကြီး ဖို ဖိုက်-ဖိုသိုကဖြစ်ကာ ငိုကြွေးရှာ၏။

တခါတရံ ကပ္ပါသည် အပြင်းအံကြိတ်၍ အတင်းမှိတ် အတင်းပိတ်ထားသော လေးယံလှသော မျက်စိများကိုအားယူ၍ ဖွင့်ပြီးသော် ကောင်းကင်ဘက်သို့ မော့ကာ- ရော်ရမ်း- မျှော်မှန်းရှာ၏။

ကပ္ပါသည် ယခုရှိ အလုံးအလှန့်ခံနေရသော အပူဘေးကို တခါတည်း ငြိမ်းအေးအောင် သတ်နိုင်မည့် ကယ်တင်ရှင်ကား- သောကပြင်ဘက် အထက်ဝေဟင် မိုးကောင်းကင်၌သာ ရှိပေရာ၏- ဟု ရည်ရော်မျှော်မှန်း အားကိုးရှာ၏။

သို့သော်- ထိုသည့် အာကာသလည်း သူ၏ တည်ရာဖြစ်သောကြောင့် ကပ္ပါကယ်တယ်ရှင်ကို မွေးထုတ်၍ မပေးနိုင်ခဲ့ချေတကား -

သို့ဖြင့်လျှင် ဤကပ္ပါအတွက် မျှော်လင့်ချက် ကင်းပြီဟု ဆိုရတော့မည်လော?

ခိုကိုးရာမဲ့ ဖြစ်ရတော့မည်လော ?

ကပ္ပါ၏ အဖို့ အေးကွက် အတွက် ခဆားချက် မရှိတော့ပြီလော?

ဟင့်အင်း-ဤသို့လည်း မဟုတ်နိုင်သေးပါချေ။

သုညဝေဟင်- ထက်ကောင်းကင်မှ ကယ်တင်ရှင် အစစ်ထွက် ပြူ၍ မလာနိုင်သော် အရှေ့၊ တောင်၊ မြောက် ဟူသော ကပ္ပါ အရပ် လေးမျက်နှာသို့ မျှော်ကြည့်ရန်- ကျန်ရှိပေသေး၏။

ယင်းသို့ ရှိသည့်အတိုင်း ကြည့်ရှုခဲ့သော် အရှေ့တိုင်းမှရှင်း၊ အနောက်တိုင်းမှရှင်း၊ ကပ္ပါအပူခေတ်ကို ငြိမ်းသတ်ရန် ဆရာကြီးများ ပေါ်ပေါက်လာသည်ကို တွေ့ကြရပေလိမ့်မည်။

အနောက်တိုင်း ဂရိတ်နိုင်ငံမှရှင်း၊ အရှေ့တိုင်း တရုပ်နိုင်ငံမှရှင်း၊ အိန္ဒိယနိုင်ငံမှရှင်း၊ ပါလေတိနမှရှင်း၊ အာရေဗျနိုင်ငံမှရှင်း မီးငြိမ်းဆရာကြီးများသည် ဆက်ခါ ဆက်ခါ ပေါ်ထွက်လာခဲ့ကြကုန်၏။

သူတို့သည် စိတ်တွေ၊ လက်တွေအားဖြင့်ရှင်း၊ ရှင်းတို့ဖြစ်ထွန်းပေါ်ပေါက်ရာ ဒေသကာလ သမဂ္ဂအားဖြင့်ရှင်း၊ ရှင်းတို့၏ဘဝနှင့် ပတ်ဝန်းကျင် အခြေအားဖြင့်ရှင်း၊ ကြံဆတွေးခေါ်ပြီးလျှင်မီးငြိမ်းနည်း အမျိုးမျိုးကို ထုတ်ဖော်ခဲ့ကြကုန်၏၊ သူတို့သည် ကပ္ပါ၏ ကြောက်ရွံ့ဘွယ်သော ညည်းညူသံ၊ ဝမ်းနည်းဘွယ်သော ငိုကြွေးသံ၊ မောဟိုက်လှသော ရှူရှိုက်သံ၊ အားလျော့သော သက်ပြင်းချသံတို့ကို နားမခံသာအောင် ကြားရဖန်များလှသောကြောင့် အများလူတို့ကဲ့သို့ စားခါ၊ သောက်ခါ၊ အိပ်ခါ၊ သေခါ၊ မနေသာတော့ဘဲ အားခဲကြိုးကုပ် နောက်မဆုတ်သော လုံ့လဝီရိယတို့ဖြင့် နည်းကောင်း လမ်းကောင်း၊ ဥပါယ်ကောင်းတို့ကို ရှာဖွေခဲ့ကြကုန်၏။

သူတို့ ရှာဖွေ တွေ့ရှိသော နည်းလမ်း တို့ဖြင့် ကပ္ပါအပူကို ငြိမ်းသတ်စေရန် အားထုတ်ခဲ့ကြကုန်၏။

မီးကို ရေနှင့်ငြိမ်းသတ်ရမည်ဟူသော အချက်ကို သဘောတူကြစေကာ ၎င်းတို့သည် ရေကိုရွေးချယ်ရာ၌ မညီမညွတ်ဖြစ်ခဲ့ကြကုန်၏။

ဆရာကြီးတယောက်ကမူ ကပ္ပါအပူသည် နှစ်ကာလသောင်းချီ၍ဖြစ်သောကြောင့် အလွန်အမင်း အပူပြင်းထန်လျက်ရှိချေသည်၊ မိုးရိုးရေသာမန်ဖြင့် ငြိမ်းသတ်ခြင်းငှာ မစွမ်းနိုင်ရာ၊ သို့ကြောင့် ဂ-ပ္ပါအပူမှိန်း မတတ်နိုင်သောက်အောင် ဝေးကွာလှသော အာကာသ ဝေဟင် အထက်ကောင်းကင်၌ တည်ရှိသော အနောဒတ်အိုင်မှ ရေသည်သာလျှင် တစက်တပေါက် ချလိုက်ရုံနှင့် ဤကပ္ပါ၏ အပူကိုငြိမ်းအေးစေနိုင်သော သတ္တိထူး ရှိပေရာသည်ဟု ဟောပြောရှာ၏။

သို့ရာတွင်- ၎င်း၏ အနောဒတ်အိုင်ကား- ပထဝီဝင်တွင် ရှာဖွေ၍ မတွေ့နိုင်သောကြောင့် ထိုအိုင်မှ ရေစင် ရေအေးကို ဆောင်ယူရန်ပင် မလွယ်ဖြစ်ပြန်သည်။

ထို့ကြောင့် နောက်ထပ် ဆရာကြီးတဦးတယောက် ပေါက်လာပြန်သည်။ ၎င်းက အနောဒတ် ရေအိုင်မှ ရေစင် ရေအေးကား မြေလှပါ၏။ ကပ္ပါအပူကို တစက်တပေါက်မျှနှင့် ငြိမ်းစေနိုင်မပါ၏။

သို့ပေမဲ့ ထိုသည့်အနောဒတ် ရေစင်ကို ဆောင်ယူနိုင်မည့်သူ မရှိသဖြင့် အခက်ကြုံရသည်။ သို့ဖြစ်လျှင် ကပ္ပါအပူကို ဤသို့ပင် လက်ပိုက်၍ ကြည့်နေရတော့မည်လော။

ဤသို့ကား ကြည့်၍ မနေနိုင်ချေ၊ ထိုမျှသန့်စင် မြေသော အနောဒတ် ရေစင်ကို မရနိုင်ခဲ့လျှင် ဂင်္ဂါ၊ ယမုနာစသော မြစ်ကြီးတို့မှ ရေဖြင့် ငြိမ်းသတ်ရမည် ဟောပြောပြန်သည်။

ထိုအခါကပ္ပါသည် အတော် အားတက်လာလေပြီ၊ မြက်ကြီး မြစ်ငယ် အသွယ်သွယ် တို့မှ ရေကိုခတ်ယူ၍ မီးကျီး တွင်းထဲသို့ လောင်းချ ငြိမ်းသတ်ရန် ကြိုးပမ်းစပြုလေပြီ။

ထိုအခါ မုတ်ဆိတ်မွေးနှင့် ဆရာကြီးတယောက် ပေါ်လာ ပြန်ပြီးလျှင် အစိုးရိမ်လွန်သော အမူအရာနှင့်-

ဟော့-ဟော့ ရပ်ကြပါအုံးဟု တားမြစ်ပြန်လေသည်။

ထိုနောက် အဲဒီမီးကျီးတွင်းထဲသို့ လူသားတွေအသုံးပြုသော သာမန်ရေကို လောင်းထည့် လိုက်လျှင် မီးမငြိမ်းဘဲ ရေဆူပွက် လာမှာစိုးရသည်၊ မီးနှင့်ဖုတ်ခြင်း၊ မြှိုက်ခြင်းတို့ကား ရေနွေး ပူပူ ကျိုက်ကျိုက်ဆူမှာ ပြုတ်ခြင်းနှင့် များစွာ ကွဲပြားခြင်း မရှိ ဟူ၍ အမိန့်ရှိပြန်လေသည်။

မီးကိုငြိမ်းသတ်ရန်အကောင်းဆုံးပစ္စည်းကားသဲပင်ဖြစ်သည်၊ သဲနှင့် လောင်းဖို့လိုက်လျှင် မီးသည်အခိုးပင် မထွက်နိုင်တော့ဘဲ၊ တချက်တည်း ငြိမ်းချုပ်ခြင်းသို့ ရောက်မြဲပင် ဖြစ်သည်ဟု ဆက် လက်၍ မိန့်ဟတော် မူလေသည်။

ကပ္ပါသည်လက်စွမ်းပြီးသော်-ကပ္ပါသဲကန္တာရကြီးများမှ သဲကို ထမ်းပိုး ယူဆောင်ပြီးလျှင် ကပ္ပါ မီးကျီးတွင်းထဲသို့ လောင်းစ ပြုလေပြီ။

သို့သော် နောက်ထပ် ဆရာကြီးတယောက် ပေါ်လာပြန် ချေပြီ၊ မီးကိုသဲနှင့်လောင်း၍ ဖို့သတ်သောနည်းကား ကောင်း မြတ်လှပါ၏။

သို့ရာတွင် မီးသက်သက် ငြိမ်းအေး၍သွားပါမူကားသင့်မြတ် လျော်ကန် ပေရာ၏။

သို့သော် ဒုက္ခသည် ကပ္ပါကြီးပါ သဲဖို့၍ အသက်ရှူပေါက်မရသဖြင့် မရဏာပြည်နန်း အဆုံးလမ်းသို့ လျှင်စွာကြွမြန်းပေရာ၏၊ ထိုကြောင့် သဲနှင့်ရေတဲ့ပြီး ခဝ်ကျဲကျဲကလေး သောင်းလိုက်မှ သာလျှင် ပွက်ပွက်ဆူခြင်း၊ ဖွိုဖိုခြင်းဘေးမှ ကင်းဝေး၍ အေးမြသော သုခကို မုချင် ရရှိပေရာ၏ - ဟူ၍ ဟော ပြော ပြန်လေသည်။

ဤသို့ စသော အားဖြင့် ကပ္ပါမိးငြိမ်း ဆရာကြီး တို့သည် အရှေ့ တိုင်းမှ၎င်း၊ အနောက် တိုင်းမှ၎င်း ဆက်ခါ ဆက်ခါ ပေါ်ပေါက်လာကြကြီးလျှင် ကပ္ပါအပူကို ငြိမ်းသတ်၍အအေး ဓာတ် တည်ဆောက်ရေးအတွက် သေနင်္ဂဗျူဟာ မျိုးစုံနှင့်တကွ နည်းပရိယာယ်အဝဝ ဉပါယ်ကောင်း မှန်သမျှကို ဟောပြော ပြသခဲ့ကြကုန်၏။

သို့သော် ကပ္ပါကား ''ဆေးဆရာ မထောင့်ဘာ လူမမာ မခံချိ'' ဟူသော အခြေအနေ၌သာပင် ရှိချေသေး၏။ ထိုဆရာကြီးတို့၏ နည်းထူး နည်းမြတ်တို့ကို တသဝေ့တိမ်းဘဲ မယိမ်း မစောင်း လိုက်နာ ကျင့်သုံးခဲ့ချေပြီ၊ သို့ကျင့်သုံးသောအခါ အစ ပထမ၌ သင့်မြတ်တော်တန် ဟန်လိမ့်မည်ဟု ထင်မှတ်ရစေကာ အတန်ကြာလျှင် ဒုံရင်းသို့ ပြန်ပြီး နာလှန်ထရသည် ဟူ၍ပင် မရှိခဲ့သေးချေ။

ထိုကြောင့် ကပ္ပါသည် မည်သူ၏နည်းကို လိုက်နာကျင့်သုံး ရမည်ဟု မသိတော့ဘဲဇဝေဇဝါ ယောင်ချာချာဖြစ်၍နေချေပြီ။

ဆေးနည်းပေါင်း စုံလှရကား ငါးသိုင်းမျှား ဟင်းဟုန် ဟူသော အခြေအနေသို့ ဆိုက်ရောက်နေခဲ့ချေပြီ။

ထိုမှတပါး ဘွဲ့ထူး ဂုဏ်ထူး အစုံတို့ဖြင့် ချီးကျူးခြင်းခံကြရသော ထိုသိုမ်းသတ် ဆရာကြီးတို့သာလျှင် မကသေး အခြားအခြားကုန်သော ဒေသမီးတိုဘာခုစ၊ နှစ်ခုစနှင့်မောင်းထု၍ တုလိုကြသော သမားပေါက်စတို့သည်လည်း ကမ္ဘာ့အနှံ့အပြားအကြွံ့အကြားမှကျန် ဖြစ်ပွားပေါ်ပေါက်ခဲ့ကြလေပြီ။

သို့သော်ကမ္ဘာကား ထူးမခြားနား ဘဝခွဲ၍ ဝဲလည်လျက်ရှိချေသော်၏။

အမှန်မှာ အားလုံးသော မီးသတ်သမားကြီးတို့၏ မီးငြိမ်းနည်းတို့ကား ပြောရ၊ ဟောရာ၌ ကမ္ဘာ့မီးဘေး ငြိမ်းအေးလိမ့်မည်ဟု ထင်မှတ်ရစေကာ လက်တွေ့ စမ်းသပ်ရာ၌မူကား မသွယ်ကူကြောင်း တွေ့ရချေသည်။

မှန်လှ၏။ ပြော၍ဟော၍ ကောင်းသလောက် (ဝါ) လွယ်သလောက် လုပ်၍မဖြစ်နိုင်သောအရာတို့သည် ဤသောဘဝ၌များစွာပင် ရှိကြကုန်၏။

ဥပမာ မီးကိုငြိမ်းသတ်ရန်အတွက် အကောင်းဆုံးဖြစ်သောပစ္စည်းကား ရေပင်ဖြစ်၏၊ သို့ရာတွင် ထိုသည့်ရေသည်မီးတိုင်းကို မငြိမ်းသတ်နိုင်သကဲ့သို့ ဖြစ်ရာ၏။

မီးကြီးမီးနိုင်၊ ရေကြီးရေနိုင် ဟူသော စကားကို အသုံးပြုရာ၏၊ နည်းပါးလှသောရေသည် ကြီးမားလှသောမီးကို မငြိမ်းသတ်နိုင်ချေ မီးကပင်ရေကို မျိုဝါး၍စားလိုက်သကဲ့သို့ဖြစ်သွားတတ်ချေသည်။

ဤကမ္ဘာလောကရှိ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ စသည်တို့၌ တည်ရှိသော ရေအားလုံးတို့ဖြင့် သူရိယနေမင်း၏အပူဓာတ်တခုကို ငြိမ်းသတ်နိုင်ပါမည်လော- ဟူ၍စဉ်းစားရာ၏။

ဤရေအားလုံးသည် ထိုသည့် နေမင်း၏ အပူဓာတ်ကို ငြိမ်းသတ်နိုင်ဘို့ စဉ်းစားလိုသျှင် ယခုနေကို ငင်း၏ လက်ရှိတည်နေရာ ဌာနမှ ရွှေ့ပြောင်းပြီးလျှင် ကပ္ပါ ရေစုနှင့် မိုင်တရာကွာလွင်ထား၍ ကြည့်ရာ၏။

ယင်းသို့ နေသည် ဤကပ္ပါမြေပြင်၊ ရေပြင်နှင့် မိုင်တရာကွာသို့ ရောက်ရှိလာခဲ့သော် ကပ္ပါ မြေရော၊ ကပ္ပါရေပါ မည်သို့သော အခြေအနေသို့ ဆိုက်ရောက်ကုန်ကြမည်နည်း။

နေ၏အပူငြိမ်းသတ်နိုင်ဘို့ နေနေသာသာ ဒုဒယ်ကြီးမားလှသော ထိုသည့် ရေဇလာသည်ပင် နေစရာရှာမရဘဲ လှုင့်ပါး ချုပ်ပျောက်၍ပင် သွားပေရာ၏။

သို့ဖြစ်ရာ- နေဆယ်ဆူမှက အပူကြီးလှသော ကပ္ပါ၏ဒုက္ခအပူကို အစတုံးငြိမ်းနိုင်ရန်အတွက် လိုအပ်သော ရေဒုဒယ်ကို ရရှိရန်ကား- စိတ်ကူး၌သာ (သို့မဟုတ်) ပြောဟောရာတို့၌သာ လွယ်လွယ်ကူကူ ဖြစ်နိုင်သကဲ့သို့သာ ထင်မှတ်ဖွယ် ရှိနေချေတော့လေပြီ။

ယင်းသို့ဖြင့် ကပ္ပါသည် ဆရာအမျိုးမျိုးနှင့် လုံးထွေးကာ ဇာတ်မျောရ၍လာခဲ့ရာ လွန်ခဲ့သော နှစ် ၂၅၀၀-အချိန် အခါသို့ ရောက်ခဲ့လေသည်။

ထိုအခါဝယ်"ဂေါတမဗုဒ္ဓ"ဟူ၍ ကပ္ပါ့သမိုင်း၌ ဆရာတပါး အဖြစ် ထင်ရှားစွာ ပေါ်ပေါက်ခဲ့ပြီ။

အထက်ထက် ခေတ်အခါများက မီးသတ် ဆရာများကဲ့သို့ ကပ္ပါအပူကို ဂေါတမ ဗုဒ္ဓသည် ဆက်သက်၍ သတ်ငြိမ်းရန်ကြေးကြော်လိုက်လေပြီ။

ဗုဒ္ဓသည် ရေကိုထည်းမသွန်း၊ သဲကိုလည်းမပြော၊သစ္စာတည်း ယူသော အမှန်တရားကို ညွှန်တော်မူလိုက်၏။

ထိုအမှန်တရားကား- အခြားမဟုတ်- မီးကို မီးမှန်းသိမှုတို့ပင် ဖြစ်သည်။

ဤကမ္ဘာ၌ ရှေးခေတ်က လူသားပင်ဖြစ်စေ၊ ယနေ့ခေတ် လူသားပင်ဖြစ်စေ၊ မီးကိုမီးမှန်း၊ ပူတတ်မှန်း၊ ပူလောင်တတ်မှန်း မသိခြင်း ကြောင့်သာ မီးလောင်ခြင်း မီးမြှိုက်ခြင်းကို ခံခဲ့ရသည်။

ထို့ကြောင့်ကမ္ဘာ့ဒုက္ခဆိုတဲ့ မီးကို မီးမှန်းသိအောင် ကြိုးပမ်းဖို့ အရေးကြီးလှပေသတည်း။

★

# နိဒါန်း

ဘိုလူသား သင်ဘာမှားနေသလဲ?ကား

မျှော်ပုံခရိုင် ဒေးဒရဲမြို့ ကွင်းကျောင်း၌ ဘောင်တွင်းကြီး ဆရာတော် ဟောကြားတဲ့ အနတ္တတရားနှင့် ပဋိစ္စသမုပ္ပါဒ်တရား များကို စုပေါင်းထားတဲ့ တရားစာဖြစ်ပါသည်။

ဒေးဒရဲ တရားနာပရိသတ်တို့သည် ၎င်းတရားတော်များကို အသံဖမ်းစက်ဖြင့် ဖမ်းယူ၍ ထားခဲ့ကြကုန်၏။

ဤတရားတော်များသည် ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော် အဆီ အနှစ်တော့ဖြစ်၍ အသစ် အဟောင်း ခေတ်ဖွား လူသားနှစ်ရပ် သုံးပင် ကြားနာထိုက်၊ ဖတ်ရှုထိုက်ပေသည်။

သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ကျဉ်းမြောင်းသော အသံ ဖမ်းစက်ကော်ပြားအတွင်းမှ ထိုတရားတော်များကို လက်ရေး တို့၊ လက်ရေးရှည်တို့ဖြင့် ကူးယူအဲ့ဆုတ်၍ ရုပ်လုံးဖော်ရန် ကြိုး ပမ်းခဲ့လေပြီ။

ထိုသို့ ကူးယူပြီးနောက် ထိုကော်ပြားတရားမှုကို ဆရာတော် ထံသို့တင်ပို့၍ ပြင်သင့်ဆင်သင့်သော အချက်များကို ပြင်ဆင် ပေးပါရန် ခွင့်ပန်လျှောက်ထားခဲ့လေပြီ။

ဆရာတော်ကလဲ ပြင်ဆင်ရမည့်ကာဘဲ အချို့နေရာများတွင် အ လွန်အဖိုးတန်သော အချက် အလက်များကို ဆက်ဆည့်၍ပြင် ပေးလိုက်ပါသေးသည်။

စာဖတ်ပရိသတ်နှင့် ကျွန်ုပ်တို့အတွက် အမြတ်ထွက်ခြင်းပေ တည်း။

မိမိ၏ ကိုယ်ကာယအပါအဝင် ခန္ဓာငါးပါးကိုပင် ငါမဟုတ်၊ ငါ့ဟာမဟုတ်၊ ငါ၏အတ္တမဟုတ်-ဟု အတိအကျဟောညွှန်ခဲ့ရာ အမြင်ဗဟိဒ္ဓအပဥ္စဘည်ရှိသောလယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်

# နိဒါန်း

ဗိမာန်၊ ရွှေ-ငွေ-ကျောက်သံ အတန်တန်နှင့် ဝတ်ဆင်ရန်၊ စား သောက်ရန် ပစ္စည်းတို့တွင် အဘယ်မှာ ငါဆိုတဲ့ စကားလုံးကို တပ် ဆင်ဘွယ်ရာ လိုတော့မည်နည်း။

ယနေ့မြန်မာနိုင်ငံ၌ စတင်အသက်သွင်း၍နေသော မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် သည်လည်း ငါဖြုတ်နေးပင် မဟုတ်ပေ လော?

ပြည်သူပိုင်ပြုလုပ်ရေး– ဟူသော ခေတ်သစ် ခေါဟာရသည် ငါဆိုတဲ့ ပုဂ္ဂလိက စကားလုံးကို လက်စတုန်း ချေမှုန်းတဲ့အနု မြူဗုံးဖြစ်လေသည်။

အတ္တစွဲကို မဖြုတ်နိုင်လျှင် လောကုတ္တရာ လုပ်ငန်းဆိုင်ရာ၌ တိုးတက် အောင်မြင်မှုကို မရနိုင်သလို အာရုံ ငါးပါးပစ္စည်း ပစ္စယတို့တွင် ငါတပ်ဆင်မှုကို မရုပ်သိမ်းနိုင်လျှင် (ဝါ)ဘွင်းဘွင်း နှင့် ရှင်းရှင်း ပြောရသော် ပုဂ္ဂလိက ငါစွဲကို မဖြုတ်နိုင်လျှင် လောကီလုပ်ငန်းဆိုင်ရာ၌လည်း မိမိတို့ရည်မှန်းတိုင်း အောင်ပန်း ဆွတ်ခူးရန် အတန်တန် ခက်ခဲပေလိမ့်မည်။

ထို့ကြောင့် မြန်မာ့ဆိုရှယ်လစ် ပန်းတိုင်သို့ ဦးတည်ချီတက် သော မြန်မာလူသားကိုင်း အများကိုပြင်၍ အမှန်ကိုထွင်ပြီးလျှင် ကွင်းကွင်းကြီး ရှေ့သို့ဆက်နိုင်ရန် ဤစာအုပ်ငယ်ကို တင်ဆက် လိုက်ရပါသတည်း။

**အရှင်သာသန**

**နတ်မှီစာသင်တိုက်၊ တောင်တွင်းကြီးမြို့။**

# အပန်းလွှာ

အိုလူသား–

သင်ဘာမှားနေသလဲ? မေးသင့်သားတဲ့။

ဘာပြုလို့လဲဆိုတော့ လူသားဟာ အမိဝမ်းကြာတိုက်မှ အပြင်သို့ ဘက်ဆင်းခဲ့သော အချိန်မှစ၍ လူပေါက်စကလေးဘဝနဲ့ အမှားတွေချည့် ဆက်တိုက်သင်ခဲ့ရတယ်၊ လုပ်ခဲ့ရတယ်၊ ပြောခဲ့ရတယ်။

မှန်လျှင်၊ လူ့လောကအတွင်းသို့ ဝင်ရောက်လာ လာသော လူပေါက်စသည် မိန်းမကြီး ၂-ယောက် ၃-ယောက်အလယ်သို့ မျက်စိသူငယ်နှင့် ရောက်လာခဲ့သည်။

ဟိုမျက်နှာ၊ဒီမျက်နှာတို့ကို လူ့ပေါက်စသည် သူ၏ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကြည့်ရှာ၏၊ မြင်ကားမြင်ပါ၏။ သို့ရာတွင် သူဘာမှန်းမှမသိသေးချေ။

"ယောကျ်ားကလေးဟေ့" (သို့မဟုတ်) "မိန်းမကလေးဟေ့" သူတို့အချင်းချင်း ပြောဆိုသံ ဆူညံလျက်။

သို့ပေမယ်လို့ လူပေါက်စ၏နားဝ၌ လမ်းပေါ်မောင်းသွားတဲ့ လှည်းသံနှင့်မခြား ဘာတလုံးမျှ သူနားမလည်သေးချေ။

သူ့နားထဲဝင်လာတဲ့ "မိန်းမ" "ယောကျ်ား"ဆိုတဲ့ စကားလုံးတွေကိုက အမှားတွေချည့် မဟုတ်ပါလော?

ထို့နောက် ရက်ပေါင်း အတန်ကြာလာတဲ့အခါ ကျတော့ မိန်းမကြီးတယောက်က သူ့ကို နို့ချို တိုက်ကျွေး၏၊ ပွေ့၏၊ ချီ၏၊ ချော့၏၊ သင်ပြရှုပေး၏၊ ယောကျ်ားကြီးတယောက်ကို လက်ညှိုးထိုး၍ ပြပြီးလျှင် ဖေဖေ ဖေဖေဟု အထပ်ထပ်ပြော၏ ဆိုခိုင်း၏။

လူပေါက်စသည် မပြီကလာ ပြီကလာနှင့် အမှား တော့ကို လိုက်၍ဆိုရှာ၏၊ ယင်းသို့အားဖြင့် လူပေါက်စသည် အမိအဖ ဆွေမျိုးသားချင်း၊ ညီအစ်ကို၊ မောင်နှမတို့၏ အလယ်၌ ပတ်ဝန်းကျင်မှ အမှားတွေကိုသင်ယူရင်း မှတ်သားရင်း တဖြည်းဖြည်းချင်း ကြီးထွားရှာလာခဲ့ရလေသည်။

ဤသို့သင်ယူ မှတ်သားလာခဲ့သော အမှား ထုထယ်ကား ကြီးမားရှာ၊ ထွားကြိုင်း၍၊ ခက်သက်ဝေဆာ၍ လာခဲ့လေပြီ။

ထိုကြောင့် လှုပ်ရှား၍ မရနိုင်လောက်အောင် အမြစ်ခိုင်ခဲ့လေပြီ။

ဤသို့စသည်ဖြင့် လူပေါက်စသည် အမှားတွေနဲ့ သူ့ဘဝကို စတင်ပျိုးထောင်လာခဲ့သည်။

ပတ်ဝန်းကျင် အမှားတို့၏ အလယ်၌ ကြီးထွား၍ လာခဲ့သည်။

သူရဲ့ အတွင်း အစျတ္တ ကိုယ်ကာယ ဘက်သို လှည့်၍ကြည့်ပါဦး—

အမိအဖလုပ်သူ (သို့မဟုတ်) အုပ်ထိန်းသူတို့က ကလေး၏ ဆံပင်းကစပြီး ခြေဖျားကျအောင်သော အစိတ်အပိုင်း တွေကို

ပြုပြင်၍ ပေးခဲ့ကြကုန်သည်။

ကာလရဲ့ ဆံပင်ကို သပ်သပ်ယပ်ယပ် ဖီးပေးလိုက်ပါ၊ ဆံပင်ရှည်လာပြီး ရှင်ရှင်းထား သန်းဥတွေ တွယ်လာ တတ်တယ်၊ ဘယ်လိုဆီ လူးလိမ်းရမယ်၊ ဘယ်လိုဘီးနှင့် ဖီးရမယ် စသည်ဖြင့် ဆံပင်နှင့် ပတ်သက်သော သင်ခန်းစာတွေ အများကြီးပေးလေ့ရှိတယ်။

[illegible]းတဲ့အတိုင်း လိုက်နာ၍ကား လုပ်ခဲ့ပါ၏။

သို့ရာတွင် ဘာကြောင့်၊ ညာကြောင့် ဟူကား ကလေးက နားမလယ်။

ဒါလိုနှစ်ရှည်လများ ကြားရဖန်များသောအခါ ငါ့ဆံပင်မှာ ကလား—ဟူ၍ သိရှိလာတော့သည်။

လူကြီး၊ သူကြီးများက ပြောဆိုညွှန်ပြတဲ့ နည်းလမ်းများကို လိုက်နာ၍ ကိုယ်နှင့်ဆိုင်ရာ အင်္ဂါများကို ပြုပြင်လေတော့သည်၊ မွမ်းမံလေတော့သည်၊ မျိုး-ရိုးစရိုက်၊ ဒေသအလိုက်၊ လူများစု အကြိုက်ကိုလိုက်ပြီး အချောတိုက်ခဲ့လေတော့သည်။

ယင်းသို့ အတုမြင် အတတ်သင်ဆိုတဲ့ လူ့ဝန်းဝိုင်းအတွင်းမှာ ချာလည်၊ ပတ်လည် ချာချာလည် ရင်းကပင် ကျွန်ုပ်တို့ရဲ့ လူပေါက်စသည် အသက် ၄၀-၅၀-အရွယ်သို့ ရောက်လာခဲ့လေပြီ။

ထိုမျှအရှိန်လွန်ပြီဖြစ်၍ ထိုမျှအစွဲတွေ ခိုင်မာလာတဲ့ အရွယ်ရောက်ခါမှ ယောကျာ်းမဟုတ်၊ မိန်းမမဟုတ် ဟူ၍ငြင်း၊ ကေသာ-ဆံပင်သည်၊ ဆံပင်လဲ မဟုတ်၊ ငါလဲမဟုတ် ဟူ၍ငြင်း၊ တတွတ်တွတ်နှင့် မလွှဲဒလစပ် ရွတ်ဘတ် ပြီးလျှင် လူပေါက်စ ဘဝကုန်းက အမှားတွေကို အမှန်သို့ ရောက်အောင် ပြန်လည် အားကုတ်၍ နေရပြန်လေပြီ။

လူပေါက်စ ဘဝကနေပြီး လူသားရဲ့အသက် တဝက်သီသီ ရောက်အောင် သယ်ယူလာခဲ့သော မပြတ်မလပ် ဒလစပ်သင်ယူမှုကြောင့် မှတ်မိသားမိဖြစ်၍နေသောယင်းကြောင့်လဲ စွဲ၍နေပြီဖြစ်သော အမှားတွေကို အကုန် ပယ်ဖျောက်၍ အမှန်သို့ရောက်အောင် အားထုတ်ဖို့ကားသေးငယ်လွယ်ကူသောကိစ္စမဟုတ်ချေ။

အင်မတန်မြင့်မောက်လှသော တောင်ဘက် လုပ်ငန်း တရပ်ပါပေ။

မှန်လှ၏၊ လူပေါက်စသည် နာမပညတ်တွေ များများတတ်လာလျှင် စကားတတ်လာပြီဟု ဆိုကြသည်။

ထိုနောက် ကွေ့ကွေ့ ကောက်ကောက် ဝိုင်းဝိုင်း ပြားပြား ခြားနားသော ပုံသဏ္ဍာန်ရှိတဲ့ စကားလုံးဆိုတဲ့ ပညတ်တွေကို လိုက်၍ သင်ယူပြသသည်၊ မှတ်ထားပြန်သည်။

ပြီးတော့သဒ္ဒပညတ်တွေ၊ အတ္တပညတ်တွေကို ဆက်၍ဆက်၍ တိုးထည့်လိုက်ပြန်သည်၊ ဒီအခါမှာ သူ့ကိုစာတတ် ပုဂ္ဂိုလ်ဟု သမုတ်ကြလေသည်။

တဖန်မြန်မာနိုင်ငံ၌ တရားကျွန်းများသို့ဖြစ်စေ (သို့မဟုတ်) အခြားနိုင်ငံများ၌ ယောဂလုပ်ငန်း အားထုတ်ရာ အာရှရမ်များသို့ ဖြစ်စေ သွားရောက် လေ့လာခဲ့လျှင် ပညတ် ပရမတ်တဲ့ဖို ပြုလုပ်နေကြသည်ကို တွေ့ရသည်၊ ပကတိအားဖြင့် တကယ်ရှိ၊ အမှန်ရှိ၊ အာဏာရှင်၊ တန်ခိုးရှင်တဦး၏ အမိန့်ကြောင့် ရှိလာရသည် မဟုတ်ဘဲ အမြဲတစေ အဟုတ်ကိုရှိနေတဲ့ သဘာဝကို ပရမတ်ဟူ၍ ခေါ်ဆိုကြသည်။

၎င်းကားအနာဒိ-အနန္တဖြစ်၍ အစမထင်၊ အဆုံးလဲမမြင်ရတဲ့ သဘောတရားဖြစ်သည်။

2

သိပ္ပံပညာဆရာတို့၏မက်တားနှင့် ဖိုစ်တို့အပြင် ကျွန်ုပ်တို့၏ ပ-အာ-ဝါ-တေ တို့သည် ပရမတ်လို့ ခေါ်ဆိုကြတဲ့ သဘော တရား၏ လက္ခဏာမျာ:ကို အကုန်ဆောင်ကြကုန်၏။

ပရမတ်ဟူသောပုဒ်၏-အနက် အဓိပ္ပါယ်ကို အပြည့်အစုံ ငုံမိ ကြကုန်၏။ ပ-အာ-ဝါ-တေ တို့တဲ့ ရုပ်သားတို့သည်အမျိုးအစား ကိုက်ညီရွာ အကြောင်းအခါ၌ ပေါင်းစပ်မိကြကုန်၏။

သို့အခါ သတ္တုန်အမျိုး ပေါ်ပေါက်လာသည်၊ ထိုသတ္တုန် ကို ခွဲပြီးသော့ သတ္တုန ပညတ်ဆိုတာ ပေါ်ရှိလာသည်။

ထို့ပြင်ခေါက်လေးပါး၏အစုအဝေးဟုဆိုအပ်တဲ့မက်တားနှင့် ဖိုစ် သဘာဝတိုင်းကို နာမပညတ်ဆိုတဲ့ အမည်အသီးသီးတပ်ဆင် ပိုက်ပြန်သည်။

ဤနေရာတွင် နာမပညတ်ဆိုသည်ကား ဘာလဲ။

ပနုပတ္တုအားဖြင့် အဟုတ်ရှိတဲ့ ဓာတ်လေးပါးရဲ့ အပေါင်း အစုအဝေးကို ခေါ်ဆိုရာ၌ လွယ်ကူစေရန် မှည့်ခေါ်ထားတဲ့အမည် ဖြစ်သည်၊

အမည်ဆိုသည်ကား လူသား၏ စိတ်များတွင်သာ တည်ရှိနိုင် ၏၊ အနှစ်သာရ တကယ်မရှိတဲ့ သဘောဖြစ်ချေသည်။

ရွှေ သို့မဟုတ်) နွား-ဟူသော နာမပညတ်များမှာ ဘက် ဆိုင်ရာ တပ်ဆင်မှု-သင်္ကေတ တမျိုးစီရှိသည်။

ထို့အတူ ရွှေနှင့်ငွေဆိုတဲ့ နာမပညတ်တို့ဟာလဲ လူအများက သမုတ်၍ထားသော အဝါ-အဖြူသတ္တုတို့ကို အမှီပြုကြကုန်သည်။

သို့ဖြစ်ရာ နာမပညတ်နှင့်သမျှသည် တကယ်ရှိတဲ့ မဟာဘုတ် အစု တခုခု၌စရာတွယ်စရာရှိမှသာ ပေါ်လွှင်ထင်လျှားစွာ ရှင်း၏

အနှစ်သာရကိုဖေါ်ထုတ်နိုင်သည်၊ ရုပ်ဒြပ်နှင့်နာမပညတ်တို့သည် အစဉ်မပြတ် ထပ်လျက်၊ ဟတ်လျက် တည်ရှိကြ၍ဖြစ်ကြကုန်၏။

သို့ရာတွင် ယင်းသို့ ထပ်လျက်နေပုံကို တိကျစွာမြင်ရမည်၊ ဒြပ်တခြား၊ အမည်ပညတ်တခြား ပြတ်ပြတ်သားသားအမြင်မှန် ပေါ်ရမည်ဟု ဆိုလိုသည်။

ယင်းသို့တခြားစီ သီးသန့်၍မမြင်ခဲ့လျှင် နာမပညတ်ကိုသာ အဆိုင်အခဲထင်ပြီး အစွဲဝင်၍နေတတ်သည်၊ ထိုအမှားစွဲတို့အား ဖြိုခွဲ ဖျောက်ဖျက်ရန် အင်မတန် ခက်ခဲသော အရာများ ဖြစ်ချေသည်။

နာမပညတ်တွင် တန်ဘိုး တပ်ဆင်၍သွားရာ ထိုတန်ဘိုးကို တကယ်ရှိအနေဖြင့် ယုံကြည်မှုကြောင့် နာမပညတ်ကို ငန်းငန်း တက် စွဲမက်ခြင်းဖြစ်သည်။

ဂျပန်ခေတ်က သုံးစွဲခဲ့သော ငွေစက္ကူများကို ပမာအဖြစ်ဖြင့် ရှုရာ၏။

ထိုခေတ်က တရာတန်ဘိုးရှိသော ဂျပန်စက္ကူသည် ယခုခေတ်၌၊ ၎င်းတန်ဘိုးကို မဆောင် တော့ချေ။

၎င်း၏ တန်ဘိုး လုံးဝ ဆိပ်သုဉ်းသွားပြီ ဖြစ်သောကြောင့် တည်း။

အဘယ်ကြောင့် ဆိပ်သုဉ်း ရသနည်း?

မူလ, ကတဲက ၎င်းတန်ဘိုးအတွက် အာမခံချက်(ဃဲ့ ဂုဏ်) ၎င်းတန်ဘိုး၏ မှီရာအထည်ကိုယ် ဒြပ်မရှိ ခဲ့သောကြောင့်ဖြစ် သည်။

ယင်းသို့အားဖြင့် အမာထယ်၊ ဒြပ်ကို အမှီအစွဲ ပြု၍ ဖြစ်ပေါ်လာသော နာမပညတ်ကား အရှိသဘော ... ကွဲ

ပြားခြားနားစေရန် အသီး အသီး မှည့်ခေါ် ထားသောအမည် ဖြစ်သည်။

ဤသို့အားဖြင့် ကျွန်ုပ်တို့၏ လူ့ပေါက်စသည် မျက်စိနှစ်လုံး ဖွင့်ပြီး ဤလူ့ဘောင် လောက အတွင်းသို့ ဝင်ရောက်လာသော နေ့မှစ၍ နာမပညတ်ဆိုတဲ့ အမှားတွေကို ကြားနာ၍ လာခဲ့ရ သည်၊ သင်ယူ၍လာခဲ့ရသည်။

မစွဲ မွဲအောင် အဲဒီနာမပညတ်တွေကို မြဲ တတွတ်တွတ် ရွတ်ခဲ့ရသည်၊ တခါတခါ နာမပညတ် တခုတလေ မေ့သွားလို့ အရိုက်အနှက် အကြိမ်းအမောင်းပင် ခံခဲ့ရသေးသည်။

ထိုမျှ အစွဲနာအောင် အားထုတ်မှုပယ်ယား၍ လာခဲ့သော နာမပညတ်ကို တရားခွင်သို့ ဝင်ရောက်တဲ့ နေ့မှာမှ စီစစ်ရန်လို ကြောင်း သဘောပေါက်၍ လာလေသည်။

ဝင်စစ်မှာ ရုပ်ဒြပ် အမာထယ် အခံရှိသော နာမပညတ်များ ကို ထိုအာမခံပစ္စည်းနှင့် ကွဲပြား၍ ပပြားပြီ ဖြစ်အောင် ရှုဘို့ လိုသည်။

တန်ဘိုးရှိသော ဝါဝါ- သတ္တု အခဲကလေးကို ရွှေဟူ၍ နာမ ပညတ် တပ်ဆင်ထားသည်၊ ရွှေသည် ထိုသတ္တုဝါဝါကလေး၏ အမည်ဖြစ်သည်၊ ထိုသတ္တုကလေးမှာ တန်ဘိုးရှိသည်။

၎င်းကို မြန်မာ ဘာသာအားဖြင့် ရွှေဟုခေါ်သည်၊ ပါဠိ ဘာသာအားဖြင့် သုဝဏ္ဏ-ဟူ၍ ထင်လျှားသည်။

ဤသို့အားဖြင့် အခြေခံအမာထယ် ရုပ်ဒြပ်ရှိသောနာမပညက် များ၏ အလယ်၌ ၎င်းတို့၏ အကူအညီဖြင့် တဖြည်းဖြည်း ကြီး ထွား ရင့်ကျက် ခြင်းသို့ ရောက်လာခဲ့သော လူ့ပေါက်စသည်

လူ့အစည်းအရုံးဝင် တယောက် ဖြစ်လာသည်နှင့်တပြိုင်နက် နာမပညတ် တမျိုးနှင့် ရင်ဆိုင်တိုးလျက် နေရပြန်ချေပြီ။

ရင်းကား ဘယ်လို ပညတ်မျိုးလဲ ။

အမာခံအထည်ကို ဒြဗ်မရှိပါ၊ အမည်နာမ သက်သက်သာရှိသော ပညတ်မျိုးပင်။

အထင်လျှာဆုံး ဖြစ်တဲ့ ဥပမာကို ဆောင်ရသော် ယုန်ချို၊ လိပ်မွေးစသော နာမပညတ်မျိုး ဖြစ်သည်။

ယုန်ချို ဟူသော နာမပညတ်ပင် ပေါ်လွင်ထင်လျှား၍ နေစေကာ ရင်းနာမပညတ်က ကိုယ်စားပြုသော ချိုကားသတ္တဝါမှာ မရှိချေ။

ဤသို့အားဖြင့် အထည်ကို (ဝါ) အမာခံဒြဗ်မရှိဘဲနှင့် ဖြစ်ပေါ်လာသော နာမပညတ်မျိုးကား စိတ်ကူးဒြဗ်ကို အမှီပြုခဲ့လေသည်။

အရှိနာမပညတ် အမျိုးမျိုးကို ထိုးထွင်းတီထွင်ခဲ့သော လူသား၏ အသိဉာဏ်သည် တဖြည်းဖြည်း ရင့်ကျက်ခြင်းသို့ရောက်လာခဲ့သည်။

ထိုအခါ လူသည် စိတ်ကူးဒြဗ်များကို စတင်တီထွင်လေသည်၊ ယင်းသို့တီထွင်ပြီးနောက် လူသားသည် သူတီထွင်ဖန်ဆင်းထားသော စိတ်ကူးဒြဗ်များကိုလဲ နာမပညတ် ဆိုတဲ့ ဖွယ်ဖွယ်ရာရာ အမည်တို့ကို တပ်ဆင်၍ပေးခဲ့လေသည်။

အလွယ်ဆုံး ဥပမာအနေဖြင့် မနုဿသီဟဆိုတဲ့ နာမပညတ်ကို ကြည့်ရှုရ၏။

ဤလူတပိုင်း၊ ခြင်္သေ့တပိုင်းအနက်ရှိတဲ့ မနုဿသီဟဆိုတဲ့ နာမပညတ်ကို တပ်ဆင်စရာ ရုပ်ဒြဗ်အမာကား အဓာမယ်မှာ ရှိမည်

၄၉၄၁

နည်း။

ဤသို့ရာတွင် အဘက်ဘက်၌ တိုးတက်နေသော လူသားသည် အပျော်မပေးဘဲ သူကိုယ်တိုင် သူ၏ မျက်စိ အစုံဖြင့် မြင်ဘူးသော လူ၏ ကိုယ်အထက်ပိုင်း နှင့် ခြသေ့်၏ အောက်ပိုင်းကိုယ် နှစ်ခုကို ပေါင်းစပ်၍ ပေးခြင်း စိတ္တဇဒြဗ်ကို ပေါ်ထုတ်လိုက်သည်။

ဟိန္ဒူ လူမျိုးတို့၏ ဘုရားငယ် ဆယ်ဆူတွင် စတုတ္ထကြိမ်မြောက် နရသိဟသည် ဓနုသိဟရဲ့ ပုံသဏ္ဌာန်ကို ဆောင်လေသည်။

ဤသို့အားဖြင့် ရုပ်ဒြဗ်အမာခံမရှိဘဲ ရှေးလူများ ထွင်ခဲ့သော နာမပညတ်တို့ကို အရှေ့တိုင်း၊ အနောက်တိုင်း ဆိုင်ရာဒဏ္ဍာရီ စာပေများတွင် ကျွန်ုပ်တို့ အမြောက်အမြား တွေ့ရလေသည်။

ငှက်တပိုင်း၊ လူတပိုင်းပုံထုထားတဲ့ စိတ်ကူးဒြဗ်လဲဘဲ ကိန္နရာဆိုတဲ့ နာမပညတ်ကို ထိုနည်းအတူပင် ဆောင်ယူ၍ ဒဏ္ဍာရီစာပေနယ်၌ အလွန်ထင်လျှားခဲ့လေပြီ။

ဤသို့သောဒဏ္ဍာရီပုံပြင်တို့သည် အရင်းကိုစစ်၍ အမြစ်ကိုရှာလိုက်သော် မရှိနာမပညတ်တို့သာ ဖြစ်ခဲ့ကုန်၏။

ထိုထိုသို့သော ဒဏ္ဍာရီပုံပြင်များကို အကြိမ်ကြိမ် ဆစ်ခြင်း၊ အဖန်ဖန် စစ်ခြင်းဖြင့် ယနေ့ခေတ်သိပ္ပံပညာ အဆင့်သို့ ရောက်အောင် တိုးတက်လာခဲ့သည်။

ခေတ်ပေါ် ဆေးပါးဆိုင် သိပ္ပံပညာသည် ရှေးလူတို့၏ လက်ဝဲ မှော်ပညာမှ တိုးတက်လာဒါ ဖြစ်သည်ဟု အဆိုပြုကြကုန်၏။

ဦးခေါင်းမှာ ဦးချိုတပ်ထားသော စုန်းပယောဂ ဆရာသည်

ယနေ့ခေတ်ပေါ်ဆေးဆရာဝန်၏ ရှေ့ပြေးဖြစ်သည်။

ပုဇွန်များ၊ ကင်းမှလက်မများ၊ ကျားသစ် စွယ်များ၊ မြွေပွေးများ ဆေးမကောင်းသော ဆေးဝါးများသည် ဤကမ္ဘာ့ခေလာကတွင် ပထမဆုံးပေါ်တဲ့ ခေတ်ခွဲခကျားများဖြစ်ခဲ့သည်။

ဂုဏ်းအတတ်မှနေ့ပြီး ယနေ့ခေတ်ပေါ် ခေတ်ပေးနှင့်ဆေးပညာများ ပေါက်ဖွားလာခဲ့သည်။

ထိုနည်းအတူပင် ကမ္ဘာ၏ အနုပညာများ ယုံကြည် ကိုးကွယ်သော ဘာသာများနှင့် ကြံစည် တွေးတောကြသော အတွေးအမြင်ပညာရပ်များသည် ရှေးခေတ်ဒဿနရှိခဲ့သော အခြေ စိုက်ခဲ့ကြကုန်၏။

ကျောက်ခဲကို ခလုပ်တိုက်၍ လဲကျသောကလေး (သို့မဟုတ်) ဆူခြုံကိုကိုင်မိ၍ လက်ကို ဆူးစူးခဲ့သော ကလေးများ၏ စိတ်၌ ထိုကျောက်ခဲနှင့် ဆူးမှာ မသမာသော ရန်ငြိုးစိတ် ရှိသည်ဟု ယုံကြည်ခဲ့သည်။

ထို့ကြောင့် ကလေးသည် ကျောက်ခဲကို ခြေထောက်နှင့် ကန်လိုက်သည်၊ ဆူးခြုံကိုမျက်စောင်းထိုးလိုက်သည်၊ ကောင်းကင်မှ မိုးတိမ်များ၊ ကျောက်ဆောင်များ၊ သစ်ပင်ကြီးများ၊ ပန်းပွင့်ကြီးများတို့သည် ကျွန်ုပ်တို့၏စိတ်ကို ထိပ်လန့်စေ တတ်သည်၊ ပျော်မြူး စေတတ်သည်ဟု ယုံကြည်ခဲ့တဲ့ ကျွန်ုပ်တို့၏ ကလေးဘဝကို ကျွန်ုပ်တို့ အားလုံး ပြန်လည်၍ သတိ ပြု နိုင် ကြ ပါ တော့သည်။

ကျွန်ုပ်တို့သည် အသက်မရှိသော အဝိညာဏက ယမင်းရုပ်ကလေးများကို ချော့ခဲ့ကြကုန်၏၊ မြူခဲ့ကြကုန်၏၊ လှပသော

အဝတ်တန်ဆာများကိုဆင်၍ပေးခဲ့ကြကုန်၏၊ ကျွန်ုပ်တို့ရရှိသော အစားအစာများကို ခွဲဝေ၍ကျွေးမွေးခဲ့ကြကုန်၏။

ညဉ့်ကာလအချိန်သည် ကျွန်ုပ်တို့ရဲ့ စိတ်အထင် အားဖြင့် ကြောက်ဖွယ် လန့်ဖွယ် အန္တရာယ်တို့ဖြင့် အပြည့်အနှက်ရှိခဲ့၏။

ကျွန်ုပ်တို့ အမြဲနေထိုင်တဲ့ အိမ်တွင်းသို့ပင် ညအခါ မှောင်သည်နှင့် တပြိုင်နက် ကြောက်စရာ၊ လန့်စရာ အကောင်တွေ အရှိအရှိ ဝင်ရောက်လာကြကုန်၏။

ကျွန်ုပ်တို့ရဲ့ မိဖများနှင့်အုပ်ထိန်းသူများကဘာမှမရှိပါဘူး၊ ဘာမှမကြောက်နဲ့ သွားသာသွား-ဟူ၍အားပေး အားမြှောက် ပြုလုပ် ကြစေကာမူ ကျွန်ုပ်တို့သည် အမှောင်တွင်းသို့ ရဲရဲဝံ့ဝံ့ စွန့်၍မသွားရဲခဲ့ကြချေ။

ယနေ့-လူသားတု တရပ်လုံးကို ပုဂ္ဂိုလ်တဦး တယောက် အနေနှင့် သုံးသပ်ပြောဆိုရလျှင် အဲဒီလူသား၏ငယ်စဉ်အစခါက (ဆိုလိုရင်း မနုဝင်အစခယောက်က) အကြောက်များနှင့် အမျှော်များ၊ အားပျက်မှုများနှင့် အားတက်မှုများသည် ဒဏ္ဍာရီစာပေတွင် ပေါ်ထင်စွာပါဝင်ခဲ့ကုန်၍ ဘာသာရေး ဆိုင်ရာ၊ လောကရေး ဆိုင်ရာ အစဉ်အလာ ဥဒါန်းအသွင်ဖြင့် ကျွန်ုပ်တို့၏လက်သို့ ရောက်၍ လာခဲ့ကြကုန်ပြီ။

မှန်လှ၏၊ လူသားသည် သဘာဝအားဖြင့် အစူး အစမ်းနှင့် အမေးအမြန်းထူသူဖြစ်သည်၊ ဟိုဟာ-ဒီဟာ သိစရာတွေကို စပ်စု လိုသူ ဖြစ်ပေသည်။

ဒါကြောင့်သူသည် သူတွေ့ရှိ သိမြင်နေရသော အကျိုးတရားတို့၏ အကြောင်း ရင်းစစ်၊ အမြစ်အခြေကို လိုက်လံ ရှာဖွေသူ

ဖြစ်၍လာသည်၊ အကြောင်းတရားကလည်း ကပ်လျက်နေသော ဘူတအကြောင်းနှင့် မူလအကြောင်းဟူ၍နှစ်မျိုး ရှိသည်။

ရှင်းတို့တွင် ယနေ့ခေတ်သိပ္ပံပညာသည် ကပ်လျက်နေသော ဘူတအကြောင်းနှင့်ပတ်သက်သော ခဲရာခဲဆစ်များကို ကျွန်ုပ်တို့ ကျေနပ်လောက်အောင် ဖြေရှင်း၍ပေးနိုင်ခဲ့လေပြီ။

သို့ရာတွင် မူလအကြောင်းနှင့် ပတ်သက်ရာ၌မူကား အမှန်ကို ပြောရလျှင် ယနေ့ကပ္ပါ၌ ပညာအရှိဆုံး လူသား အတွက်ပင် အဖြေရခက်တဲ့ ပြဿနာဘရပ်အနေဖြင့် တည်ရှိလျက်နေဆဲပင်။

သို့ရာတွင် ပဝေဏီခေတ် လူသားအတွက်မူ နေ့စဉ် ရက်ဆက် ဖြစ်ပျက်နေကျ သဘာဝများပင်၊အဖြေခက်၊အရှင်းခက်တဲ့ ပဟေဠိများ အဖြစ်၌ တည်ခဲ့ကြကုန်သည်။

ဥပမာ မိုးရွာတဲ့ သဘာဝကိစ္စကလေးတခုကို ကြည့်ကြပါစို့။

ယနေ့ကပ္ပါက ယနေ့လူသား အားလုံးသည် မိုးရွာခြင်း၏ အကြောင်းကို နည်းများစွာဆို သိကြလေပြီ။

သို့သော်-ထိုရှေးလူအဖို့ကား ဤမိုးရွာမှုသည် ပဟေဠိအဖြစ် ၌ပင် တည်ရှိခဲ့လေသည်။

ရှေးခေတ်ဖွားတဲ့ထိုလူသားသည်ပူပြင်းခြောက်သွေ့နေသော မြေပြင်ပေါ်သို့ မြေကြည်လင်သော မိုးရည်ပေါက်ကလေးများ ကျလာတာကို တွေ့ရတဲ့အခါမှာ သူ့စိတ်တွင် ကြည်လည် ရှင် မြူး လာသည်။

မိုးရေနှင့် ထိတွေ့ခြင်းကြောင့် မြေကြီးစိုထိုင်းလာပြီးနောက် များမကြာမီ စိမ်းစိုသောမြက်ပင်ကလေးတွေ ပေါက်လာသည်၊ သစ်ပင်ကလေးတွေ မြေမှအညွှန့်ထွက်လာသည်၊ ရိုးတန်ချည့်

ကျန်နေသော သစ်ပင်ကြီးများတွင် အဖူး၊ အညွန့်ကလေးတွေ ဝေဝေဆာဆာ ထွက်လာကြသည်။

သို့ကြောင့်လဲ တောတောင်တခွင်လုံး အစိမ်းရောင်တွေဖုံးပြီး ပျော်မဆုံး၊ ရွှင်မဆုံး၊ အာရုံတွေ တဝိုးဝိုးပေါ်ပေါက်လာသည်။

သို့ရာတွင် ဤအရာအားလုံးသည်ရှေးလူသားအတွက် အဖြေအရှင်းခက်တဲ့ ပြဿနာတို့ပင်ဖြစ်လျက် ရှိခဲ့ကြကုန်သည်၊ ရှေးလူသည် ဤပြဿနာကို ဤသို့တွေးတောခဲ့ပေရာ၏။

ဒီရေတွေ ဘယ်အရပ်မှ လာသနည်း။

အမှန်အားဖြင့်ဆိုရင်လေကလဲဒီရေတွေကိုထမ်း၍ မ၍မထားနိုင်ရာ၊ မိုးကောင်းကင်မှာဘဲရှိတဲ့ တိမ်တိုက်များနှင့် ပင်လယ်၏အဆက်အသွယ်တိုင် ရောက်အောင် သူ၏စဉ်းစားဉာဏ်ကမလိုက်နိုင်သေးချေ။

သူ၏အတွေ့အကြုံ ဗဟုသုတနယ်ပယ်ကလဲ ကျဉ်းမြောင်းလှသေး၏၊ ထိုကြောင့် သူ၏စဉ်းစားမှု၊ တွေးခေါ်မှုတို့ကလဲ နုလှချေသေး၏။

အဲဒီတော့ သူဘယ်ပုံ စဉ်းစားသနည်း၊

အဲ–ဟို မိုးပြာကြီးရဲ့ အထက်မှာ ရေတွေကို ထမ်းထားနိုင်လောက်အောင် ခိုင်မာသော ဒုန့်-ဒယ်နဲ့ အဆိုင်အခဲကပ္ပါ တခုရှိရမည်။

အဲဒီကပ္ပါကို အုပ်စိုးတဲ့ တန်ခိုးတော်ရှင်သည် လောကလူသား၏ အလုပ် အကိုင် အပြောအဆို၊ အတွေးအခေါ်များကို နှစ်သက် ကျေနပ်တော်မူတဲ့ အခါမှာ လူသား၏အကျိုးအတွက် ကောင်းကင်က ရေကန်ကိုဖွင့်၍ ချတော်မူလိုက်လိမ့်မည်၊ မကျေနပ်သော် ၎င်းကိုပိတ်၍ ထားတော်မူလိမ့်မည်၊

ထို့ကြောင့် ထိုတန်ခိုးတော်ရှင် ဘုရားသခင် ကျေနပ်အောင် သူ့အားရှိခိုးခြင်း၊ ပူဇော်ပသခြင်း စသော လူ့ဝတ္တရားများကို မပျက်မကွက် ဆောင်ရွက်ရမည် ဟူ၍ သူစဉ်းစားပေလိမ့်မည်။

ထို့ပြင် မိုးချိန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စစ် လက်ခြင်း စသည်တို့ကား ဘုရားသခင်၏ တန်ခိုးပါဝါများဖြစ်သည်၊ မိုးသက်တမ်းသည် ဘုရားသခင်၏ လေးဖြစ်သည်။

ပြောင်ပြောင် လက်လက် အရောင်ထွက်တဲ့ ကြယ်ပွင့်ကလေးတွေ စီ၍ထားသော ကောင်းကင်ကြီးကား ထိုဘုရား သခင်၏ စံနန်းတော် ဖြစ်သည်ဟူ၍ ရှေးလူသားက တွေးခဲ့ပေလိမ့်မည်။

သို့ရာတွင် သိပ္ပံပညာ၏ သက်တမ်းကား နုသေး၏၊ သိပ္ပံပညာ၏ သင်ပြချက်ကို လက်ခံမည့်သူ လူဦးရေကား နည်းလုသေး၏၊ ဘာကြောသေးလို့လဲ ခရစ်သက္ကရာဇ်(၁၅)ရာစုခံသာက က ဖြစ်ရပ်တခုပေါ့။

အဲဒီစဉ်အခါက ကိုလန်ဘတ်မည်သော သူတယောက်သည် အရှေ့သို့ ရောက်ရန် အနောက်စူးစူးသို့ သွားမည်၊ ဒီအခါမှာ ကပ္ပါမြေကြီး လုံးတယ်ဆိုတဲ့ အနုမာနကို သာဓကဆောင်နိုင်လိမ့်မည်-ဟု ပြောဆိုသောအခါ ထိုခေတ်ပညာရှင်တို့က ကိုလန်ဘားကား ရူးရှာပြီဟု ဆိုကြလေပြီ။

ထိုခေတ်က ရှင်ဘုရင်များနှင့် ပညာရှင် အများတို့သည် ကိုလန်ဘတ်ပြောမဲ့ စကားကိုပင် နားမထောင်လို ငြင်းဆိုခဲ့ကြကုန်၏။

အကယ်တစေ-အဲဒီခေတ်က သူတို့ပြောကြတဲ့အတိုင်း ကိုလန်ဘတ်ဆိုတဲ့ လူတယောက်သာ ထူးထူးချွန်ချွန် သူများထက်လွန်ပြီး အရှုံးမထခဲ့လျှင် ယနေ့ကပ္ပါ၏ အခြေ မည်သို့ရှိမည်နည်း။

ကပ္ပါမြေကြီးနှင့် ပတ်သက်ရာ၌ ရှေးလူတို့၏ အစွဲတို့ကား သဲသဲမဲမဲအလွန်ခိုင်မြဲကြကုန်၏၊ (၁၆)ရာစု နှစ်လောက်ရောက် တဲ့အချိန်မှာ ကောပါနိကပ် အမည်ရှိတဲ့ ဆရာကြီးတယောက် သည် ကပ္ပါမြေကြီးကား- အသေသဘောမဟုတ်ချေ။ အမြဲတမ်း လည်နေ၏ဆိုတဲ့ ဝါဒကို ထုတ်ဖေါ်ပြောဟောတဲ့အတွက် မိစ္ဆာ ဒိဋ္ဌိဆိုပြီး တရားစွဲခံခဲ့ရလေပြီ။

ကိုလန်ဘတ် မဘိုင်မီခေတ်၌ ဤကပ္ပါမြေကြီး၏ တိကျ မှန် ကန်သော မြေပုံမရှိခဲ့ချေ။

ထိုရှေးခေတ်က အတိုတက်ဆုံးလို့ သမုတ်ခဲ့ကြတဲ့ ခေါမ တိုင်းသား ပညာရှင်များသည်ပင် ကပ္ပါမြေကြီးနှင့်တကွ မြေ ပြင်ဖွား ဖြစ်တဲ့ လူသား၏ အကြောင်းအရာကို များစွာမသိခဲ့ ချေ။

၎င်းတို့သည် အရှေ့မြေထဲပင်လယ် ပတ်ဝန်းကျင်၌နေထိုင်တဲ့ လူများရဲ့အကြောင်းကို ကောင်းကောင်း သိခဲ့ကြကုန်၏။

သို့ရာတွင် အခြားလူမျိုးတို့၏ အကြောင်းအရာနှင့်ပတ်သက် ရာ၌မူကား သူတို့ရဲ့ အသိပညာတို့ကား ခရီးသွားတို့၏မှတ်တမ်း ကို အမှီသဟဲ ပြုခဲ့ကြကုန်၏။

ခရစ်သက္ကရာဇ် မပေါ်မီ (၅) ရာစု၌ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ သောဟဲရိုဒိုဘပ်သည် ရာဇဝင်သမိုင်း၏ ဘခင်ဖြစ်သည်ဟူ၍ ထင် လျှားခဲ့သည်။

သူ၏ရာဇဝင်တွင် ထိုခေတ်သခယ်၌ ခေါမ တိုင်းသားများ သိရှိကြသော အနီးပတ်ဝန်းကျင်မှ လူမျိုးတို့၏ အကြောင်းအရာ တို့ကို အကျယ်တဝင့် ဖေါ်ပြထားခဲ့သည်။

ယနေ့သူ၏ စာအုပ်ကို ဖတ်ရှုခဲ့လျှင် ဟိုခေတ်က ပညာအရှိဆုံးဆိုတဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ အသိအမြင် ကျဉ်းမြောင်းပုံကိုရင်း၊ ရှေးက ပညာရှင်ကြီးများ ယုံကြည် လွယ်ပုံကိုရင်း တွေ့မြင်ရပေလိမ့်မည်။

အိန္ဒိယနိုင်ငံ၌ ပရွက်ဆိတ်တို့သည် ရွှေသတ္တုကို တူးဖော်ကြကုန်၏ ဟူ၍ရင်း၊ ဣန္ဒိယလူမျိုးတို့သည် ဘျွးမွေးစောင့်ရှောက်ရတာ ဒုက္ခပိုတဲ့အတွက် မိဘို၊ ဖအို များကို သတ်ဖြတ်၍ စားကြသည်ဟူ၍ရင်း သူ၏ရာဇဝင် စာအုပ်တွင် ဟဲရိုဒိုတပ်က ရေးသားဖော်ပြခဲ့သည်။

ထိုသို့သော အချိန်တွင် ဣန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘုရားရှင်၏ဘာသာဘောင်များ အောင်မြင်စွာ ပြန့်ပွား ထွန်းပြောင်လျက် ရှိသည်၊ ဟဲရိုဒိုတပ်သည် အရှေ့မိုင်းနားနှင့် အီဂျစ်သို့ တိုင်အောင် ခရီးလှည့်သည်ခဲ့ဘူး၏။

သို့ဖြစ်ရာ ထိုခေတ်၌ ခရီးအရှည်ဆုံး လှည့်လည်ခဲ့သူတဦးအဖြစ်ဖြင့် ထင်လျှားခဲ့သည်၊ နတ်ဘုရားနှင့် လူ့ဇမ်းကောင်းများသာ ခရီးလှည့်လည်နိုင်သည်ဟု ထိုခေတ်က ယုံကြည်ခဲ့ကြသည်။

တောကြီး၊ တောင်ကြီး၊ ကျောက်ဆောင်ကြီးနှင့် မြစ်ကြီးပင်လယ် အသွယ်သွယ်ကို ကျော်ဖြတ်ပြီး မျက်နှာစိမ်း တိုင်းပြည်နိုင်ငံများသို့ စွန့်စွန့်စားစား အလည်အပတ် သွားဝံ့သူတို့ကား ထိုခေတ်သမယ၌ အလွန်ရှားပါးခဲ့ဟန်ရှိလေသည်။

ဤသို့သောအခြေအနေသည်ပင် ကာပွါ၏ ဒဏ္ဍာရီပုံပြင်များအတွက် ထက်မြက်သော မြေသြဇာ ဖြစ်ခဲ့ပုံရလေသည်။

မိမိတို့၏ နေရင်းဒေသနှင့် အလွန်ဝေးကွာသော တိုင်းပြည်နိုင်ငံများနှင့်တကွ ထိုနိုင်ငံ လူအများတို့ရဲ့ ထူးခြားအံ့ဖွယ်၊ လန့်

ခွယ်ဖြစ်တဲ့ ပုံပြင် ဝတ္ထုများကို ရေးလူတို့သည် ယုံယုံကြည်ကြည် နားထောင်ခဲ့ကြကုန်၏၊ မှတ်သားခဲ့ကြကုန်၏။

ကိုယ့်ရွာထဲမှ ကိုယ့်အသိထဲက လူတယောက်ဟာ ပေါက် ပေါက် ရှူဝေးလံသော တိုင်းပြည်ဒေသများသို့ သွားရောက် လည်ပတ်ပြီး ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်လာတဲ့အခါ ရွာ လူတို့သည် ထိုလူ့အနီးမှာဝိုင်းအုံပြီး စုံခနအောင်မေးကြမြန်းကြ ကုန်၏။

ထိုခေတ်က သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာတမ်း စသည်တို့ မပေါ်ကြ၊ မပေါက်ကြသေးဘူး မဟုတ်လား။

ဒေသဝေးခြား တိုင်းတပါးမှ ပြန်လာသူကလဲ မိမိတွေ့မြင်ခဲ့ ရသော အရာများကို အရှိအတိုင်း ဖေါက်သယ်မချဲ့ဘဲ နား ဝေသေသ [illegible] ဖြစ်အောင် [illegible] နားထောင်သူ [illegible] ဖြစ် အောင် နှံနှံပါးပါး လောက်အောင် ချဲ့ထွင်၍မွမ်းမံ ပြင်ဆင်၍ ပြောပြလေတော့သည်။

တိုက်ရိုက် ကြားသူက တဆင့် ပြောပြန်တော့လဲ တခါမှ ခနောက်တဆင့် ကြားသူကလဲ ထပ်၍ ချဲ့လိုက်တယ် ဆိုတော့ တဖြည်းဖြည်း ကျယ်ဝန်းသွားပြီး ရောမဒဏ္ဍာရီကြီး ဖြစ်၍သွား လေတော့သည်။

ယနေ့ လူသားအများထဲမှ တိုင်းတပါးသား လူမျိုးခြား တို့ရဲ့ ပုံပြင်များကို နားဆင်လိုတဲ့ အဆင့်အတန်းကို မကျော် လွန်သေးချေ။ စစ်မက် ဖြစ်ပွားလာတဲ့ အခါမှာ လူသားတွင် အဆိုးဝါး ဆုံးသော စိတ်မိုက်များ ဖြစ်ပေါ် လာတတ်သည်။ ၎င်းဒဏ္ဍာရီ၏ အနုမာနမျိုးစေ့ ဖြစ်သည်။

ရန်သူကို အမြဲတန်းနှိမ့်ချ၍ထားလေ့ရှိသည်၊ ရန်သူနှင့်ရန်သူဖက်သားတို့ကို အမဲနက်ဆိုးဆေးရောင်ဖြင့် အဆိုးဝါးဆုံး ခြယ်လှယ်ခဲ့ကြသည်၊ ရန်သူ၏ခေါင်းဆောင်များကိုဘီလူးရက္ခိုက်တွေ မာရ်နတ်၏ သားတွေဟု ထင်မှတ်ရလောက်အောင် ဆေးခြယ်ခဲ့ကြကုန်၏။

ဤသို့စသည်ဖြင့် ကပ္ပါ၏ဒါဇ္ဇာဝိ နယ်ပယ်ကြီး တစေ့ပြီး ထခေတ် ပိုမိုကျယ်ပြန့်၍ လာခဲ့လေပြီ။

အားလုံးခြုံ၍ကြည့်လိုက်လျှင် လူသား၏အမြင်မှန်သည် သိပ္ပံပညာ၏ ခြေလှမ်းကျဲကြီးကို အမီမလိုက်နိုင် သေးသည်ကို တွေ့ရသည်။

ယခုခေတ်သစ်လူသားသည် လသို့ သွား၊ ဘီး ဘာမြစ်ခေတ် ရှေးလူသား၏ အမွေအနှစ်အချို့ကို နှုတ်ကပတ်လောက်မျှ မမေ့ပျောက်ရက်၊ မပစ်ရက်ဘဲ ဖွတ်ကိုင်လျက်ရှိနေသေးသည်၊ စဉ်းစားတွေးတောမှုနှင့် သုံးသပ်ဝေဖန်မှုများ မရင့်ကျက်သေးတဲ့ လူသား၏ စိတ်သည် တခါတရံ နွားပေါက်ရေကျ ဖြစ်လာတတ်သည်။

အထိန်းအအုပ်နှင့် သိမ်းကျုံးမှု မရှိတဲ့အခါ ထိုခေတ်သည် ရမ်းချင်တိုင်း ရမ်း၍ ကြမ်းချင်တိုင်း ကြမ်း၍လာတတ်သည်။

‘ဤကပ္ပါလောကဆိုတဲ့ သဘာဝဓမ္မကြီးတွင် ကြောက်စရာတွေ၊ လန့်စရာတွေ (ဝါ) နတ်ဆိုး၊ နတ်ကောင်းတွေနှင့် ပြည့်လျက်နေသည်ဟု ရှေးလူသား၏စိတ်၌ ထင်မြင်မှတ်ယူ၍ယုံကြည်နေခဲ့သည်။

လေထဲမှာ တစ္ဆေသူရဲတွေ ရှိသည်၊ ဘီလူး သဘက်ကြီးများသည် ဂူပျက်ကြီးများရဲ့ အတွင်းမှာ ခိုနေကြကုန်သည်၊ သစ်ပင်အိုကြီးများ၏ သစ်ခေါင်းတွင် ရက္ခိုက်တွေ ပုန်းအောင်းနေကြ

ကုန်သည်၊ မြေပြင်တွင် မှင်စာနှင့်ကျပ်များ ပြေးလွှားကစားနေကြကုန်သည်–ဤသို့စသည်ဖြင့် ရှေးလူတို့ယုံကြည်ခဲ့ကြကုန်၏။

ဤသို့ယုံကြည်ခြင်းကြောင့် လူသည်အူးသန့်သောပုံသဏ္ဍာန်များရဲ့ ရှေ့မှောက်တွင် ဒူးထောက်လေလေတော့၏ ကောင်းကင်တခုလုံး ဟိန်းသွားအောင် မိုးချိန်း၍ မဲနက်သော အမှောင်အတွင်း လျှပ်စစ်များ ဝင်းကနဲလင်းလိုက်လျှင် လူမှာကြောက်ရွံ့ထိပ်လန့်တုန်ခါရ ဖြစ်ပေါ်လာကတ်သည်။

ရေဘေးကြီးများ၊ တော်မှတ်ခေါင်းပေါက်ခြင်းဆိုတဲ့ ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီးများ၊ လက်နက်ကိုင်ကာ သူ့ဂိုဏ်း ငါ့ဂိုဏ်း ဆိုပြီး မုန်းကြတဲ့ သတ္ထန္တရကပ်ဆိုးကြီးများ ဖြစ်ပေါ်ခြင်းမှာ နတ်မကျေမှုကြောင့်ဟူ၍ ယုံကြည်ခဲ့ကြ၏။

ထို့ကြောင့် နတ်ဆိုးနတ်ဝါးများ ကျေနပ်အောင် ပူဇော်ပသမှုကိုပြုလုပ်ခဲ့ကြသည်၊ တဖန် သိမ်မွေ့နူးညံ့သော လေပြေလေညှင်းတိုက်ခတ်၍ အခါရာသီအားလျော်စွာ မိုးရွာချခဲ့လျှင် ထိုကြောင့်သစ်ပင်ချုံနွယ် အပေါင်းတို့သည် ဖူးပွင့်ရှင်သန် အသီးအပွင့် အရွက်တွေမှိုင်းပြိုင်ဆိုင်ဆိုင်ဖြစ်လာလျက်ယင်းကြောင့်လဲ လူသား၏ စားဝတ်နေရေး ပူလုံလာ၍ လူသား၏ ကျန်းမာချမ်းသာမှု တိုးပွားလာလျှင် သမ္မာဒေဝနတ်ကောင်း နတ်မြတ်များ၏ မေတ္တာတော် အာနုဘော်ကြောင့်ဟု ဆိုပြီး ၎င်းတို့ကို ပသကြရပြန်လေပြီ။

ဤသို့အားဖြင့် လူသား၏ အခြေအနေသည် တဖြည်းဖြည်းရင့်ကျက်ပြီး တိုးတက်၍ လာခဲ့ရာ နတ်ကောင်း သမ္မာဒေဝနှင့် နတ်ဆိုးမိစ္ဆာဒေဝါတို့၏ ဝတ္ထုပုံပြင်များတွင် ရပ်ရွာ ပြည်နယ် ဆိုင်ရာ နိုင်ငံရေးခေါင်းဆောင်များနှင့် အတွေး အခေါ် စည်း

မျဉ်း ဥပဒေသဘက် ဆိုင်ရာ ခေါင်းဆောင် များ၏ ပုံပြင်များကိုပါ ထပ်ဆင့်၍ဖြည့်စွက်ခဲ့ကြလေပြီ။

ဤပုံပြင်များသည် အရေအတွက် အားဖြင့်ရင်း၊ အမျိုးအစားအား ဖြင့်ရင်း၊ တိုးတက်များပြား၍ လာခဲ့ရာ နောက်ဆုံးတွင် ဒဏ္ဍာရီသမုဒ္ဒရာကြီးအဖြစ်သို့ ရောက်ရှိလာကြကုန်၏။

အမှန်ဆိုလျှင် ထိုထို ဒဏ္ဍာရီများ၌ပါရှိသော ယနေ့ကပ္ပလူသားက ရိုသေမြတ်နိုး ရှိခိုးပူဇော် ပသ၍နေသော နတ်သမီး နတ်သားတို့သည် တရံရောအခါက ယုတ်ညံ့သည်ဟု သူတို့ယူဆသော ဤမြေပြင်တွင် ခြေလျင် လျှောက်ခဲ့ဘူးသူတို့သာ ဖြစ်ကြကုန်၏။

တဖန်ဒဏ္ဍာရီ ပုံပြင် ဟူသမျှတို့သည်အမှောင်ခေတ်၏ ထွက်ကုန်များချည့် မဟုတ်ပါချေ၊ ထို့ပြင် ရင်းတို့သည် မနာလိုမှုကြောင့်ရင်း၊ လူစွမ်းကောင်း မြတ်နိုးမှုကြောင့်ရင်း ဖြစ်ပေါ်လာတဲ့ ပုံပြင်များချည့်လဲ မဟုတ်ချေ။

ကပ္ပါ၏ အနုပညာတရပ်ဖြစ်သောကဗျာ၊ လင်္ကာသည်လည်း ကပ္ပါ၏ ဒဏ္ဍာရီများကို ဖန်တီးရာ၌ လက်သယ်တဦး အဖြစ်ဖြင့် ပါဝင်ခဲ့လေပြီ။

ကျွန်ုပ်တို့၏ ရှေ့လူတို့သည် အပြင်ကပ္ပါလောကဟု ဆိုအပ်တဲ့ သဘာဝဓမ္မကြီးနှင့် ရင်းရင်းနှီးနှီး အဆင်ပြေအောင်နေထိုင်ခဲ့ကြကုန်၏။

သူတို့ရဲ့ဘဝသည် ကျွန်ုပ်တို့ရဲ့ဘဝကဲ့သို့ အမွမ်းအမံ၊ အပြင်အဆင်တွေမပါဘဲ ပကတိ သဘာဝအတိုင်း စင်းလုံးချောဖြစ်ခဲ့သည်၊ ထိုခေတ်ကာလများ၌ ယနေ့ကပ္ပါမှာလို မြို့ကြီး၊ ပြကြီးတွေ မဖြစ်ထွန်း မပေါ်ပေါက်သေးချေ။

စက်ယန္တရားဆိုကလဲ အပ်ချုပ်စက်ပင် မပေါ်ခဲ့သေးတဲ့ ကာလဖြစ်ခဲ့သည်၊ တို့ပြင် ဟိုနား ဒီနား သွားဖို့ လာဖို့ရန်သော်၎င်း၊ မိမိ၏လေးလံသော ကုန်ပစ္စည်းများကို ပို့ရန်၊ ယူရန်သော်၎င်း၊ လှည်းယာဉ် လှေယာဉ်များလဲ မပေါ်သေးချေ။

သူတို့ရဲ့ နေအိမ်များဟာလဲ လေခိုးလုံတဲ့အပြင် ချုံ့စရာ၊ လှမ်းစရာ အသည်အလိပ်များကလဲ မပေါ်သေးချေ။

တိတိကျကျ ဆိုရလျှင် သူတို့သည် ဤမြေလွှာ၏ ရင်နှစ်အစစ်များဖြစ်ကြကုန်၏၊ လယ်ယာလုပ်ငန်းရယ်လို့ ဖြစ်ထွန်း ပေါ်ပေါက်လာပြန်တော့လဲ သူတို့သည် လယ်သာအတွက် မသေချာသော မိုးရေကိုသာ အားကိုးတခု ပြုစုခဲ့ကြကုန်သည်။

တခါတခါ မိုးမရွာဘဲ နေတတ်သည်၊ ထိုအခါမှာ သူသည် မိုးနတ်သား၏ စိတ်ဆိုးပြေစေရန် ပူဇော်ပသမှုကို ပြုလုပ်ရပြန်သည်။

ဒါပေမဲ့ သူ၏အလိုပြည့်ချင်တဲ့ အခါမှ ပြည့်သည်၊ ယခုနေကပ္ပါတွင် ကျွန်ုပ်တို့သည် ဘယ်အချိန် ဘယ်အခါမှာ ဘယ်နေရာ၌ မိုးရွာသိမ့်မည်၊ လေပြင်းမုန်တိုင်းကျလိမ့်မည်တို့ကို ကြိုတင်၍ ပြောနိုင်ရန် စက်ကိရိယာများကို ဖန်ဆင်းနိုင်ကြလေပြီ။

ထိုစက်ကိရိယာ များကား ရှေးလူများကို မဆိုထားနှင့် လွန်ခဲ့သော နှစ်ပေါင်းတထောင်ကျော်က လူ့အတွက် စိတ်ကူးပင် မထည့်ဝံ့တဲ့ အရာများ ဖြစ်ခဲ့သည်။

ရှေးလူတို့ နေထိုင်ရာ ကျေးရွာများကား ညအခါ၌ လ, မသာလျှင် မှောင်နှင့်မဲမဲပင်။

သို့ဖြစ်ရာ လူသားသည် ညတွင် ကျက်စားတဲ့ ခြင်္သေ့၊ ကျားစသော တိရစ္ဆာန် ရိုင်းများ၏ ရန်ကိုရင်း၊ အမှောင်သမား ညဥ့်

လူဆိုးများကိုရင်း အမြဲတစေ သတိနှင့် ကာကွယ်နေရသည်။

ထို့ကြောင့် နေဝင်ပြီးနောက် အလင်းရောင် ပျောက်၍အမှောင်ရောက်လာသည်နှင့် တပြိုင်နက် လူသား၏ အားနည်းနေသော စိတ်သည် ဂယောင် ချောက်ခြား စ၍ ဖြစ်လေတော့၏၊ စိုးရိမ်ထိပ်လန့်မှုတွေ အရှိရှိပေါ်ပေါက် လာတော့သည်။

ထိုသို့သော စိတ်ချောက်ခြားမှု ကြောက်လန့်မှုများကို တွန်းလှန်ချေမှုန်းနိုင်ရန် အားကိုးစရာကို စ၍ရှာခဲ့ပေတော့၏၊ ဤသို့ အားကိုးရှာမှုနှင့် လူသားသည် သူ၏ထွန်းကားခေတ်၊ ထွေးသော ခဏ်းတွေကို ပန္နက်ရိုက်ခဲ့သေသည်။

ရှေးလူသည် သဘာဝဓမ္မ၏ ရင်နှင့်ဖွဲ့ရာ သဘာဝနှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံခဲ့သည်။

နေ့စဉ်နေ့စဉ် အထွက်အဝင် နှင့် တောခင်းလင်မှာ ထွန်းလင်းတောက်ပသော ရောင်ခြည်ဖြင့် လှည့်လည် သွားလာနေသော နေကိုရင်း၊ ညအခါ၌ ဒမြ ကြည်လင်သော အရောင်ကိုပေး၍ ပိန်းချည် ဝချည် ကောင်းကင်၌ သွန့်လည်နေတဲ့ လကိုရင်း ရှေးလူ တွေမြင်သောအခါ သူ့စိတ်တွင် အတွေးဝင်လာခဲ့သည်။

ထို့ပြင် နေ့ရောညပါ မှောင်ကြီးကျ၍ လေကြမ်းကြီးများ တိုက်လာတဲ့ အခါမှာရင်း၊ ဒိုင်းဒိုင်း- ဝုန်းဝုန်း မိုးတွေထခြိမ်းပြီး လျှပ်စစ်တွေ တဝင်းဝင်းနှင့် မိုးကြိုးပစ်လိုက်တဲ့ အခါမှာရင်း အား— ဒါတွေ ဘာအဓိပ္ပါယ် ရှိသလဲ-ဟု သူ၏စိတ်တွင် အမေးများ ပေါ်ပေါက်လာသည်။

**အလွန်ဝေးလှ၍ ရှေးကျတဲ့ ပဝေသဏီခေတ်မှာ ထိုလူသား အတွက် ထိုသို့သော ကမ္ဘာ့တန်ဆာများနှင့် ကမ္ဘာဖြစ်ရပ်များ ကား- သူမြင်ရပေမဲ့ သူ့ကိုလမ်းညွှန်၍ နေသော တန်ခိုးပါ ဝါ**

ရှင် နတ်ဘုရားတို့ရဲ့ အလိုအတိုင်း ဖြစ်သာတွေဘဲဟု ယုံကြည်ရုံမှတပါး အခြားဘာမျှ ပြုလုပ်ဘွယ် မလိုတော့ပြီ။

ထိုအခါ ရှေးလူသည် နေနှင့် တ်သက်သော ဒဏ္ဍာရီများ၊ လနှင့် ဆက်ပေ်လော ဒဏ္ဍာရီပုံပြင် အများကို တီထွင်ဖန်တီးလေတော့၏။

ထို့ကြောင့် ယနေ့ကမ္ဘာတွင် ဒဏ္ဍာရီပုံပြင်မရှိတဲ့ လူမျိုးမရှိနိုင်လောက်အောင် ၎င်းရဲ့နယ်ပယ်ကျယ်ပြန့်၍ သွားခဲ့လေပြီ။ အရှေ့တိုင်းမှာ ဖြစ်စေ၊ (သို့မဟုတ်) အနောက်တိုင် မှာဘဲဖြစ်စေ ရှေး ကျသော တိုင်းပြည်နိုင်ငံနှင့် လူမျိုးတို့မှာ ပိုမိုများပြားသော ဒဏ္ဍာရီပုံပြင်များ ပြန့်ပွားလျက်ရှိသည်။

အရှေ့တိုင်း ဖြစ်သော တရုပ်ပြည်၊ အိန္ဒိယပြည်၊ အီဂျစ်ပြည်တို့၌ရှင်း အနောက်ဘက်ပိုင်း အပါအဝင် ဖြစ်သော ဓါမ၊ ရောမ၊ စကင်ဒီနေ့ဗီယ နိုင်ငံများ၌ရှင်း အများဆုံးသော ဒဏ္ဍာရီများကို တွေ့ရသည်။

ကြောက်သောစိတ်နှင့် မျှော်လင့်သော စိတ်တို့သည် ရှေးခေတ် လူသား၏ ဦးဏှောက်တွင် ကြီးစိုး လွှမ်းမိုးလျက်တည်ရှိခဲ့လေပြီ။

သူသည် ဘာကိုကြောက်၍ မည်သည့်အရာကို မျှော်သနည်း၊ သူသည် မိမိ၏ကိုယ်ကာယ၌ ကျရောက်မည့် အန္တရာယ် အမျိုးမျိုးကို ပထမဆုံး ကြောက်၏။

ထိုနောက် သူ၏သားသမီးများအပေါ် ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုးများ ကျရောက်မှာတို့ကိုကြောက်၏၊ နောက်ဆုံး၌ မိမိကိုယ်တိုင် လုပ်ကိုင်ထားတဲ့ စီးပွားဥစ္စာ ရတနာများ ပျက်ပြားမှာကို ကြောက်၏။

ယင်းသို့ကြောက်ခြင်းကြောင့် သူသည် ထိုသို့ အားဆိုး၊ ရန်စွယ်၊ အန္တရာယ်တို့ကို ကာကွယ်နိုင်မည့် နတ်၊ ဘုရားများကို စတင်ဖန်ဆင်းလေတော့သည်။

သူသည် ဘာကို မျှော်သနည်း။

ပထမ အရေးကြီးဆုံးဖြစ်တဲ့ လူ၏အမျှော်ကား သူကိုယ်တိုင်ကျန်းမာမှု၊ အနာကင်းမှု၊ အသက်ရှည်မှု၊ အန္တရာယ်ဆိုးများ မကပ်နိုင်မှု၊ သူကိုယ်တိုင် ပျော်ရွှင်ကြည်လင်မှုပင်ဖြစ်၏။

ဒုတိယ အမျှော်ကား သားနှင့်သမီးစသော အခြွေအရံတို့ အတွက် ဖြစ်သည်။

တတိယ မျှော်လင့်မှုကား- မိမိ၏ လယ်၊ယာ၊ကိုင်းကျွန်းတို့၏ အသီးအနှံဖွံ့ဖြိုးမှုပင် ဖြစ်သည်။

ဤသို့သောသူ၏ မျှော်လင့်ချက်များ ပြည့်စုံရရှိရေးအတွက်လဲ သူသည်နတ်နှင့် ဘုရားတို့ကိုသာ အားကိုး အားထား ပြုမြဲဖြစ်၏။

အဘယ့်ကြောင့်နည်း။

ထိုမျှ ရှေးကျသောလူသားသည် ကိုယ့်အားကိုယ်ကိုး(ဝါ) ကိုယ့်လှေကိုယ်ထိုးဆိုတဲ့ အဘိဓမ္မာသဘောတရားကို မပိုင်သေးသောကြောင့်ဖြစ်သည်။ သူနှင့်သူ့ပတ်ဝန်းကျင်၌ သူကိုယ်တိုင် နေ့စဉ် တွေ့မြင်နေရသော ဖြစ်ရပ် အားလုံးသည် နတ်ဆိုး နတ်ကောင်းတို့၏ ခြေရာ-လက်ရာ တို့သာဖြစ်သည်ဟု သူယုံကြည်ခဲ့လေသည်။

ဤအဆင့်တွင် ကပ္ပါအရပ်ရပ်၌ ဒဏ္ဍာရီပုံပြင်များ စတင်ပေါက်ဖွါး၍ လာခဲ့ကြကုန်၏။

လူသားသည်ထိုအဆင့်တွင် သင်းချိုင်းကိုကျော်၍မကြောက်သေးပေ၊

ထို့ပြင် လုပ်တိုင်းကုန်း၏ ဟိုမှာဘက်ကိုလှမ်း၍ မမျှော်တတ်သေးချေ။

ထိုအချိန်၌ လူသား၏ အသိဥာဏ်ပညာကား အလွန်နုနယ်လှသေးရာ သူသည်ဟိုဘဝ၊ ဒီဘဝ၊ သုခဘုံ၊ ဒုက္ခဘုံစသော ပြဿနာများကို တွေးခေါ်နိုင်လောက်အောင်အတွေ့အကြုံ မလုံလောက်သေးချေ။

ကပ္ပါသမိုင်းတွင် ဘာသာတရားများ စတင်ထွန်းကားလာသော အချိန်ရောက်မှ ထိုမျှမြင့်မားသော၊ ထိုမျှလျို့ဝှက်နက်နဲသော၊ ထိုမျှမျက်စိကိုမှိတ် အံကိုကြိတ်ပြီး စဉ်းစားတွေးတောရသော ခေတ်သို့ရောက်မှ ထိုပြဿနာများ ပွားများတိုးတက်၍ အခက်အလက် ပေါ်လာခြင်းသို့ ရောက်ရှိခဲ့လေသည်။

မှန်လှ၏၊ ကပ္ပါဒဏ္ဍာရီများသည် ကပ္ပါဘာသာတို့၏ ရှေ့ပြေးများ ဖြစ်ခြင်းကြောင့် ၎င်းတို့သည် လုံးဝ အနက်အဓိပ္ပါယ် အဓိပ်သုံးသော ပုံပြင်များကား မဟုတ်ခဲ့ပါချေ။

ဥပမာဆောင်ရလျှင် မြေကြီးကို တူးဖော်တဲ့အခါမှာ တွေ့ရသော တထပ်စီ-တထပ်စီ အစီရရီ တည်ရှိကြသော မြေလွှာများသည် မဟာပထဝီ မြေကြီး၏ သက်တမ်းနှင့် တကွ ကပ္ပါသမိုင်း မစခင်ကနေ၍ သတ္တလောကကြီး တိုးတက် လာပုံကို ညွှန်ပြသကဲ့သို့ ထို့အတူပင် ဒဏ္ဍာရီများသည် စိတ်ကူး အရာထယ်များဖြစ်၍ လွန်ပြီးသော ရှေးခေတ်များက ယဉ်ကျေးမှု အနုပညာဆိုင်ရာ ပုံပြင်တို့ဖြင့် ကျွန်ုပ်တို့အား သင်ကြား၍ပေးခဲ့သည်။

ထိုမျှမကလူသား၏ အမျိုးမျိုးသောပြဿနာနှင့်ပတ်သက်၍ ထိုရှေးခေတ်လူသား ကြိုးစား မင်းစား ဖြေရှင်းပုံကိုပါ ဖော်ထုတ်ခဲ့လေသည်။

လူသားဝေဘန်ဉာဏ်နှင့် သိပ္ပံပညာများတိုးတက်လာသည်နှင့်အမျှ ဒဏ္ဍာရီများမှာ တွယ်ကပ်နေတဲ့ ကရားသေ ဘာသာများ၏ အငွေ့အသက်များ ပျက်၍ပျက်၍ သွားခဲ့သော်ငြားလည်း လူသားသည်ငင်းတို့ကိုအကျိုးမဲ့ပစ္စည်းတွေဘဲဟုဆိုကာလျှင်၍တော့ မပစ်ခဲ့ချေ။

ယုံကြည်မှု-ဒဏ္ဍာရီမှ၍ စိတ်မခိုင်သောလူမျိုးတို့၌ငင်း၊ ပန်းချီ၊ ပန်းပု၊ ကဗျာ၊ လက်ဝဘသော အနုပညာ ဆိုင်ရာ၌ငင်း၊ ငင်းဒဏ္ဍာရီများ တာစားလျက်ပင် ရှိကြကုန်သေးသည်။

ဆိုလိုရင်းကား ကဗ္ဗါဒဏ္ဍာရီပုံပြင်များကြောင့် ကဗ္ဗါ အနုပညာများ တိုးတက်ကြွယ်ဝခြင်းသို့ ရောက်ခဲ့သည်။

ကဗ္ဗါ၏ဒဏ္ဍာရီများကို စတင်တည်တီထွင်သူတို့သည် ထိုပုံပြင်တို့၏ ယုတ္တိသဘောကျရှိမှုနှင့် မရှိမှုကိုအလေးမပြုခဲ့ကြချေ။

ငင်းဒဏ္ဍာရီတို့ကို ဘတ်လိုက်လျှင် စာဘတ်သူ၏ စိတ်တွင် စာရေးဆရာ၏ အလိုဆန္ဒအားလျော်စွာ အကြောက်၊ အမျှော်အပျော်များ ပေါ်ပေါက်၍လာအောင် ဖန်တီးခဲ့ကြသည်။

ယင်းသို့ ဖန်တီးရာ၌လဲ ဒဏ္ဍာရီ စာရေးဆရာသည် စိတ်ကူးဇာတ်ကောင်နှင့်ဇတ်ဆောင် ဇာတ်လိုက်များကိုဖန်ဆင်းခဲ့သည်။

ထိုဇာတ်ကောင်များတွင်ကြောက်စရာဇာတ်လိုက်ကိုအကြည့်အတန်ဆုံး၊ အဆိုးဝါးဆုံး၊ အချိုးအစားမတဲ့ဆုံး ပုံသဏ္ဍာန်ဖြင့် ရုပ်လုံးဖော်ခဲ့သည်။

ထိုပြင် မော်ဆရာဖြစ်တဲ့ ကောင်းကင်ဘုံနန်း ပြည်တော်သာ စခန်းများကိုလူသား၏ အကြိုက်ဖြစ်သော ငါးပါးအာရုံကာမဂုဏ် တို့ဖြင့် အမျိုးမတူ စုံအောင် ဖန်တီးထားခြင်းဖြင့် လူသားကို သွားရည်ယိုစေခဲ့လေသည်။

နောက်ဆုံးတွင် လူသားတိုင်း၏စိတ်ကို ပျော်ပြုံးလာစေရန် အတီး-အမှုတ်-အက-အခုန် အဆို-အပြောတို့ကို အသက် သွင်း၍ ပေးခဲ့သည်။ ဤသို့အားဖြင့် ကမ္ဘာ့ ဒဿနရှိများသည် ကမ္ဘာ့ ဘာသာများတွင် တရားသေအစိတ်အပိုင်းတခုအဖြစ် ဖြင့် ပါဝင် ခဲ့စေကာ ဘာသာတရားများ ကဲ့သို့ မယုံကြည် မနေရ (ဝါ) မယုံလျှင်မဖြစ်တဲ့ အရာ များကား ကောန် အားဖြင့် မဟုတ်ခဲ့ ပါပေ။

၎င်းတို့ကိုယုံကြည်မှု၊ မယုံကြည်မှုနှင့် ပတ်သက်၍ ပြင်းထန် သော ပြဿနာချက်များ ဘယ်မှာမှမရှိခဲ့ချေ၊ စာနမ်းပွဲ ဖြေဆို ရာ၌ အပို ဘာသာ သဘောမျှသာ ဖြစ်သည်ဟု မှတ်ယူသင့် လေသည်။ ၎င်းတို့ယုံလိုသူများလဲ လွတ်လွတ်လပ်လပ် ယုံကြည် နိုင်သည်။ မယုံကြည်သူများအတွက် ဘာသာအဖြစ်ဒဏ် ခတ်၍ မထားခဲ့ချေ။ ဤဒဿနရှိများကို အမှီသဟဲ အစွဲပြု၍ မင်္ဂလာ အခမ်းအနားများ ပေါ်ပေါက်လာရသည်ဟု ဆိုလျှင်မှားမည် မဟုတ်ချေ။

မင်္ဂလာ အခမ်းအနားများနှင့် ၎င်းတို့ကိုလက်တွေ့ကျင့်သုံး၍ အကောင်အထည် ဖေါ်တုတ်မှုသည်ရှေးကျသော ဘာသာတရား တို့၏ အနှစ်သာရဖြစ်သည်၊ ဒဿနရှိနှင့် မင်္ဂလာ အခမ်းအနား တို့သည် ငါးထန်းရွက်စပ်များလို တခုကိုတခု အမှီသဟဲ ပြုကာ ရာဇဝင်ခရီးတာကို ဆန့်ခဲ့ကြကုန်၏။

ဒဏ္ဍာရီတို့၏ပဓာန လုပ်ငန်းကား လူမျိုး တမျိုး၏ အစဉ်အလာ ယုံကြည်မှုကို အားဖြည့်၍ပေးခြင်းပင် ဖြစ်ခဲ့သည်။

ထို့ပြင် ထိုသည့် ဒဏ္ဍာရီမှ အချစ်ဝတ္ထုနှင့် အလွမ်းအဆွေးဝတ္ထုများ ပေါက်ပွား၍လာခဲ့လေသည်။

ထို့ကြောင့် ဒဏ္ဍာရီသည် လူသား၏ အတွင်းအကျဆုံးဖြစ်တဲ့ အကြောက်၊ အမျော်၊ အပျော်ဆိုတဲ့ စိတ်များကို အုံကြွလာအောင် နှိုးဆွ၍ပေးနိုင်တဲ့ အံ့စွမ်းသတ္တိနှင့် ပြည့်စုံ လေသည်။

ယနေ့ခေတ်လူသား၏ အမြင်၌ ယုတ္တိရှိတဲ့ဒဏ္ဍာရီနှင့် ယုတ္တိကင်းမဲ့တဲ့ ဒဏ္ဍာရီဟူ၍ နှစ်မျိုးခြားနားလျက် တည်ရှိသည်။

သို့ရာတွင် ပညာရှင် လူသား၏ ကြီးမားသော တာဝန်ကား ယုတ္တိရှိသည်ဖြစ်စေ (ဝါ) မရှိသည်ဖြစ်စေ ဒဏ္ဍာရီကို ဒဏ္ဍာရီဟု အသိအမှတ် ပြုထားရန်သာဖြစ်သည်။ ဒဏ္ဍာရီကို တကယ့်-အစစ်အမှန် အဖြစ်အပျက် တွေဘဲဟု အသဲစွဲယုံကြည်ခြင်းသည် သာလျှင် လူသား၏ ဘဝ၏ ဘဝတိုးတက်ရေး အနှောက်အယှက်ကို ပေးစွမ်းနိုင်လေသည်။

အမြင်မှန်ဆိုတဲ့ ဗုဒ္ဓရဲ့သမ္မာဒိဋ္ဌိမဂ္ဂင်ကို ကပျက်ယပျက်လုပ်နိုင်လေသည်။

အမှားကို အမှားတိုင်းတိုင်း၊ အမှန်ကို အမှန်အတိုင်းတိုင်း မြင်မှုနှစ်ရပ်လုံးပင် အမြင်မှန်၌ သိမ်းကြုံးရေတွက် အပ်သောကြောင့် ဖြစ်သတည်း။

ဤသို့အားဖြင့် လူသားတယောက်၏ ယခုပစ္စုပ္ပန် ဘဝဖြစ်စဉ်ကို လေ့လာ သုံးသပ်ခဲ့လျှင် လူသားသည် အမှား တွေနှင့် သူ၏ဘဝခရီး စခဲ့ပုံကို ထင်ထင်ရှားရှား ပြတ်သားစွာတွေ့မြင်နိုင်သည်။

ဟိုအမှား တို့ကား ပညတ် တရားတွေ ဖြစ်ခြင်း ကြောင့် ပညတ်တွေမှန်း ဝါ)အမည် နာမတွေမှန်း သိပြီး အသုံးပြု ဘို့လိုသည်၊ အသိနှင့်သုံးလျှင် အဆုံးမထင်သော အကျိုးကိုပင် ရရှိနိုင်သည်။

ရုပ်ခြင်းတွင် ချည်တပ်ထားသော နာမပညတ် တွေကိုအကုန် ဖြုတ်ပြီး အကုန်လွှတ်ပစ်ဘို့ ဆိုလိုရင်း မဟုတ်ကြောင်း အမြင် မှန်ဘို့လိုသည်။

ကျွန်ုပ်တို့၏ လူပေါက်စသည် အထက်၌ဆိုခဲ့တဲ့အတိုင်း အ မှားနှင့်စခဲ့သော မိမိ၏ဘဝကို အမှားတွေနှင့်ပင် ဆက်ခါထပ်ခါ တံဆာဆင်ခဲ့ ပြန်လေသည်။

အမှားတွေကို ကြားရဖန်များခြင်း၊ အမှားတွေကို မြင်ရ တွေ့ရဖန်များခြင်းတို့ကြောင့် လူသား၏ အတွင်းအပ နှစ်ဌာန စလုံးတို့၌ ထုထဲကြီးကျယ်သော အမှောင်ကြီး ကျရောက်၍နေခဲ့ လေပြီ။

ထိုမျှ-အမှား ဒုဒယ်ကြီးကျယ် ခိုင်မာ မှုကြောင့်အမှန်တရား ပေါ်ပေါက်ဘို့ပင် အင်မတန်ကြီးလေး ခက်ခဲသော အသွင်ကို ဆောင်လျက် နေချေသည်။

လူပေါက်စကား၊ အမှားကိုသင်၊ အလွဲကိုကြား၊ အမှား ကိုမြင်၊ အမှားမှောင်ကြီး၊ ပိတ်ဆီး၊ တွင်းပြင်၊ မှန်တော်ခရီး ကြီးလေးအခက်ပင်။

ယခုသော်- အို လူသား သင်ဘာမှား နေသလဲ? ဟူသော၊ အမေးပုစ္ဆာအရ လူသား၏ အမှားစာရင်းကို နှုတ်၍ပြရန် လို လာချေပြီ။

၁။ လူသားသည် အမှာခံရုပ်ဒြပ်တွင် တပ်ဆင်ထားသော နာမပညတ်ကို ရုပ်ဒြပ်နှင့် တကွဲတပြား ခြားနား၍မမြင်ဘဲ တွဲပြီးငါတပ်နေသော အမှား။

၂။ ရုပ်ဒြပ် အထယ်ကို မုချမရှိဘဲနှင့် စိတ်ကူး ဒြပ်တွင်တပ်ဆင်ထားတဲ့ နာမပညတ်ကို-စွဲသော အမှားဟုဆိုအပ်တဲ့ အမှားနှစ်မျိုးကို ထပ်တုံတလဲလဲ ဇွဲနဘဲနှင့်အမှား စက်လည်၍ နေကြောင်းကို တွေ့ရသည်။

၎င်းအမှားနှစ်ရပ်တို့တွင် ဒုတိယ အမှားသည် အလွန်ကြီးလေးသည် ၎င်းကို အရေးတကြီး ရေစုံ– တက်ပြင်း၊ အတင်းတိုက်ဖျက်ဖို့လိုသည်။

အဘယ်ကြောင့်နည်း ?

၎င်းတွင် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတဲ့ ဉပါဒါန် သုံးရပ် အကြုံးဝင် အတွင်းငုတ်လျက်ရှိသည်။

သို့ဖြစ်ရာ ၎င်းဒုတိယ အမှားသည် လူသား၏ လောကဆိုင်ရာ ကြီးပွား တိုးတက်ရေးနှင့် လောကုတ္တရာ ဆိုင်ရာ ဘဝလွတ်မြောက်ရေးတို့ အတွက် အလွန် လေးနက်သော အဖျက်ဒုံးပျံဖြစ်သည်။

ဆိုသင့်စွာ။ ယနေ့မြန်မာနိုင်ငံ၌ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အောင်မြင်ရန် ကြိုးပမ်းနေသူ မျိုးချစ် အများ တို့သည် အကောင်အထည် ဒြပ်မရှိဘဲ အမည်တပ်ထားတဲ့ ဦးရှင်ကြီးတို့၊ မြင်းဖြူရှင်တို့၊ မင်းကြီးတို့- မင်းကလေးတို့ စတဲ့အမြင် အတွင်း ၃၇-မင်းတို့ကိုသာ အားကိုးနေကြလျှင် သီပေါမင်း ပါတော်မူတာထက် ဆိုးဝါးသော အခြေအနေနှင့် ရင်ဆိုင်ရမည် အမှန်ပင်။

ထို့ကြောင့် ဗမာနိုင်ငံ၏ လောကီ-လောကုတ် အဟုတ်တိုး တက်ရေးကို လိုလားသူတိုင်း အဝိဇ္ဇမာန ပညတ်စွဲတွေကို အပြင်း အတန် တိုက်ပွဲဆင်ရန် အချိန်တန်ခဲ့လေပြီ။

မြန်မာလူမျိုးတို့ရဲ့ အဝိဇ္ဇမာန ပညတ်စွဲတွေကို ဖြိုခွဲချေမှုန်း နိုင်သော ပုဂ္ဂိုလ်သည် လောကုတ္တရာ မျက်စိနှင့် ကြည့်လျှင် မြန်မာလူသိုက်ကြီး တရပ်လုံးကို လောကုတ္တရာ နယ်အတွင်းသို့ တင် သွင်း၍ ပေးလိုက်သူ သာသနာ့ ဒါယကာဘွဲ့ကို ခံယူနိုင်ပေလိမ့် မည်။

အဝိဇ္ဇမာန ပညတ်စွဲ ဆိုတဲ့ သီလဗ္ဗတ ပါဒါန် ပြုတ်လျှင် သောတာပန် အဆင့်ရောက်ပြီဟု ဆိုသည်မဟုတ်တုံလော။

တဖန် ထင်ရှားရှိသော ရုပ်ပစ္စည်းကို ရွှေ-ငွေ-စိန်-လယ်ယာ-ကျွဲ-နွား-ဆန်-စပါး-ပြောင်း-ပဲ-နှမ်း စသည့် အမည်နာမအသီး သီး တပ်ဆင်ပြီး အဲဒီ-အမည် နာမနှင့်တကွ ၎င်းက ကိုယ်စား ပြုသော ရုပ်ဒြပ် ပစ္စည်းကို စွဲစွဲလမ်းလမ်း ငါတပ်နေမှုကို မြှုတ် လိုက်နိုင်လျှင် (ဝါ) ယနေ့ မြန်မာလူသားတိုင်းက ငါ့လယ်၊ငါ့ မြေစတဲ့ စကားလုံးတို့မှ (ငါ့) ဆိုတဲ့ စာလုံးကလေးကို ဖျက်ပစ် နိုင်လျှင် ယနေ့ မြန်မာလူမျိုးအများ ကြိုးစား၊ မင်းစား ခါး တောင်း တကျားကျားနှင့် အားတိုက်ခွန်ပါ တည်ဆောက်နေ ကြတဲ့ မြန်မာဆိုရှယ်လစ်ဗိမာန်ကြီးသည် ခဏမဆိုင်း ဗျုံးဗိုင်း မကြာ ထယ်ဝါသော ကြက်သရေ မင်္ဂလာ အပေါင်းခြံရံလျက် အရှေ့က နေဝန်းထွက်သလို ပေါ်တက်၍ လာပေလိမ့်မည်။

အို-လူသား-

မျက်စိကို စုံပိတ်ပြီး အဘယ်ကြောင့် အအိပ်ကြူးနေရပါ သနည်း?


အနန္တနေဝန်းနှင့် ဆိုရှယ်လစ်နေဝန်းအစုံဘို့ တက်ထွန်းထွက်ပြူးလျက် နေချေပြီ။

အို-လူသား ထလော့-

မျက်စိကို စုံဖွင့်ပြီး အသင့်အမှားတွေကို ကြည့်လော့။

အချိန်မှီ တိုက်ဖျက်၍ ပြင်လော့။

အနန္တ ပန်းတိုင်းနှင့် ဆိုရှယ်လစ် ပန်းတိုင် အရောက် တထောက်မနား ယောက်ျားဘို့ စွမ်းပကားဖြင့် မားမားကြီး ချီတက်ပါလေလော့။



နတ်မှီတောရ

၃-၁၁-၆၂

# ပဋိစ္စသမုပ္ပါဒ်

မမ္မစကြာ တရားတော့ တခမ်းတနား ဟောကြားလို့ ပြီးသွားပြီ။

ဓမ္မစကြာဆိုတာ သစ္စာ လေးပါးဘဲ၊ အဲဒီသစ္စာ လေးပါးတရားဆိုတာ နားလည်ရန် ခေါ်ရင်း၊ ကျင့်သုံးရန် ခေါ်ရင်း လွယ်တဲ့တရား မဟုတ်ဘူးတဲ့။

ဗုဒ္ဓဘာသာဆိုင်ရာမှာ အခက်တရားလေးပါးရှိတယ်လို့ အဋ္ဌကထာဆရာကြီး ရှင်မဟာဗုဒ္ဓဃောသ ကိုယ်တိုင်က သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ မိန့်ဆိုခဲ့ပါတယ်။

သစ္စံ သတ္တော ပဋိသန္ဓိ။
ပစ္စယာကာရ မေဝစ၊
ဒုဒ္ဒသာ စတုရော ဓမ္မာ။
ဒေသေတုံစ သုဒုက္ကရာ။

သစ္စံ၊ သစ္စာလေးပါး တရားရင်း။ သတ္တော၊ သတ္တဝါ၏ ဖြစ်စဉ်ရင်း။ ပဋိသန္ဓိ၊ ပဋိသန္ဓေတည်နေပုံ အခြင်းအရာရင်း။ ပစ္စယာကာရမေဝစ၊ ပဋိစ္စသမုပ္ပါဒ် တရားရင်း၊ ဣတိ၊ ဤသို့ စတုရောဓမ္မာ၊ ဤတရားလေးပါးတို့သည်၊ ဒုဒ္ဒသာ၊ သိမြင်နိုင်ခဲ ကုန်၏။ ဒေသေတုံစ၊ သူတပါး တို့အား နားလည် အောင် ဟောကြားခြင်းငှါလည်း။ သုဒုက္ကရာ၊ ပြုလွန်ခဲယဉ်းကုန်၏။

အဲဒီတော့ သစ္စာလေးပါးရယ်၊ သတ္တဝါရယ်၊ ပဋိသန္ဓေရယ်၊ ပဋိစ္စသမုပ္ပါဒ်ရယ်၊ အဲဒီတရားလေးပါးလုံးဟာ အင်မတန်ခက်တဲ့

တရားတွေ ဖြစ်တဲ့အဘွက် မိမိကိုယ်တိုင် အသိဉာဏ် ပေါက်ပြီး အမြင်မှန် ရောက်ဘို့ရန် မလွယ်တဲ့တရားတွေဖြစ်တယ်။

ပြီးတော့သူတပါးကို သဘောပေါက်သွားအောင် ဟောဘို့ ပြောဘို့ဆိုတာလဲ အခက်ဘဲဖြစ်တယ်။

အဲဒီတော့တကာကြီးဦးဘမောင်တို့ဒေးဒရဲကသစ္စာလေးပါး တရား ဟောကြားပါလို့ လျှောက်ထားတာနဲ့ ဟောခဲ့ဒါ ပဌမ တခက်တော့ ကျော်လွန်သွားပြီ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါ-ကျော်လွန် သွားပါပြီဘုရား။

ဟော အခုတဖန် နောက်တခက် ဆက်ဟောပါ အုန်းဦး လာနေပြန်တယ် မဟုတ်လား။

မှန်ပါဘုရား။

ပစ္စယာကာရဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဟောပြပါအုန်းဆိုတော့ ဒီပဋိစ္စသမုဒ်ကလဲ အခက်ဘဲ မဟုတ်လား။

အမှန်မှာတော့ ဒီပဋိစ္စသမုပ္ပါဒ်ဟာအခက်တကာ့အခက်ဆုံး တရားဘဲဖြစ်တယ်။

အဲဒါကြောင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာမှာ ပဋိစ္စ သမုပ္ပါဒ် ဝိဘင်းကိုဖွင့်ခါနီး၌ အဋ္ဌကထာဆရာကြီး ကိုယ်တိုင် ဟီးချပြီး ညည်းခဲ့ရတယ်မဟုတ်လား။

ဝတ္တုကာမော အဟံ အဇ္ဇ၊
ပစ္စယာကာရ ဝဏ္ဏနံ၊
ပတိဋ္ဌံ နာဓိဂစ္ဆာမိ။
အဇ္ဈောဂါဠှော သာဂရံ။

အဇ္ဇ၊ ယခု။ ပစ္စယာကာရ ဝဏ္ဏနံ၊ ပဋိစ္စသမုပ္ပါဒ်ရဲ့အဖွင့်ကို။ ဝတ္တုကာမော၊ ရေးသားဖွင့်ဆိုခြင်းအလိုရှိသော။ အဟံ၊ ငါသည်။

သာဂရံ၊ ပင်လယ်သမုဒ္ဒ အတွင်းသို့။ အဇ္ဈောဂါဠှော၊ ကျရောက်သူကဲ့သို့။ ပတိဋ္ဌံ၊ ထောက်ရာတည်ရာကို။ နာဓိဂစ္ဆာမိ၊ မရနိုင်တော့ချေတကား။

အဲဒါလို ပဋိစ္စသမုပ္ပါဒ် ဝိဘင်းကို ဖွင့်ဆိုခါနီးမှာ အဌကထာဆရာကြီး ညည်းညူအောင် ခက်တဲ့တရားဘဲ။

ဒါပေမယ်လို့ အဌကထာ ဆရာ၊ ဋီကာဆရာစတဲ့ ရှေးကဆရာ့ဆရာကြီးများရဲ့ ဖွင့်ဆိုသွားကြတဲ့ လမ်းကြောင်းကြီးက ထင်ထင်ရှားရှား ရှိနေလေတော့ ဦးပဥ္စင်းတို့အတွက် အခက်တွေ အတော်ခလျော့သွားခဲ့ပါပြီ။

ရှေးဆရာကြီးများရဲ့ ခြေရာခံပြီး လိုက်ရုံရှိတော့ တာကိုး၊ ခက်ပါသုန်းမလား (ဦးဘမောင်)။

အလွန်ကြီးလဲ ခက်မယ်မဟုတ်တော့ပါဘုရား။

အဲ—ပစ္စယာကာရဒေသနာဟာ အလွန်မတန် ခက်ခဲတယ်၊ အလွန်မတန် နက်နဲတယ်လို့ ဘုရားရှင်ကိုယ်တိုင်က ရှင်အာနန္ဒာအား ဟောကြားတဲ့ နေရာတွေရှိတယ်။

ဒီလောက် ခက်ခဲ နက်နဲတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာ ဆိုဒါဟာ ဘုရားရှင်ကိုယ်တိုင်ဗောဓိသတ္တာဟာဖြစ်တဲ့ ပထမဆုံးဗောဓိပင်ခြေရင်းမှာ သတင်းသုံးစဉ်အခါတုန်းက-

"အဝိဇ္ဇာပစ္စယာ-လ-ဟောတိ"

လို့ အပြန်ပြန်အလှန်လှန် အနုလုံ၊ ပဋိလုံ ကုန်စင်အောင် စဉ်းစားဝေဘန်ခဲ့တယ်၊ တွေးတောဆင်ခြင်ခဲ့တယ်။

ဒီတော့ အဲဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးဟာ သဗ္ဗညုတဉာဏ်ရလို့ ဘုရားအဖြစ်သို့ရောက်ပြီးနောက် ပထမဆုံးရှေးဦးစွာ ပေါ်ပေါက်လာတဲ့ ဓမ္မအစဉ်ဘဲ။

ဒေသနာကျွမှာဘဲ မဟုတ်သလား။

ဒီဒေသနာကို ယခုခေတ် ရောက်တော့ ဗုဒ္ဓဘာသာ ဗမာလူမျိုးကတင်မကဘူး၊ လူမျိုးအသီးသီးတို့ကလဲ သူတို့ဘာသာ စာပေနဲ့ ဘာသာတို့ ဘာသာပြန်လာ ကြတယ်၊ ဒီတော့ ပြန်ဆို ပုံတွေအမျိုးမျိုး၊ ကောက်ယူပုံတွေ အမျိုးမျိုးဖြစ်လာတယ်။

သို့သော် ဦးဘမောင်-

"ဝေမေတသာ ကောဝလသာ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုတဲ့ နောက်ဆုံးစကားလေး ကို သွားပြီးတော့ ကြည့်ရမယ်။

ဧဝံ ဤသို့။ ကေဝလဿ၊ ချမ်းသာခစွက် အပြည့်အနက်ဖြစ်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ယိုဒုက္ခတုံး ဆင်းရဲခဲကြီး၏၊ သမုဒယော၊ ဖြစ်ကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

အဲဒီနေရာမှာ ချမ်းသာသုခ မဖက် ဆင်းရဲသက်သက်ဖြစ်သော ဒုက္ခတုံး၊ ဒုက္ခခဲကြီးဆိုတာ ဘာကိုဆိုလိုသလဲ၊ ဒိဋ္ဌိခန္ဓာကိုယ်ကြီးကိုဘဲ ဆိုပါတယ်တဲ့။

အဲဒီတော့ ဒိဋ္ဌိခန္ဓာကိုယ်နဲ့ ပတ်သက်ပြီးတော့လိုက်ကြရမယ်၊ ကြည့်ရှုကြရမယ်။

အချို့သော အနောက်တိုင်းသား ဗုဒ္ဓဘာသာဝင် များကတော့ အဲဒီ စာပိုဒ်ကလေးအရ ခန္ဓာကိုယ်ကို မကောက်ဘဲနဲ့ သတ္တလောကကြီး တခုလုံးကို ကောက်ပါတဲ့။

သူတို့ကလဲ ဗုဒ္ဓဘာသာဘဲ့ ဆိုတော့ အဲသလို တင်ပြကြပြန်တယ်။

အဲဒီတော့ ဦးပဉ္စင်းတို့ဆီမှာ ကောက်တာနဲ့ မတူလို့ သူတို့ကောက်တာကို လွဲမှားတယ်လို့ ဆိုနိုင်မလား။

ဦးပဥ္ဇင်းတို့ဆီမှာ အများအားဖြင့် ကောက်ကြတဲ့ အတိုင်း ရော သူတို့ အနောက်တိုင်းသားတို့ ကောက်ကြတာပါ မလွဲနိုင် ပါဘူး။

ဘာပြုလို့လဲဆိုတော့ ခန္ဓာကိုယ် တခုထဲဘဲ ဖြစ်ဖြစ်၊ သတ္တလောကကြီး တခုလုံးဘဲဖြစ်ဖြစ် စင်စစ်မှာတော့ ဒုက္ခတုံး၊ ဒုက္ခခဲ အစစ်ဖြစ်သောကြောင့်ပါဘဲ။

## အဝိဇ္ဇာပထမနိဒါန

အစအဆုံးဖြစ်တဲ့—

အဝိဇ္ဇာပစ္စယာ သင်္ခါရာ-အဝိဇ္ဇာ ဘည်းဟူသောအကြောင်း ကြောင့် သင်္ခါရ ဖြစ်တယ်ဆိုရာမှာ အဝိဇ္ဇာဆိုဒါဘာလဲ?

အဝိဇ္ဇာဆိုတာ မသိမှုဘဲ။

အဲဒီတော့ သတ္တဝါတခုဘခုရဲ့ ဖြစ်စဉ်ကလေးကို ယနေ့ည ဟောမယ်၊ အရင်တခါ ဦးဘမောင်တို့ ဒေးဒရဲမှာ ကပ္ပါကြီးရဲ့ ဖြစ်စဉ်ကို ဟောဘူးပြီ၊ ဦးဘမောင်မှတ်မိရဲ့လား။

ဦးဘမောင်။ သတိရပါသေးတယ် ဘုရား။

အဲဒီမှာ မသိမှုဆိုတော့ကာ ဘာဖြစ်လာသလဲ?

မသိမှုဆိုတာ တရားကိုယ်အားဖြင့် မောဟဘဲ။

မောဟဆိုတာကလဲ အဝိဇ္ဇာဘဲ။

အဝိဇ္ဇာဆိုတာ ကောင်းတာလဲ မသိဘူး၊ ဆိုးတာလဲ မသိ ဘူး။

ဒီနေရာမှာ အဝိဇ္ဇာဆိုတဲ့ မမွှသဘာဝ သက်သက်ကို ယူမ လား(သို့မဟုတ်)ထိုအဝိဇ္ဇာရဲ့ မှီရာဖြစ်တဲ့ သတ္တဝါကိုကောက် မလား၊ အဲဒါကွဲပြားဘို့လိုတယ်။

အဝိဇ္ဇာဆိုတဲ့ တရားသက်သက်ကြောင့် ဒီဘက်က ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုး (သို့မဟုတ်) ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဆိုတဲ့ သင်္ခါရတွေဟာ အဝိဇ္ဇာဆိုတဲ့ မောဟတရား သက်သက်ကြောင့် ဖြစ်လာတယ်လို့ ဆိုနိုင်ပါ့မလား။

အဝိဇ္ဇာဆိုတဲ့ မောဟတရားက မေ့သဘာဝအားဖြင့်ကြည့်ရင် သူ့မှာ ပုဂ္ဂလဓိဋ္ဌာန် ဘာမှ မရှိဘူး၊ အဲဒါလို ပုည၊ အပုညစတဲ့ သင်္ခါရတွေကို ပြုလုပ်နိုင်တာ ကတော့ သတ္တဝါကမှ လုပ်နိုင်တယ်။

ဦးဘမောင်။ ။မှန်လှပါဘုရား။

ဒီလို သတ္တဝါက ပြုလုပ်နိုင်တော့ကာ သတ္တအသီးသီး၌ကပ်ရောက် မှီတွယ်နေသော အဝိဇ္ဇာမောဟ ဆိုသဖြင့်အဝိဇ္ဇာမောဟ ဖိစီး၍နေသော သတ္တဝါလို့ ဆိုတဲ့အခါ ကျတော့မှ ပုညာဘိသင်္ခါရ စသည်တို့နဲ့ ကိုက်သွားမယ် မဟုတ်လား။

ဦးဘမောင်။ ကိုက်သွားပါလိမ့်မယ်ဘုရား။

အဲဒီတော့- ဒကာကြီး ဦးဘမောင် ကုသိုလ်လုပ်မိတာ ဘာကြောင့်လဲ၊ အကုသိုလ်လုပ်မိတာကော ဘာကြောင့်လဲ-စသည်ဖြင့် မေးတဲ့အခါကျတော့ အဝိဇ္ဇာကြောင့်လို့ ဖြေတယ်မဟုတ်လား။

မှန်ပါဘုရား....။

အဝိဇ္ဇာဆိုတာဘာလဲ- မသိတာ၊ အဲဒါရှေ့နားကပြောခဲ့ပြီ၊ မသိဆိုတာ ဘာမသိတာလဲ?

ပုညဆိုတဲ့ ကုသိုလ် ကောင်းမှု လုပ်လိုက်ရင် အဲဒီ ကုသိုလ်ကောင်းမှု အကျိုးကို ခံစားရလိမ့်မည်။

အကုသိုလ် လုပ်လိုက်ရင် အဲဒီအကုသိုလ်၏ အကျိုးဖြစ်တဲ့ မကောင်းသော ဒုက္ခတွေကို ခံရလိမ့်မယ်ဆိုဒါကို မသိဘူး၊ မသိတော့ ပုညာ၊ အပုညာ စတဲ့ သင်္ခါရတွေကို လုပ်တော့တာဘဲ။

အဲဒီတော့ ဘဝသံသရာလယ်ပုံကလေးကို ဥပမာ ဆောင်ပြီး ဟောရအုန်းမယ်၊ ဒီတော့ ပုညာ၊ အပုညာ စတဲ့ သင်္ခါရတွေ သေသေချာချာ သဘောပေါက်သွားမယ်။

ဥပမာ- အဲဟိုဖက်က ဒေးဒရဲမြစ်ထဲမှာ လူနှစ်ယောက်မျောပါသွားတယ် စကားပမာ ထားကြပါစို့။

လူတယောက်က အင်္ကျီအဝတ်အစား အစုံနဲ့ ပျဉ်ပြားကလေးတချပ်ကို ကိုင်တွယ်ပြီး မျောနေတယ်၊အခြားလူတယောက်ကတော့ ကိုယ်ကြီးတုံးလုံးနဲ့ ဘာအကိုင် အတွယ်မှမရှိဘဲ၊မပါဘဲ မျောနေတယ်။

ကမ်းပေါ်က ထိုင်ကြည့်နေတဲ့ လူအတွက် ပျဉ်ပြားကလေးနဲ့ မျောတဲ့လူရယ်၊ ပျဉ်ပြားမပါဘဲ ကိုယ်ဖေါ့ပြီး မျောနေတဲ့လူရယ်၊ ထူးရဲ့လား။

မထူးပါဘူးရှား....။

အဲမထူးဘူး၊ သူတို့နှစ်ယောက်လုံးပင် ပင်လယ်ဘက် မျောနေဒါဘဲ၊ အဲဒီတော့- ပျဉ်ပြားကလေးနဲ့ မျောနေတဲ့ လူလဲ အဆုံးမှာ သမုဒ္ဒရာထဲ ရောက်မှာဘဲ၊ ရောက်ရင် ဘာဖြစ်မလဲ သေမှာဘဲ၊ ဒီဘက်က လူလုံးချည့် မျောနေတဲ့လူကော သမုဒ္ဒရာထဲရောက်ရင် မုချသေမှာဘဲ။

အဲဒီ ဥပမာ အတိုင်းဘဲ၊ သံသရာဝဋ် တွင်းက မလွတ်ကင်းမထွက်မြောက်သမျှ ကာလပတ်လုံး ပုညရော၊အပုညပါ ပရမတ္ထသဘာဝနဲ့ ကြည့်လိုက်ရင် ဒုက္ခဘဲ မဟုတ်လား။

ဟုတ်ပါတယ်ဘုရား-။

ဒီဒုက္ခဆင်းရဲကို ခံလိုက်တဲ့ အခါကျတော့၊ ပုညဆိုတာက ကြိုက်စရာဒုက္ခ၊ နှစ်သက်စရာဒုက္ခကို ဖြစ်စေတတ်တယ်။

အပုညကပေးတဲ့ဒုက္ခကတော့ မကြိုက်စရာ၊ မနှစ်သက်စရာ၊ ငြီးငွေ့စရာ၊ မုန်းစရာဒုက္ခဘဲ၊ ဒါလောက်ဘဲကွဲပြားတယ်ဦး ဘမောင်။

ရေစုန်မျောနေတဲ့လူချင်း ဘာမှသိပ်ပြီး မထူးခြားလှဘူး။ ဒီတော့ အဝိဇ္ဇာဟာ ပဋိစ္စသမုပ္ပါဒ် ကွင်းဆက် တို့တွင် ပထမ ကွင်းဆက်ဖြစ်တယ်၊ ဘဝစက်ဘီးကြီးရဲ့ ပထမ ဒေါက်တကူ အနီးမှာကပ်ပြီးတော့ အဝိဇ္ဇာကိုတွေ့ရမယ်။

ဦးပဥ္စင်းတို့ ဂျပန်နိုင်ငံမှာရှိတဲ့ အဂျန္တာလိုဏ်ဂူ အတွင်းမှာ အဲသောက မင်းတရားတို့ရဲ့ ခေတ်လောက်က ရေးဆွဲခဲ့တဲ့ပန်းချီ အေးရေးပုံတွေရှိတယ်။

အဲဒီအထဲမှာ ပဋိစ္စသမုပ္ပါဒ် သရုပ်ဖေါ်ပန်းချီ ကားတွေကို တွေ့ခဲ့ရတယ်၊ အဲဒီမှာ အဝိဇ္ဇာကိုမောင်းတဲ့လူက ဆွဲသွားရတဲ့ ကုလားအုပ်ကဏ်းရဲ့ပုံနှင့် ဖေါ်ပြထားတယ်။

ထို့ပြင်တိဗက်မြည်က ရေးဆွဲကြတဲ့ပုံမှာတော့ တောင်ဝှေး တချောင်းနဲ့ လမ်းကို စမ်းသွားပြီး နေတဲ့ လူကန်းရဲ့ ပုံနှင့် အဝိဇ္ဇာကို သရုပ်ဖေါ်ခဲ့တယ်၊ ဂျပန်လုပ် ကားများ မှာတော့ ဘီလူးရဲ့ပုံနှင့် အဝိဇ္ဇာကိုပုံထုတ်ခဲ့ ကြတယ်။

## သင်္ခါရ ဒုတိယနိဒါန

မောဟဆိုတဲ့ မသိမှုအဝိဇ္ဇာကြောင့်သင်္ခါရဆိုတဲ့ပုံထုတ်မှုတွေ ဖြစ်လာရတယ်။

ဒီတော့ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုး တရား ဖြစ်လာတယ်။

အဲဒီမှာ–ရှေ့အဆင့်သို့တက်ချင်တော့ သင်္ခါရကိုတဖန်ပြန်ပြီး အကြောင်းခံပြန်တယ်။

သင်္ခါရဆိုတဲ့ ပုံထုတ်မှုဟာလဲ ကာယသင်္ခါရ(ဝါ) ကိုယ်ဖြင့် ပုံထုတ်မှု၊ ဝစီသင်္ခါရ (ဝါ)နှုတ်ဖြင့် ပုံထုတ်မှု၊ မနောသင်္ခါရ (ဝါ)စိတ်ဖြင့် ပုံထုတ်မှုဟူ၍ သုံးမျိုးသုံးစား ကွဲပြား လာပြန်တယ်။

အင်္ဂလန်ဂူပုံ မှာတော့ ဒီသင်္ခါရတွေကို အိုးချွေး ဝိုင်းရံလျက်၊ အိုးထိန်းစက်မှာ အလုပ်လုပ်နေတဲ့ အိုးလုပ်သမားနှင့်သရုပ်ဖော်ခဲ့တယ်။

နောက်ပိုင်းကျတဲ့တိဗက်ပုံမှာတော့ အိုးထိန်းစက်နှင့်အိုးဘွေကိုဘဲ တွေ့ရတယ်၊ အိုးလုပ်တဲ့လူမပါဘူး။

ဒါ့ထက်နောက်ကျတဲ့ ဂျပန် ပဋိစ္စသမုပ္ပါဒ် ကားမှာတော့ အိုးထိန်းစက် တခုတည်းဖြင့် ပုံဖော်ထားတယ်။

အဲဒီပုံများကိုကြည့်ဒါနဲ့ဘဲ၊ သင်္ခါရရဲ့လုပ်ငန်းကို သဘောပေါက်လောက်ပါတယ်။

ကာယသင်္ခါရဆိုတာ ကိုယ်ဖြင့် ပြုလုပ်ရသော၊ ကိုယ်ကာယဖြင့် ပုံဖော်ရတဲ့ လုပ်ငန်းစဉ်တွေဘဲဖြစ်တယ်။

ပါဏာတိပါတ–သူ့အသက် သတ်ခြင်း။

အဒိန္နာဒါန–ဆိုဘဲ့ သူခကြည်ဖြူမပေးလှူတဲ့ သူတပါးပစ္စည်းကို ခိုးယူခြင်း။

ကာမေသုမိစ္ဆာစာရ-ကာမဂါးမျိုးတို့၌ မှားမှား ယွင်းယွင်း ဖေါက်ဖေါက်ပြန်ပြန် ကျင့်ကြံခြင်းတို့ဟာ ကိုယ်ကာယဖြင့် ကြူးလွန်ရတဲ့အပြစ်တွေဘဲ၊ မကောင်းမှုတွေဘဲ၊ မကောင်း သင်္ခါရတွေဘဲ၊ဆိုးဝါးသောမကောင်းသောပုံထုတ်မှုတွေဘဲ၊

ထို့ပြင် ကိုယ်ကာယဖြင့် ပြုလုပ်လို့ရတဲ့ ကောင်းမှု ကောင်း တာတွေ ရှိတယ်မဟုတ်လား။

ဦးဘမောင်။ ။ရှိပါတယ်ဘုရား-။

ပြီးတော့-ဝစီသင်္ခါရဆိုတာကနှုတ်ဖြင့်၊ ပါးစပ်ဖြင့် ပြောလို့၊ ဆိုလို့၊ ရွတ်လို့၊ ဖတ်လို့ရတဲ့ ပုံထုတ်မှုတွေကို ဆိုလိုတယ်။

ဒီနေရာမှာလဲ ကောင်းမြတ်တဲ့ ဝစီကံ၊ ဆိုးဝါးတဲ့ ဝစီကံ လို့ဘဲ နှစ်မျိုးရှိပြန်တယ်။

ကောင်းမြတ်တဲ့ ဝစီကံဖြင့် ပုံထုတ်လိုက်သော စကားလုံး များဟာ သာယာနာပျော်ဘွယ်ရှိတယ်။

ဆိုးဝါးတဲ့ဝစီကံဖြင့် ထုတ်လုပ်လိုက်တဲ့ ဟာတွေ ကျတော့ အကြားပြင်းကပ်စရာလို့ ဆိုကြတယ်။

အဲဒီ ဝစီကံနေရာမှာလဲ—

မုသာဝါဒ-မမှန်သောစကား ပြောကြားခြင်း။

ပိသုဏာဝါစာ-ကုံးချောစကား ပြောဆိုခြင်း။

ဖရုသဝါစာ-ကြမ်းကြမ်းတမ်းတမ်း အရမ်းပြောဆိုခြင်း။

သမ္ဖပ္ပလာပဝါစာ - သိမ်ဖျင်းသော စကားကို ဆိုခြင်းဟူ၍ မကောင်းတဲ့ ဝစီကံလေးမျိုးရှိတယ်။

ကောင်းတဲ့ဖက်ကြည့်လိုက်ပြန်တော့ မှန်သော၊ ဟုတ်သော၊ ငြင်းစရာမလိုသော၊ ယဉ်ကျေးသော၊နားဝင်ချိုသောစသည်ဖြင့် ကောင်းတဲ့ဝစီသင်္ခါရတွေကို တွေ့ရတယ်။

ပုပ်သိုးသော မနောကံဖြင့် ထုတ်လုပ်တဲ့ အခါ ကျတော့ အဘိဇ္ဈာတို့၊ ဗျာပါဒတို့၊ မိစ္ဆာဒိဋ္ဌိတို့ ဆိုတဲ့ အကြည့် တန်တဲ့ မနောကံရုပ်လုံးတွေ ပေါ်မလာဘူးလား။

ပေါ်လာပါတယ်ဘုရား။

အဲဒီလိုပြုလုပ်တဲ့ကောင်း၊ မကောင်း ကာယသင်္ခါရ၊ ကောင်း မကောင်း ဝစီသင်္ခါရ၊ ကောင်းမကောင်း မနောသင်္ခါရတွေဟာ တဖန်ပြန်ပြီး အကြောင်းပစ္စယတွေ ဖြစ်လာကြပြန်တယ်။

အဝိဇ္ဇာနှင့် ယှဉ်စပ်တဲ့အခါတုန်းက သူဟာအကျိုး တရား ဖြစ်ခဲ့တယ်။

အဲဒီ အကျိုးဟာ အကြောင်းပြန် ဖြစ်မှ ရှေ့ကိုဆက်လို့ ရတယ်။ ရှေ့ကိုဘယ်လိုဆက်သလဲဆိုတော့-

**သင်္ခါရပစ္စယာ ဝိညာဏံတဲ့။**

ပုံထုတ်မှုသင်္ခါရတွေကြောင့် ဝိညာဏ်ပေါ်ရတယ်ဆို မဟုတ် လား။

ဦးဘမောင်။ ။မှန်လှကြောင်းပါဘုရား။

## ဝိညာဏ် တကိုယ်နှိုက်

သုံးခုမြောက် နိဒါန်ဖြစ်တဲ့ ဝိညာဏ်ဆိုတာဘာလဲ။

ဝိညာဏ်ဆိုတာသိမှုဘဲ၊ အဲဒီဝိညာဏ်ကို အင်္ဂလိပ်ဘာသာ ကမ္ဘာ့ပုံမှာရော၊ ဂျပန်ပဋိစ္စ သမုပ္ပါဒ်စက်ရဟတ် ပုံမှာပါ မျောက်က လေးဖြင့် သင်္ကေတ ဖော်ထားတယ်။ တိဗက်ပြည်ရှိ အလားတူပုံ မှာတော့ သစ်ပင်ကို တက်နေတဲ့ မျောက်ရုပ်နှင့် ဖွင့်ဆိုခဲ့တယ်။

ကာယ၊ ဝစီ၊ မနောသင်္ခါရတို့ကြောင့် ဝိညာဏ်ဖြစ်ပေါ်လာ တယ်ဆိုရာ၌-

ဝိညာဏ်ကလဲ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိ ညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ဟူ၍ ခြောက်မျိုးသာ ရှိခြင်းကြောင့် ဒီဝိညာဏ်က ဘာလဲ။ ဘာဝိ ညာဏ်လဲ ?

အာစရိယဝါဒအရ ဒီဝိညာဏ်ကို ပဋိသန္ဓေ ဝိညာဏ်လို့ အစဉ်အလာ မှတ်ယူခဲ့ကြတယ်။

ပဋိသန္ဓေဝိညာဏ်ဆိုတာ အထက်ပါ ဝိညာဏ်ခြောက်မျိုးထဲ ဘယ်ဝိညာဏ်ကို ခေါ်တာလဲဆိုတော့- ကာယဝိညာဏ်ကိုခေါ်တယ်လို့ မှတ်ရမယ်။

ဦးဘမောင်။ ။မှန်ပါဘုရား။

ယခုလက်တွေ့ အသက်နှင့် အငွေ့နှင့် ဦးဘမောင်ကနေပြီးစမ်းစစ်ပါ့ ရှင်းမယ်၊ ယနေ့ ဦးဘမောင်ဟာ ကာယသင်္ခါရ၊ စိတ္တသင်္ခါရ၊မနောသင်္ခါရတွေကို လုပ်မနေဘူးလား။

လုပ်နေပါတယ်ဘုရား။

အဲဒီသင်္ခါရတွေကို အမြဲမသေ ပြုလုပ်နေတဲ့ ဦးဘမောင်ဟာ တနေ့မှာ သေမသွားပေဘူးလား။

သေမှာကတော့ သေချာပါတယ်ဘုရား။

အဲဒါလို သေသွားတော့ ဟောဒီ သင်္ခါရပစ္စယာ ဝိညာဏံ ဖြစ်ပေါ်လာတယ်။

ပဋိသန္ဓေ ဝိညာဏ်ဆိုတော့ အခမဲ့ဝမ်းထဲရောက်သွားပြီ။

အဲသလို ဝမ်းတွင်းရောက်သွားတဲ့ အခါကျတော့ အဲဒီသတ္တဝါကလေးဟာ ဘယ်ကနေ ရောက်လာသလဲ၊ ဒီကသေသွားတဲ့ လူဘဲလို့ ဆိုမလား။

အဲဒီလို ဆိုပြန်ရင်လဲ သဿတဒိဋ္ဌိ ဖြစ်အုန်းမယ်။

ပြီးတော့ဒီကသေသွားတဲ့လူမဟုတ်ဘူးဆိုပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိဖြစ်အုန်းမယ်၊ ဒီတော့ ဒီနှစ်စွန်း လွတ်အောင် ယူဆဘို့ အရေးမကြီးဘူးလား။

ကြီးပါတယ်ဘုရား၊

ဤကိုစ္စနှင့် ပတ်သက်ရာ၌ "နစ သော နစ အညော"လို့ ဘုရားရှင်က ဟောညွှန်ခဲ့တယ်မဟုတ်လား။

ဟောခဲ့ပါတယ်ဘုရား။

သော၊ထိုပဋိသန္ဓေ တည်နေ ဖြစ်လာသော သတ္တဝါသည်။ နစ၊ဒီမှာသေသွားတဲ့လူလဲ မဟုတ်တဲ့။

နို့ ရင်ဟုတ်ကောဟုတ်ရဲ့လား၊ မဟုတ်ဘူး၊ မဟုတ်တာမှ တကယ့်ကို မဟုတ်တာ။

ဘာပြုလို့လဲဆိုတော့ သေသွားတဲ့လူရဲ့အလောင်းက စန့်စန့်ကြီး ဒီမှာ တွေ့နေရတာဘဲ၊ အသို့ရင် ဟိုမှာ ပဋိသန္ဓေတည်နေတဲ့ သတ္တဝါဟာ တခြားလူသေပြီး ဖြစ်လာတာလားလို့ ဆိုတော့-

နစ အညော၊ တခြားလူ သေပြီး ဖြစ်လာတာလဲ မဟုတ်ဘူတဲ့။

အဲသို့ကလို ဖြစ်လာရင် ဦးပဥ္စင်းတို့ဟာ ပင်ရင်းဖြစ်တဲ့ သဘာဝကြီးတွေကို လိုက်ရမယ်။

အဲဒီပင်ရင်းသဘာဝကြီးတွေ ဆိုတာက ဘယ်သူတွေလဲဆိုတော့-ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်လေးခုဘဲ မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

ဦးဘမောင်တို့ ပြုလုပ်နေကြတဲ့ ကောင်း၊ မကောင်းတွေ၊ ဦးဘမောင်တို့ရဲ့ စိတ်၊ စေတသိတ် တွေဟာ လူသေသွားပြီးနောက် ဘယ်လောက် ကြာရှည်စွာ ဒီလူဆီမှာ တည်နေရမှာလဲ။

လိုရင်းပြောရလျှင် စိတ္တဇရုပ်တွေ၊ အာဟာရရုပ်တွေ၊အချို့ ကမ္မဇရုပ်တွေ ချုပ်ကုန်ကြတော့ ဥတုဇရုပ် သက်သက်ဖြစ်တဲ့ အလောင်းကောင်ကြီးဘဲ တွေ့ရတော့တယ်၊ အဲဒီ အပုပ်ကောင် ကြီးဘဲ ကျန်ရစ်တော့တယ်။

ဒီတော့- ကမ္မဇ မဟာဘုတ်ကြီးတွေ ကာယကံ ဝစီကံ၊ မနောကံတို့ကြောင့် ဖြစ်လာတဲ့ ပ-အာ ဝါ-တေ- တွေ ဘယ် သွားသလဲ၊ မရှိတော့ဘူး၊ မတွေ့မမြင်ရတော့ဘူး။

အဲဒီ မဟာဘုတ်ဆိုတာက အလွန် သိမ်မွေ့ နူးညံ့တယ်၊သ ဘောလက္ခဏာသာ ထင်ရှားရှိလေတော့ ဉာဏ်နှင့်သာ စဉ်းစား ဆင်ခြင်တွေးထင်နိုင်ကြတယ်။

ဦးဘမောင်တို့ရဲ့ ဒီခန္ဓာကိုယ်ကြီး ဟာက ဦးဘမောင်တို့ စားသောက် ရှူရှိုက်ပြီးရတဲ့ ရုပ်ပစ္စည်းတွေ စုပေါင်းထားတဲ့ ရုပ်စုဘဲ။

အဲဒီခန္ဓာကိုယ်ကြီးထဲမှ မဟာဘုတ် နှုတ်လိုက်ရင် ဘာကျန် ဦးမလဲ ဦးဘမောင်။

ဘာမှမကျန်တော့ပါဘူးရှး။

အဲဒီ မဟာဘုတ်ကြီး လေးခုတို့ ကိုးယို ကားယား ဖြစ်ရင် ဒီရုပ်ကြီးဟာ လှုပ်ပါ့အုန်းမလား ဦးဘမောင်၊

မလှုပ်တော့ပါ ဘုရား။

အဲဒီအခါ ဒီရုပ်ကြီး သေတယ်ခေါ်တာဘဲ၊ အဲဒီမဟာဘုတ် တွေကလဲ သန္တတိ မဟာဘုတ်နှင့် အသန္တတိမဟာဘုတ်ဟူ၍ နှစ် ပါးကွဲပြားလျက်ရှိတယ်။

ဦးဘမောင်- ခန္ဓာကိုယ်ကို တည်ဆောက်ပေးတဲ့ မဟာဘုတ် ကြီး လေးခုက ဦးဘမောင်ကိုယ်ခန္ဓာမှာရှိတယ်၊ ၎င်းကိုသန္တတိ

မဟာဘုတ်လို့လဲ ခေါ်တယ်၊ ဣန္ဒြိယဗဒ္ဓရုပ်လို့လဲ ခေါ်ဆို နိုင်တယ်။

အဲဒီ အပြင် ကမ္ဘာ့လောကမှာ ရှိနေကြတဲ့ ပေါက်ရောက် ကြီးထွားနေကြတဲ့ သစ်ပင်- ပွင့်ပင်- သီးပင်- ရေ- မြေ- တော တောင်-သမုဒ္ဒရာ စသည်တို့မှာ ရှိနေကြတဲ့ ပ-အာ-ဝါ-တေဆိုတဲ့ မဟာဘုတ်ကြီးတွေကိုတော့ အသင်္ခာ မဟာဘုတ်လို့ခေါ်ကြ တယ်၊ ပြီးတော့ အနိန္ဒြိယဗဒ္ဓရုပ်လို့လဲ ခေါ်နိုင်ပါတယ်။

သူတို့မှာ ပြုပြင်စီမံမှုမရှိဘူး၊ သဘာဝအတိုင်း ဖြစ်လာကြ ကြီးထွားလာကြတယ်၊ နောက်ဆုံးတော့ သဘာဝအားလျော်စွာဘဲ ပျက်စီးခြင်းသို့ ရောက်သွားကြတယ်။

အဲဒီမဟာဘုတ်ရဲ့ အပွားအစီး ဖြစ်တဲ့ ရုပ်ကာယကြီးဖြင့် ကောင်း မကောင်းဆိုတဲ့ ကာယ သင်္ခါရ- ဝစီသင်္ခါရ- မနော သင်္ခါရ ဆိုတာတွေကို ပြုလုပ်လိုက်တယ်။

အဲဒီသတ္တဝါ သေသွားတဲ့ အခါကျတော့ အစွဲ ဥပါဒါန် တန်းလမ်း ကျန်နေသေးရင် သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့အ တိုင်း ပဋိသန္ဓေဝိညာဏ်တခု ဖြစ်ရအုန်းမှာကတော့ မြေကြီးလက် ခတ်မလွဲဘဲ ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီ ပဋိသန္ဓေဝိညာဏ် ဆိုတာကလဲဘဲ ဦးဘမောင် တို့ရဲ့ သတ္တလောကမှာ ဖြစ်ထာမဟုတ်ဘူးလား၊ အဝိဇ္ဇာက နေပြီး စလာတော့ အဝိဇ္ဇာကြောင့် ကောင်း၊မကောင်း သင်္ခါရတွေ ဖြစ်ခဲ့တယ်။

အဲဒီအဝိဇ္ဇာဟာ လူမှာရှိတဲ့လူအဝိဇ္ဇာလား၊ (သို့မဟုတ်)အ ခြားတိရစ္ဆာန်တွေမှာရှိတဲ့ အဝိဇ္ဇာလား၊ တွက်လို့မရဘူးလား။

အဲဒီတော့ အဝိဇ္ဇာဆိုတဲ့မောဟကြောင့် ကောင်း၊မကောင်း ဆိုတဲ့ သင်္ခါရတွေကို ပြုလုပ်ခဲ့တယ်။

အဲဒီသင်္ခါရမှုတွေကြောင့် သေသွားတဲ့လူဟာ တဖန်ပြန်၍ ပဋိသန္ဓေတည်နေတဲ့အခါကျတော့ ပထမဆုံးဖြစ်တာ ဘာလဲဆိုတော့ ပဋိသန္ဓေဝိညာဏ်လို့ခေါ်တယ်။

အဲဒီမှာ ပဋိသန္ဓေလို့ခေါ်တဲ့ ဝိညာဏ်ကလေး ဖြစ်တာက ပထမဆုံး ဝိညာဏ်ဘဲ။

အဲဒီ ဝိညာဏ်ဟာ စက္ခု-သောတ-ဃာန-ဇိဝှါဆိုတဲ့ဝိညာဏ်တွေဖြစ်နိုင်ပါ့မလား။

မဖြစ်နိုင်သေးပါ ဘုရား။

ဘာကြောင့်လဲ ဦးဘခမောင်—

ပဋိစ္စသမုပ္ပါဒ်အကြောင်း မပြည့်စုံသေးလို့ပါဘုရား။

အဲ-ဟုတ်ပြီ၊ အကြောင်း မစုံသေးတော့ အကြောင်း စုံတဲ့ ဝိညာဏ်သာ ဖြစ်နိုင်မှာပေါ့။

ဒီနေရာ—ဒီခေတ်မှာ အကြောင်းစုံနိုင်ဘာက ကာယဝိညာဏ်ဘဲ မဟုတ်လား။

ဟုတ်ပါတယ် ဘုရား။

အမိ၊အဖ နှစ်ပါးတို့ရဲ့ သုက်သွေး၌ ပါသော ဂန္ဓဗ္ဗခေတ် နှစ်ခုတိုက်မိတဲ့ အခါမှာ (သို့မဟုတ်) အိုဗွာန်နှင့် စပါမ်တိုစပ်မိတဲ့အခါမှ ပထမဆုံး မီးပွင့်သဘောဖြင့်-

ကာယံစ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

ကာယံစ၊ အမိသုက်သွေး၌ပါတဲ့ အိုဗွန်ခေါ် ကာယခေတ်ကိုရင်း။ ဖောဋ္ဌဗ္ဗေစ၊ အဖ သုက်သွေး၌ပါတဲ့ စပါမ်ခေါ် ဖော

ဋ္ဌဗ္ဗဓာတ်ကိုင်း၊ ပဋိစ္စ အမှီသဟဲအစွဲပြု၍၊ ကာယဝိညာဏ်၊ ရှေးဦးဆုံး ပဋိသန္ဓေဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ ဖြစ်၏။

အဲဒီမှ နောက်တော့လဲ ဒီကာယဝိညာဏ်ဟာ ဖြစ်-ပျက်-ဖြစ်-ပျက်နှင့် နာရီစက်လို မရပ်ရဆိုင်းဘဲ သံပတ် မကုန်မချင်း တချက်ချက်နှင့် သွား၍ နေလေတော့သည်။

အဲဒီ ပဋိသန္ဓေဝိညာဏ်ဟာ အဲဒီသတ္တဝါရဲ့ အဲဒီ ဘဝမှာ အစဘဲ။

အဲဒီကာနေပြီ အမိရဲ့ စားသော က် ရှုရှိုက်မှုတို့ကို အမှီပြုကာ တဖြေးဖြေးရင့်ကျက်လာတယ်၊ အမိဝမ်းတွင်းမှာ ၁၀-လ၊ ၉-လ စသည် နေပြီးတော့ ဟနေ့ ဘာအခါမှာ အမိဝမ်းတွင်းမှ အပြင်ကပ္ပါလောက အတွင်းသို့ ဆင်းခဲ့တာဘဲ။

## နာမရူပ—စတုသ္တနိဒါန

နာမ်နှင့်ရုပ်ကိုအင်္ဂလိပ်ဂူကပ်ပုံမှာ ရုပ်လုံးနှစ်ခုနှင့် ဖေါ်ပြသည်၊ တိဗက်ပုံတွင် ရေစီးကို ဖြတ်ကူးနေဖို့သော လှေပုံကိုတွေ့ရတယ်၊ ဂျပန်ကားတွင်မူ ပုံကတော့ တိဗက်နှင့် အတူတူဘဲ။

ဒါပေမယ့်လို့ လှေတွင် လူပါလာဒါ ထူးတယ်၊ အပြင်လောကမှ အသင်းရောင်သို့ရောက်လာတဲ့ ကလေးကျတော့-

ဝိညာဏပစ္စယာ နာမရူပံ - ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်။

ဟုတ်ကဲ့လား ဦးဘမောင်။

မှန်လှပါ ဘုရား။

အဲဒီအခါကျတော့ ဒီသတ္တဝါကလေးမှာ မျက်စိ- နား- နှာ လျှာ—ကိုယ်-မန ဟူ၍ အင်္ဂါအစိပ်အပိုင်းတွေ ပြည့်စုံလာပြီး။

အဲဒါကြောင့် ရုပ်လုံးပုံသဏ္ဌာန်လဲ ပေါ်လာပြီ၊ ထင်ရှားလာပြီ၊ အသံနှင့်ပတ်သက်တဲ့ စက်ကရိယာတွေလဲ အပြည့်အစုံ တပ်ဆင်ပြီး ဖြစ်နေပြီ။

အဲဒီတော့ ဒီစက်နိုးဖို့ဘဲ လိုတော့တယ်၊ အချို့ ကျတော့ အပြင် ရောက်တာနဲ့ တပြိုင်နက် အောင်တို မက်တစ် အလိုအလျောက် ဒီစက်နိုးသွားဒါဘဲတဲ့။

အချို့ကလေးကျတော့ ဝမ်းဆွဲ လုပ်တဲ့သူက တင်ပါးကလေးကို ပုတ်ပေးလိုက်ရတယ်ဆို မဟုတ်လား။

မှန်ပါ့ဘုရား။

## သဠာယတန--ပဋ္ဌမနိဒါန

အဲဒါလို ခပ်စပ်စပ်ကလေး ဝမ်းဆွဲက ရိုက်ပေးလိုက်တော့ ဝူးဝူးဝါးဝါးနဲ့ ငိုကြွေးလာပြီး နာမ ရူပပစ္စယာ-သဠာယတန ဖြစ်လာတော့တယ်တဲ့။

နာမ်- ရုပ်ကြောင့် ခြောက်ပါးသော အာယတနများဖြစ်လာတယ်လို့ ဆိုလိုတယ်။

အဂ္ဂလိပ်ဗုဒ္ဓဂူပုံတွင် မျက်စိ-နား-နှာ-ပါးစပ် ပါတဲ့ မျက်နှာဖုံးပုံနှင့် ၎င်းကို ဖေါ်ပြသည်။

နဖူးမှာ ဗလာအပေါက်များဖြင့် အတွင်းက မနပုံကိုဆောင်ထားသည်။

တိဗက်ပုံတွင် ပြူတင်းပေါက် ခြောက်ခုရှိသော အိမ်နှင့် သရုပ်ဖေါ်ထားသည်၊ဂျပန်ပုံမှာတော့ လူရုပ်တခုဖြင့်အဓိပ္ပါယ်ဖေါ်ပြထားတယ်။

အဲဒီ သဠာယတနကျတော့ အမြင်သို့ ရောက်လာပြီ၊ဒီတော့ စက္ခာယတန သောတာယတန- ဃာနာယတန- ဇိဝှာယတန- ကာယာယတန- မနာယတန ဟု ဆိုအပ်သော ယန္တရားစက် ခြောက်ခု ပါမလာဘူးလား။

ပါလာပါပြီဘုရား။

အဲဒီ စက်ခြောက်လုံးဟာ သက်ဆိုင်ရာ အာရုံမှာရှိတဲ့ ရူပ-သဒ္ဒ-ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗ-ဓမ္မ ဆိုတဲ့အာရုံတွေနဲ့ သွားပြီး ထိခိုက် ပေဘူးလား။

ထိခိုက်ပါတယ်ဘုရား။

ထိခိုက်ရင် ဘာဖြစ်လဲ။

## ဖဿ — ဆဋ္ဌနိဒါန

ထိခိုက်မိရင် သဠာယတနပစ္စယာ ဖဿော-ခြောက်ပါးသော အာယတနကြောင့် ဖဿဖြစ်တာပေါ့။

အဲဒီဖဿနှင့်ပတ်သက်တဲ့ပုံဟာအဂျန္တဂူမှာပျောက်နေတယ်။ တိဗက်ပုံမှာတော့ မျက်လုံးကို မြှားစူးဝင်နေတဲ့လူ၏ပုံနှင့် သရုပ်ဖော်ထားတယ်၊ ဂျပန်ပုံကမထင်ရှားဘူး။

အဲဒီတော့ကာ ဒီသဠာယတနနဲ့ ပတ်သက်တဲ့ ဒေသနာကို သွားကြည့်ပါ၊ ဘုရားရှင်က ဘယ်ပုံ ဟောတယ်ဆိုဒါ သိပါ လိမ့်မယ်။

စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ-စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဇဝံ ပဿ ဘိက္ခဝေ သုတဝါ အရိယသာဝကော စက္ခုသ္မိံပိ နိဗ္ဗိန္ဒတိ၊ ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဖဿသ္မိံပိ

နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ-ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ မျက်စိကိုရင်း၊ ရူပါရုံတို့ကိုရင်း အမှီသဟဲပြု၍ မျက်စိ အသိ ပေါ်တယ်။

သုံးခုဆုံမိတော့ဖဿဖြစ်တယ်၊ အတွေ့ဖဿကြောင့် ဝေဒနာ ဖြစ်တယ် အဲဒီတင်ဘဲ ရပ်ထားရမယ်၊ ရှေ့ကို ဆက်ရ ဘူးတဲ့။

စေ့ကျဲ့သို့။ ပဿံ-ပဿန္တော တကယ်တိတိကျကျ စက္ခုနှင့် ပတ်သက်၍ ဝေဒနာကျအောင်မြင်သော။ သုတဝါ၊ အကြား အမြင် ဗဟုသုတရှိသော။ အရိယသာဝကော၊ အရိယာသာဝက သည်။ စက္ခုသ္မိံပိ၊ မျက်စိ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လာ၏။ ရူပေသုပိ၊ ရူပါရုံ၌လည်း။ နိဗ္ဗိန္ဒတိ၊ ပျင်းရိလာ၏။ စက္ခုဝိညာဏသ္မိံပိ စက္ခုဝိညာဏ်၌လည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၍လာ၏။ ဖဿေပိ၊ အတွေ့ ဖဿ၌လည်း။ နိဗ္ဗိန္ဒတိ၊ [illegible]လာ၏။ ဝေဒနာယပိ၊ ခံစားမှု ဝေဒနာ၌လည်း။ နိဗ္ဗိန္ဒတိ၊ စက်ဆုပ်၍လာ၏။

အဲဒီတော့ ဘာဖြစ်သလဲဦးဘမောင်-

အဲသလို စက်ဆုပ်ရွံမုန်း နှလုံးနာတဲ့အခါကျတော့-

ဝိရဇ္ဇတိ၊ အစွဲကွာ၏။ ဝိရာဂါ၊ အစွဲကွာခဲ့သော်။ ဝိမုစ္စတိ၊ လွတ်၏။ ဝိမုတ္တသ္မိံ၊ လွတ်သည်ရှိသော်။ ဝိမုတ္တမိတိ၊ လွတ်ပြီ ဟူ၍။ ဉာဏံ၊ အသိဉာဏ်သည်။ ဟောတိ၊ ဖြစ်ပေါ်၍လာ၏။

အဲဒီလို အသိဉာဏ်ပေါ်လာရင် မျက်စိနှင့်ပတ်သက်တဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ရပ်မသွားလား ဦးဘမောင်။

ရပ်သွားပါပြီဘုရား။

အဲ-ရပ်သွားရင် ဒီကိစ္စပြီးတာဘဲ။

အဲဒီဒေသနာတော်ရဲ့ ဆိုလိုရင်း အဓိပ္ပါယ်ကို နားလည်အောင် လိုပါတယ်။

ဒီဒေသနာတော်မှာပါတဲ့ ဘုရားရှင်ရဲ့ အာဘောဂမှာ စက္ခုနှင့်ရူ ထိုက်ဆိုင်မိခြင်းကြောင့်စက္ခုဝိညာဏ်ဖြစ်တာဘဲ သိရမယ်၊ ဒီထက်ပိုပြီးတော့ သိဘို့မလိုဘူးတဲ့။

ဒါပေမယ်သို့ ဦးဘခေါင်တို့က ဘုရားခိုင်းတာထက်ပိုပြီး သိမနေကြဘူးသား။

ပိုပိုပြီး သိနေကြပါတယ်ဘုရား။

အာ-သိလိုက်တာမှလွန်ရောဘဲ၊ ရှုရှုရှားရှား-ကြံကြံဖန်ဖန် မသိသေးရင် လိုက်မေးလိုက်သေးတယ်။

ရွှေသွားကလေးနဲ့ ယဉ်စစဘာသူ့သမီးကလေးတုံး။

ဟို မျက်မှန်နဲ့ သူငယ်ကကော ဘာသူ့ အဆက်ထဲက ပါလို့ စသည်ဖြင့် လိုက်လိုက်ပြီး စပ်စုတတ်ကြတယ်။

အဲဒီတော့ မျက်စိနှင့်မြင်ရင် လူဟ ရုပ်တင်မကဘူး၊ မရုပ် မနားတော့ဘူး၊ မဲတယ်၊ ဖြူတယ်၊ ရွှေသွယ်၊ ဝါတယ်၊ ညိုစိမ့်စိမ့် ကလေးရယ် ထိအောင်လိုက်တယ်။

အဲဒါနဲ့ ရုပ်ခသားဆိုတော့ မရပ်သေးဘူး၊ နောက်ထပ်ပြီး ပိန်တယ်၊ ဝတယ် အရပ်နိမ့်တယ်၊ မြင့်တယ်၊ ခန္ဓာမြင့်အလော တော်ဘဲအထိ ဝေဖန်တယ်။

နောက်ဆုံးကျတော့ဆံပင်ကောင်းတယ်၊သွားကောင်းတယ်၊ သွားကလေးနန်နဲခေါ်တယ်၊ နှာတံ ကောင်းတယ်၊ မျက်သုံးရေ-မျက်ခုံးရေ ကောင်းတယ် စသည်ဖြင့် အကြောင်းရှိသမျှတွေ့ အကုန်လုံး လိုက်စုံစမ်းနေကြတယ် မဟုတ်လား။

မှန်ပါဘုရား။

ဘုရားရှင်ကတော့ ဒါလောက် ဇီဇာမကျယ်ကြနဲ့, မျက်စိနှင့် ရှုပါရုံကိုမြင်၍ သိရင်တော်ရောပေါ့ဟဲ့။

## တဏှာ—အဋ္ဌမနိဒါန

ဟိုက ဝေဒနာ ပစ္စယာ တဏှာ- ခံစားမှု ဝေဒနာကြောင့် တဏှာဆိုတဲ့ ဆာလောင်မှု ဖြစ်ပေါ်လာရသည်။

ထိုတဏှာ၏ သရုပ်ဖော်ရုပ်လုံးကား အင်္ဂလိပ်ဂူတွင်ပျက်သွင်း သျှက် ရှိ၏။

သို့ရာတွင် တိဘက်နှင့်ဂျပန် အရုပ်ကားများ မှာတော့ ရေသောက်နေသောလူ၏ပုံဖြင့် သရုပ်ဆောင်ထားသည်။

ထိုတဏှာကား အဆာသဘောပင်ဖြစ်၏၊ ၎င်းသည် ဘာကို ဆာလောင်၍ နေသနည်း။

၎င်းသည်-

အဆင်းရူပါရုံကိုဆာ၏။

အသံကိုဆာ၏။

အနံ့ အရသာ၊ အတွေ့ကိုဆာ၏။

မျက်စိ၏ကိစ္စကား-မြင်မှုသက်သက်မျှဖြစ်သည် မျက်စိသည် တစုံတခုသော အဆင်းရူပါရုံကို မြင်၏။

ထိုရူပါရုံသည်ရှေးက တရံရောအခါက သူလူသား၏ မျက်စိဖြင့် မြင်ဘူးသော အာရုံဖြစ်ခဲ့ငြားအံ့ ထိုလူသား၏စိတ်တွင် ဆာလောင်မှုဆိုတဲ့တဏှာ ပေါ်လာတတ်သည်။

အကယ်၍တစေ တသက်လုံးတကြိမ်ဘခါမျှ ရှေးကမမြင်ဘူးတဲ့ ရူပါရုံဖြစ်ခဲ့ပါလျှင် ထိုလူသား၏စိတ်တွင် ဆာလောင်မှု ပေါ်ပေါက်၍ လာနိုင်ပါမည်လော။

မလာနိုင်ပါဘူးရှား။

ဥပမာ-တောအတွင်း၌ ခရီးသွားစဉ် အမှတ်တမဲ့ လှပသော သစ်သီးတလုံးကို မြင်ပြီဆိုကြပါစို့။

အဲဒီလူဟာ အဲဒီသစ်သီးရဲ့အမည်ကိုရင်း၊ အရသာကိုရင်း၊ အကျိုးအပြစ်ကိုရင်း တခါမှလက်တွေ့ မသိခဲ့ဘူးလျှင် ထိုအသီးရဲ့ အပေါ်တွင် တဏှာဖြစ်ပါမည်လော၊ ရှင်းရှင်းပြောရလျှင် ထိုအသီးကိုစားချင်တဲ့စိတ် ဖြစ်ပေါ်ပါမည်လော။

မဖြစ်ပေါ်နိုင်ပါဘူးရှား။

နာမပညတ်၊ သဏ္ဌာနပညတ် စသည်တို့ရဲ့ အကူအညီကို အပြည့်အစုံ ရမှသာလျှင် ပြောင်မြောက်သော တဏှာဖြစ်ပေါ်လာနိုင်တယ်၊ ကြွင်းကျန်သော အာရုံများနှင့် ပတ်သက်ရာ၌လည်းဤနည်းကိုမှီ၍ ဝေဖန်သုံးသပ်ကြကုန်ရာ၏၊ နာမပညတ်ဆိုတာနွတ်ဖျား၌သာရှိသည်၊ အကောင်အထည်ရှိသောသဘာဝ မဟုတ်ချေ။

လူသားက ဘပ်ဆင်ပေးထားသော တန်ဘိုးသာလျှင်ရင်းမှာရှိတယ်၊ တကယ်စင်စစ်အနှစ်ဖြစ်သောတန်ဘိုးကရင်းမှာမရှိချေ။

ဂျပန်လက်ထက်အခါက ဂျပန်ငွေစက္ကူ ၁၀၀-တန်ဟာ မြင်သူတိုင်းရဲ့စိတ်မှာ အဆာခေတ်ကိုနှိုးဆွနိုင်စေကာ ယခုနေမူ ရင်းစက္ကူအပေါ်လွင် မည်သူကမျှ တဏှာဖြစ်တော့မည်မဟုတ်ချေ။

ထို့ကြောင့်-

ရုပ်တွင်ချည်တပ်၊ ပညတ်အမည်၊
သူမပါလဲ၊ ပွဲလဲမစည်၊
ပညတ်ကိုဖြုတ်၊ ရုဒြဗ်အထည်၊
လူမသုံး—လုံးလုံးပစ်ရသည်။

အနေကဇာတိသံသာရံ-အစချီသော ဗုဒ္ဓဘုရားရှင်၏ ပထမ နိဒါန်းတွင် တဏှာကို ဂဟကာရက (၀ါ) အိမ်ဆောက်သမား ဟူ၍-ကင်မွန်းတပ်ခဲ့သည်။

ဆိုလိုရင်းကား - ခန္ဓာ တည်းဟူသော အိမ်ကို အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါတာပ်ခါ ဆောက်လုပ် တတ်သော အိုတဏှာ ယောကျ်ား ပဲခွတ်သမား၊ လက်သယ်ဖြစ်သော သင်ပဲခွပ်သမား ကို မိမိရရမသိမမြင်ရသောကြောင့် သံသရာဘဝ စက်ရဟတ်မှာ အဆက်မပြတ် အထပ်ထပ်နှင့် ဒလစပ်ကျင်လည်ခဲ့ရလေပြီ။

သို့သော် ယခုတမူကား တဏှာယောကျ်ား ပဲခွပ်သမားကို ပြတ်ပြတ်သားသား ခြားနားထင်ထင် တွေ့မြင်ခဲ့လေပြီ ဒီခန္ဓာ အိမ်ကို ဆောက်လုပ်ရာ၌ သင်အသုံးပြုတဲ့ တိုင်၊ ယက်မ၊ ဆင့်၊ ကြမ်း၊ ထုပ်ချောက်၊ ဒိုင်း၊ မျှား၊ အခြင် ရနယ်များ အားလုံး ချိုးဖဲ့ဖျက်ဆီး၍ ပြီးခဲ့လေပြီ။

သင်ပဲခွပ်သမားသည် ခန္ဓာအိမ်ကိုအသစ်တဖန် ဆောက်လုပ် ရန် အခွင့်ရတော့မည် မဟုတ်ချေ။ တဏှာကုန်ခမ်း ငြိမ်းချမ်း ခြင်းသို့ ခိုက်ခိုက်ပိုက်ပိုက် ဆိုက်ရောက်ခဲ့ချေပြီ-

ဟူ၍ ပထမဦးစွာ ဘုရားရှင် ဥဒါန်းကျူးခဲ့လေပြီ။

တဏှာယောကျ်ားပဲခွပ်သမားကို သတ်ထားလိုက်လျှင် ဘဝ ဇာတ်ကြီး ပြတ်ပြီးသွားကြောင်းကား ဤဥဒါန်းအရထင်လှျား သည်။

တဖန်ဘုရားအဖြစ်သို့ ရောက်ပြီးနောက် မိဂဒါဝုန် တော၌ ဟောကြားတော်မူတဲ့ ဓမ္မစကြာတွင်လည်း ဒီတဏှာကို ဆင်းရဲ ဒုက္ခအားလုံး၏ အကြောင်းရင်း ဖြစ်တယ်လို့ ဟောတော်မူ

ပြီးလျှင် ၎င်းကို မုချဆပ်ဆပ် ပယ်အပ်တဲ့၊ ပယ်ရမဲ့ တရားဟူ၍ တိလင်းပြတ်သားစွာ ဟောထားခဲ့တယ်။

အဘယ်ကြောင့်နည်း။

ထိုအာရုံဆာမှုဆိုတဲ့ တဏှာစုရဲ့ ဘာဝတခုမျှ မကျန်ရအောင် အသေသနိရောဓ အကြွင်းမဲ့ချုပ်ငြိမ်းမှုဟူသည်ပင် တဏှာနိရောဓ နိဗ္ဗာန်ဖြစ်သောကြောင့်ပါတည်း။

ထိုတဏှာကာ ဓမ္မစကြာ၌ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာ-ဟူ၍ သုံးမျိုးသုံးစား ခွဲခြား ဝေဘန်၍ ဟောခဲ့သည်။

၎င်းတို့တွင် ကာမတဏှာ ဆိုတာကတော့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌စွဲလမ်းကပ်ငြိသော (၀) ထိုအာရုံ ငါးပါးကို ဆာလောင် မွတ်သိပ်သော တဏှာကိုဆိုသည်။

ဤကာမတဏှာသည် ချစ်သူနှင့် ကွေကွင်းရခြင်း၊ မုန်းသူနှင့် ပေါင်းဆုံ မိခြင်း၊ အလိုမပြည့်ခြင်း တို့ကြောင့် ပေါ်ပေါက် တတ်သော ဆင်းရဲဒုက္ခသုံးမျိုး၏ အကြောင်းရင်းဖြစ်သည်။

ဘဝ တဏှာသည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ-ဟူသော သဘာဝဒုက္ခကြီးလေးမျိုးရဲ့ လက်သယ်ဖြစ်သည်။

ဝိဘဝတဏှာကား-ဥပါဒါန် အစွဲနှင့်တကွသောခန္ဓာငါးပါး ဆိုတဲ့ ဒုက္ခကို ဖြစ်စေတတ်တယ်။

ရူပ၊ သဒ္ဒ၊ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဆိုတဲ့ ရုပ်တရားငါးမျိုးတို့သည် သက်ပွဆိုတဲ့ ကြံစည်တွေးတောမှုဖြင့် ဟိုနှယ်-ဒီနှယ် ဆေးခြယ် မှုကြောင့် ကာမတဏှာဆိုတဲ့ အမည်ဆိုးဖြင့် ဟိုးလေးတကျော် ဖြစ်နေရသည်။

အကယ်၍သာ ကာမဝိတက်က ဝင်ရောက်စိုးမိုးပြီး အမျိုးမျိုး အဖုံဖုံ စုံနေအောင် ဆေးခြယ်၍မပေးခဲ့လျှင် ရုပ်တရားဘိုင်းတိုင်း

သာဖြစ်၍၊ တည်၍နေပေရာ၏။

ရုပ်တရားကို ရုပ်တရားတိုင်း ထားခဲ့နိုင်လျှင်(ဝါ) ဆေးခြယ်ပြီး အတွေးမကျယ်ခဲ့လျှင် ကာမဆိုတဲ့ နာမ ညဘ်ကို တပ်ဆင်စရာ မလိုတော့ချေ။

ဘဝဆိုသည်ကား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဆိုတဲ့ အတွင်းအဇ္ဈတ္တိက စက်ခြောက်လုံးတို့ ဗဟိဒ္ဓ အပြင်အာရုံခြောက်မျိုးဘို့နှင့် တိုက်ဆိုင်၍ လှုပ်လှုပ်ရှားရှား မရပ်မနားလှည့်သွားနေတဲ့ အဖြစ်ကိုဆိုသည်။

၎င်းကိုပင် ဘဝစက်ရဟာတ်ဟု ခေါ်တယ်။

ဒီတော့ ဒီဘဝဆိုတာလဲ စွဲစရာ၊ မက်စရာ အပြည့်အစုံပါသဖြင့် သတ္တဝါတိုင်းရဲ့ အဆာခေတ်ကို လှန့်ဆွဲ၍ ပေးနိုင်တဲ့ သတ္တိနှင့် ပြည့်စုံသည်။

ဝိဘဝတဏှာ ဆိုတဲ့ နေရာရောက်တော့ ဝါဒကွဲတွေ ရှိလာတယ်၊

အချို့က ဝိသဒ္ဒါကို ပဋိသေဓကြေပြီးတော့ ဝိ-ဆိုဘာမရှိ။မရှိဆိုတာ ပြတ်တာလို့ ယူဆကြတယ်။

သူတို့ရဲ့ အယူအဆအတိုင်းဆိုရင် ဘဝပြတ်မှုကို စွဲဘဲ့တဏှာပင်ဖြစ်တယ်၊ ယခုခေတ်ပေါ် အချို့ဆရာများကတော့ (ဘဝသမ္ဘန္ဓော) မဟာဝိဘဝေါ (သို့မဟုတ် အသီတိကောဋိဝိဘဝေါ-ဟူသော ပါဠိတော်တွေ ကိုးကားပြီး ဘဝ၏ ဂုဏ်သိရ်တို့ကို စွဲတဲ့တဏှာကို ဆိုလိုကြတယ်။

သာကေအားဖြင့် အင်္ဂလန်နိုင်ငံ ပါဠိ အသင်းကြီးကို တောင်တည်ထောင်၍ ပါဠိတော်အမြောက်အမြားကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သော ပါမောက္ခ ရိုက်စ်ဒေးဗစ်– ရေးတဲ့ "ဗုဒ္ဓ

ဘာသာ" Buddhism မည်သော စာအုပ် မျက်နှာ နံပါတ် ၁၃၇-မှာပါတဲ့ ၎င်း၏ အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်ကို ကြည့်ရှုရာ၏။

ကာမတဏှာ = Cravng for the gratification of the passions.

ဘဝတဏှာ = the craving for tnutvre life

ဝိဘဝတဏှာ =the craving for sueccss in this-present life ဟူ၍ ပြန်ဆိုခဲ့သည်။

၎င်းဘာသာ ပြန်ဆိုချက်အရဆိုရင် ကာမ ငါးမျိုး ဆာလောင်မှု၊ အနာဂတ်ဘဝဆာလောင်မှု၊ ဘဝရဲ့ စည်းစိမ်ဂုဏ်သိရ်ဆာလောင်မှုလို့ ဆိုလိုတယ်။

ဒီဟာကတော့ တကာကြီး ဦးဘမောင်ကို ဗဟုသုတဖြစ်စေရန်ထည့်၍ ဟောပြောလိုက်ခြင်းပါ၊ ယူဆတဲ့ နေရာမှာတော့ မိမိတို့သဘောကျသလို ယူကြပေါ့။

မှန်လှပါဘုရား။

အဲဒီတော့ ဆာတာတွေကို အမျိုးအစား ခွဲခြားပြီးတော့ မနေဘဲ ဆာတဲ့တိုင်းတိုင်း တွက်လိုက်ရင် ဘာကိုဘဲဆာဆာ တဏှာဘဲပေါ့။

ဆိုလိုရင်းကတော့ အဲဒီ အဆာဆိုတဲ့ တဏှာကို လက်ခံသွားသမျှ ဆင်းရဲဒုက္ခကို အမြဲဘစေ ရင်ခွင်ပိုက်နေရမှာဘဲ။

အဲဒီတော့ တဏှာအားလုံး ကုန်ဆုံးငြိမ်းချုပ်တဲ့ တနေ့မှာ ဘဏှာနိရောဓ နိဗ္ဗာန်ကို အာရုံရှေးရှု တွေ့တွေ့ကြီး မျက်မှောက် ပြုနိုင်မှာဘဲလို့ ယုံကြည်ရမယ်။

မှန်ပါဘုရား။

နောက်ဆုံးဖြင့်တဲ့ ဝိဘဝတဏှာနှင့် နောက်ဆုံးဖြစ်တဲ့ ပဋ္ဌ ပါဒါ နက္ခန္ဓာပိ ဒုက္ခာကို ယှဉ်၍ကြည့်ရမယ်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဆိုတဲ့ ခန္ဓာငါးပါး ဟာ ဥပါဒါနိဟူသော အစွဲနှင့်တွဲမှသာလျှင် ဒုက္ခဖြစ်တယ်လို့ အဓိပ္ပါယ်ကောက်လို့ရတယ်။

အဲဒီမှာ လူသားရဲ့ စွဲစရာ ပစ္စည်းတွေက ဘာလဲလို့ဆိုရင် ဘဝစည်းစိမ်၊ ဘဝဓိစိမ်ဟု ခေါ်ဆိုအပ်တဲ့ ပစ္စည်းတွေဘဲဒါ တွေကိုဘဲ လူသားတွေ စွဲနေကြတာဘဲ။

အဲဒါကို တဏှာသုံးချက်နှင့် ဒုက္ခသုံးမျိုးကို တိုက်ကြည့်တဲ့ အခါမှာ အားလုံးဘိကျ အံကိုက်၍မနေဘူးလား ဦးဘမောင်။

နေပါတယ်ဘုရား။

## ဥပါဒါန—နှငမနိဒါန

တဏှာပစ္စယာ- ဆာလောင်မှု ဆိုတဲ့ တဏှာကြောင့်၊ ဥပါ ဒါနံ-ဥပါဒါနိဖြစ်၏လို့ဆိုတဲ့။

ဥပါဒါနိကား အပြင်းအထန် ငန်းငန်းဘက် စွဲမှုဖြစ်သည်။

ရင်းကို တိဗက်အရပ်ကား၌ ပန်းပွင့်များကို ဘောက်ယူနေ သော လူတယောက်ဓါ်ပုံဖြင့် သရုပ်ဖေါ်ထားတယ်။

အဓိပ္ပါယ်ကား ခံစားမှုကြောင့် ဖြစ်ပေါ်လာသော ဆာ လောင်ခြင်းဆိုတဲ့ တဏှာ ပြေပျောက်လိမ့်မည် ဟူသော ထင် မှတ်မှုကြောင့် အသိပညာ ကင်းမဲ့သော လူသားသည် မဟား ဒရားနဲ့ ရသမျှအာရုံ၊ ကာမဂုဏ်တွေကို အတင်းဒလကြမ်း မရ မနေလိုက်ဖမ်း၍ နေသည်ဟု ဆိုလိုသည်။

ရင့်ကျက်သော တဏှာကို ဥပဒါနိလို့ခေါ်သည်။

ပိုမိုရှင်းလင်းစွာဆိုရလျှင် တဏှာကား ဆာတဲ့သဘောပင်၊ အဆာမတန် အပြင်းအထန် ရင့်သန်လာတဲ့ အဆာကိုအငတ်ဟု ဆိုနိုင်သည်၊ လူသားသည် ဆာမှုသက်သက်ကလေးကို အောင့်အီးသည်းခံမယ်ဆိုက သည်းခံနိုင်လောက်ပါသည်။

သို့ရာတွင် အငတ်ကိုမူ မည်သည့် သက်ရှိသတ္တဝါမျှခံနိုင်လိမ့်မည်မဟုတ်ချေ။

အဲဒီဥပါဒါန်ဆိုတဲ့ အစွဲကို အဇ္ဈတ္တိက (ဝါ)အတွင်းစွဲနှင့် ဗဟိဒ္ဓ(ဝါ)အပြင်စွဲဟူ၍ ၂ခုနအားဖြင့် အစိပ် အပိုင်းကြီးနှစ်ခု ခွဲခြားနိုင်သည်။

အတွင်းစွဲကား- မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ မန ဆိုတဲ့ (သို့မဟုတ်) ဆံပင် အမွေး၊ ခြေသည်း၊ လက်သည်း စသော ၃၂- ကောဋ္ဌာသ၏ ဖုစု အပေါင်းဆိုတဲ့ ဤကိုယ်ခန္ဓာ၌ စွဲလန်းခြင်း ပင်တည်း။

အပြင်စွဲဆိုတာကတော့ မိမိ၏ ကိုခန္ဓာမှ တခြားဖြစ်သော အရာအားလုံးပင်ဖြစ်သည်။

၎င်း အပြင်စွဲကို-

၁။ ကာမုပါဒါန်- ကာမစွဲ၊

၂။ ဒိဋ္ဌုပါဒါန်- အယူစွဲ၊

၃။ သီလဗ္ဗတုပါဒါန်- ဓလေ့စွဲ၊

၄။ အတ္တဝါဒုပါဒါန်- အတ္တ (ဝါ)ဝိညာဏ်စွဲ ဟူ၍ လေးမျိုး ခွဲထားခဲ့သည်။

## ကာမုပါဒါန်

ကာမကား-လိုချင်မှု(ဝါ)အလိုဖြစ်သည်။

ဘာကိုလိုချင်သနည်း ?

လိုချင်စရာ ပစ္စည်းတွေကား ဘာလဲ ?

အပြင်ဗဟိဒ္ဓမှာရှိတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဆိုတဲ့ ပစ္စည်းတွေကို လိုချင်သည်။

ဤပစ္စည်းငါးမျိုးကို ကာမဝတ္ထုဟူ၍ခေါ်သည်။

၎င်းငါးမျိုးတို့၌ အပြုတ်အသတ်၊ အငတ်ဆန်ဆန်၊ အပြင်းအထန် အဆမတန် ဗေါင်းလဲပြီး အံထွက်လာအောင် စွဲမှုကား ကာမုပါဒါန်ဖြစ်သည်။

၎င်းကား အလွန်ပြင်းထန်ခိုင်မာတဲ့ အစွဲဖြစ်သည်။

၎င်းကိုရိုက်ချိုးဖြိုခွဲရန် မလွယ်ကူလှဘူး။

ဘာပြုလို့လဲဆိုတော့ ဒီကာမငါးမျိုးဟာက သက်ရှိ သတ္တဝါတိုင်း ကြိုက်တဲ့နှင်းဆီခိုင်လို ဖြစ်နေလို့ပေါ့။

မှန်လှ၏။ သတ္တဝါတိုင်း အကြိုက်ဆုံးဖြစ်တဲ့ ကာမဝတ္ထုတခုကို ရရှိရေးအတွက် အသက်နှင့် စည်းစိမ်ကို တချိန်တည်း စွန့်ရန် အသင့်ရှိနေတယ်မဟုတ်လား။

ရှိနေပါတယ်ဘုရား။

ကာမတဏှာအရင်းခံရှိနေတဲ့သတ္တဝါတွေဟာကာမဝါသနာနှင့် ကာမအထုံပါပြီး ကာမနယ်ထဲမှာ အနေကြာ လာတော့ ကာမုပါဒါန်အဆင့်သို့ ဆိုက်ရောက်အောင် စိုင်ကြတော့ဒါဘဲ။

မဂ်သမ်းစဉ်ဘက်ကို ကြည့်လိုက်တဲ့အခါ ကျတော့ ဒီကာမုပါဒါန်ကို တတိယမြောက် အနာဂါမိ မဂ်ကမှ ပယ်နိုင်တယ် မဟုတ်လား။

အဲသလို အနာဂါမိမှ ပယ်နိုင်တယ်ဆိုတော့ သောတာပန်တို့၊ သဒါဂါမိတို့ဆိုတာ ကာမငါးမျိုးရဲ့နယ်ထဲမှာဘဲမဟုတ်လား။

ဒီတော့ ဒို့တကာကြီး ဦးဘမောင်တို့ဟာလဲ သော်တာပန် အဆင်လောက် ရောက်အောင်တော့ ယခုလက်ရှိဘဝကို အသုံး ချလိုက်ဘို့ မကောင်းဘူးလား ဦးဘမောင်။

ကောင်းမြတ်လှပါတယ်ဘုရား။

## ဒိဋ္ဌုပါဒါန်

ဒိဋ္ဌိ ဟူသော ပါဠိပုဒ်ကား အမှန်နှင့်အမှား မခွဲခြားသေးဘဲ အယူသက်သက် (ဝါ) အမြင်သက်သက် (ဝါ) ယုံကြည်ချက် သက်သက်ကိုဟောသည်။

ထိုသို့သော အယူဒိဋ္ဌိစွဲလမ်းမှုကို ဒိဋ္ဌုပါဒါန်ဟူ၍ခေါ်သည်။

အယူကား ဤကပ္ပါ၌ မရေတွက်ဝံ့လောက်အောင် များလှ ချေသည်။

ဤကပ္ပါသားဖြစ်တဲ့ လူတိုင်းလူတိုင်းမှာ အယူတမျိုးစီရှိ သည်ဟုဆိုလျှင် အများကြီး လွဲမှား၍ များ သွားမလား ဦးဘမောင်။

လွဲမှား၍ မသွားနိုင်ပါဘုရား။

ဒါပေမယ်လို့ ဘာသာရေးဆိုင်ရာ အယူနှင့် လောကရေး ဆိုင်ရာ အယူဟူ၍နှစ်မျိုးနှစ်စား ခွဲခြားလိုက်ပြီး ဆိုင်ရာဆိုင်ရာ သုပ်သွင်းရေတွက်လိုလျှင် အယူမှန်သမျှကို မငုံမိပေဘူးလား။

ငုံမိပါလိမ့်မယ်ဘုရား။

ကပ္ပါသူကပ္ပါသားဖြစ်တဲ့ လူတိုင်းလူတိုင်းမှာ မှားသည်ဖြစ် စေ၊မှန်သည်ဖြစ်စေအယူစွဲတခုတော့ ခိုင်ခိုင်မြဲမြဲရှိနေမြဲဓမ္မတာဘဲ။

ထိုအယူစွဲလည်း နှယ်နှယ်မဟုတ်၊အလွန်တုတ်ခိုင်ပြီးကြီးထွား ခိုင်မာတယ်။

ကမ္ဘာ့ရဲ့လူသားအားလုံးကို—

၁။ ဘာသာနဲ့လူ၊

၂။ ဘာသာမဲ့လူ-ရယ်လို့ နှစ်မျိုး ခွဲခြား နိုင်စေကာမူ ယိုလူဘနှစ်စား နှစ်ရပ်လုံးမှာ သူတို့နိုင်ငံမြဲမြဲယူစွဲထားတဲ့အယူစွဲတော့ ရှိမြဲပင်။

ကမ္ဘာ့ဘာသာကြီး လေးရပ်ကိုသက်ဝင်ယုံကြည်နေတဲ့လူတွေမှာ အယူစွဲအမျိုးမျိုး ရှိနေကြသလိုဘဲ ဘာသာမဲ့ လူတွေမှာလဲ အယူစွဲကအမျိုးမျိုးတော့ ရှိနေကြဒါဘဲ မဟုတ်လား။

ရှိနေကြပါတယ်ဘုရား။

အယူစွဲ ကူညီလို့ နိုင်ငံရေးလောကမှာကွဲပြဲနေကြပါတာကို တွေ့ရတယ်မဟုတ်လား။

မှန်ပါတယ်ဘုရား။

အဲဒီ အယူစွဲဟာလဲ အသက်နှင့် ပေါ်နိုင် ခလောက်အောင် ပြင်း ထန်တယ်၊

မိမိယုံကြည်ချက် တိုက်တဲ့ အယူစွဲကို မကြိုက်နိုင်တဲ့အတွက် ကမ္ဘာ ပေါ်မှ အသက်နှင့်သေးကို တင်သွားကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကို ကမ္ဘာ့ သမိုင်းတွင် အထင်အရှား တွေ့ရတယ် မဟုတ်လား။

မှန်ပါ-တွေ့ရပါတယ်ဘုရား။

လွန်ခဲ့တဲ့ဒုတိယကမ္ဘာစစ်ကြီးဟာလဲ သေချာစစ်ဆေး ကြည့်လိုက်တဲ့အခါ ဒီမိုကရေစီနှင့် နာဇီဆိုတဲ့ အယူဘို့ရဲ့ ထိပ်တိုက်တွေ့ဆိုင်အနိုင်အရှုံးတအားကြတဲ့ပွဲပင်ဖြစ်ခဲ့တယ် မဟုတ်လား။

ဒါကြောင့်အတိုးအခဲဆဲလို့၊ ကိုင်လို့မပြနိုင်စေကာ အယူစွဲဟာလဲ မနဲကြီး ကမ္ဘာ့လူသားကို ဒုက္ခပေးစွမ်းနိုင်တယ်။

ယနေ့ကမ္ဘာမှာလဲ အရင်းရှင်နှင့်ဆိုရှယ်လစ် အယူနှစ်ခုကိုအစွဲပြု၍ အရှေ့အုပ်စု အနောက်အုပ်စုကြီးနှစ်ခု ထိပ်ချင်း တေ့နေကြပြီ မဟုတ်လား။

မှန်လှပါ-ထိပ်ချင်း တေ့ဆိုင်နေကြပါပြီဘုရား။

ဘယ်အခါမှာစပြီး-ဒိုးဒိုး လုပ်ကြမယ်မသိဘူး။

ဒါကြောင့်လဲဘုရားရှင်က အကြီးဆုံးမှ အသေးငယ်ဆုံးတိုင်အောင်သော အစွဲဥပါဒါန်• မှန်သမျှတို့ဟာ ကမ္ဘာ့ လူသားကို အများကြီး ဒုက္ခပေးတတ်တဲ့ အတွက် ရက်ရက်စက်စက်ပယ်ဖျက်ရတဲ့ တရားတော်ဘဲဟု အမြဲ ဟောကြားဆုံးမခဲ့တယ် မဟုတ်လား။

## သီလဗ္ဗတုပါဒါန်

သီလဗ္ဗတကား- အလေ့အကျင့် မဂ္ဂဟူသော အနက်ကို ဟောတယ်။

ဒီတော့ သီလဗ္ဗတု ပါဒါန်ကို ဓလေ့ခွဲပြီ ဘာသာပြန်ရင် ဆိုလိုရင်းသဘောတွေကို အကုန်လုံး မငုံမိလောက်ပေဘူးလား။

ငုံမိပြုမိလောက်ပါတယ်ဘုရား။

ဘာသာရေးဆိုင်ရာအစွဲ ဓလေ့စွဲ ဆိုတာ ကျူးဘူး ဦးဘုမောင် အလွန်ကွဲပြား ခြားနားတယ်။

ဘာသာတရား ဆိုတာက စတင်တီထွင်၍ ဟော ပြော တဲ့ ဘုရားကို အမှီပြု၍ပေါ်ရတယ်။

အဲဒီဘုရားကိုဘဲ လူသားဘုရား၊ နတ်ဘုရား၊ ထာဝရဘုရား စသည် ခွဲခြားပြီး ယုံကြည် ကြပြန်တယ်၊ အဲဒါက ဘာသာစွဲ ခေါ်တယ်။

ဓလေ့စဲ့ဆိုတာကျတော့ စွဲမှတ်ယုံကြည်တဲ့အရာတခု၏အစကို လိုက်လို့မရဘူး၊ လက်သယ်လဲ ရှာမတွေ့ဘူး၊ ဒါပေမယ်လို့ ယုံကြည်တော့ နေကြဒါဘဲ၊ သောကြာ ရေကြောင်း မသွား ကောင်း-ဆိုတဲ့ ယုံကြည်မှုကို ကြည့်ပါ။

ဘယ်ဘာသာ ဘယ်အယူဝါဒမှာမှလဲ မပါဘူး၊ စတောင်တိထွင် ပြောသူလဲ မယ်မယ်ရရ ရှာမရဘူး။

သို့ရာတွင် ယုံကြည်ပြီး လိုက်နာ ကျင့်သုံးနေသူတွေကတော့ မနည်းလှဘူး မဟုတ်လား။

မနည်းလှပါဘုရား။

အဲဒီလို မရေရာတဲ့ ဓလေ့ တွေကို လိုက်နာ ကျင့်သုံးရင် အကျိုးရမယ်၊ မလိုက်နာဘဲ ကြူးလွန်ရင် အပြစ် သင့်မယ်လို့ ယုံကြည်မှုတွေကို ယခုပြောတဲ့ သီလဗ္ဗတုပါဒါန်ထဲသို့ ထည့်သွင်း ရေတွက်နိုင်တယ်။

သီလဗ္ဗတုပါဒါန်ခေါ် ဤဓလေ့စဲ့ရဲ့ နယ်ပယ်ကား ကျယ် ဝန်းလှစွာ၏၊ ဘာသာမရွေး၊ လူမျိုးမရွေး၊ အားလုံးသောတိုင်း ပြည်နိုင်ငံများရှိ လူသားမှန်သမျှတို့မှာ နည်းများမဆို ဓလေ့ စဲ့တော့ ရှိကြတာချည့်ဘဲ။

သေချာစွာ စစ်ဆေးကြည့်ရှုလျှင် ကမ္ဘာမှာ အယဉ်ကျေး ဆုံးဆိုတဲ့ လူမျိုးများမှာ ဓလေ့စဲ့တွေ အများဆုံးရှိနေတာကို တွေ့ရတယ်။

ယဉ်ကျေးမှု အဆင့်အတန်း နိမ့်ကျသေးတဲ့ လူမျိုးများမှာ တော့ ဓလေ့စဲ့ အတော် နည်းပါးသေးတာကို တွေ့ရတာ၊ အဲဒီ ဓလေ့စဲ့ကို ဖျက်လိုက်ရင် လူသားမှာ တစုံတရာ ထိခိုက်မလား ဆိုတော့ မထိခိုက်ပါဘူး၊ အစွဲကို အစွဲမှန်းသိတာနဲ့ တပြိုင်နက်

တချက်ထဲလဲ ဖြုတ်ပစ်နိုင်တယ်၊ တတိတတိနှင့် တရိရိပြတ်ကျ သွားအောင်လဲ လုပ်နိုင်ပါတယ်။

အကောင်း၊အဆိုး ခွဲခြားထားတဲ့ နတ်အမျိုးမျိုး၊ ဗြဟ္မာ အမျိုးမျိုး၊တစ္ဆေမြေဘုတ် အမျိုးမျိုးစသည်တို့ဟာ တကယ်ရှိ၊ အဟုတ်ရှိ၊ ရှိတယ်လို့ ယုံကြည်လာကြတယ်။

ဒီအခါမှာ ထိုထိုနတ်များက ချစ်တဲ့ဂါထာ၊ ထိုထိုနတ်များ က ကြောက်ရွံ့တဲ့ မန္တရားများကို တီထွင်လာကြတယ်။

ဒီနေ့ကတော့ နတ်ပင့်၊ နတ်နှင်၊ နတ်ပသ- စတဲ့ ကိစ္စတွေ ပေါ်ပေါက်လာတော့ဒါဘဲ။

အဲဒီ ဟာတွေ အားလုံးဟာ ဓလေ့စွဲက ဖြာထွက်လာတဲ့ ယုံကြည်ချက် အကိုင်းအခက် အချက်အလက်တွေဖြစ်တယ်။

ဒါကြောင့် ဓလေ့စွဲတို့ကို စိတ်ထဲမှာ မထားမိအောင် ကြိုး စားကြရမ်းပါ။

မှန်ပါဘုရား။

## အတ္တဝါဒုပါဒါန်

၎င်းကား •သတ္တဝါဒစွဲဖြစ်သည်၊ သို့ဖြစ်ရင် အတ္တဝါဒဆို တာဘာလဲ-လို့ သိဘို့မလိုဘူးလား ဦးဘမောင်။

လို၍ လာပါတယ်ဘုရား။

၎င်းကို ဝေဒသသင်ကရိုက်ဘာသာဖြင့် အာတမ-ဟူ၍ ခေါ် သည်၊ ၎င်းအတ္တ(သို့မဟုတ်)အာတမကား ပရမတ္တမမှလွင့်စဉ်၍ ထွက်လာတဲ့အစိတ်အပိုင်းဖြစ်သည်။

၎င်းသည်မြဲ၏၊ ပျက်စီးခြင်းမရှိ၊ ခရစ်သက္ကရာဇ် မပေါ်မီ ၆-ရာစု ၇-ရာစု လောက်မှာ ရေပန်းစားလာတဲ့ အယူဖြစ်

သည်။

ဥပနိသာဒကျမ်းတို့၏ အဆိုအားဖြင့် ၎င်းအာတမခေါ် အတ္တသည် သေးငယ်သော လူသား၏ ပုံသဏ္ဍာန်ကို ဆောင်သော သတ္တဝါတခုဖြစ်သည်။

၎င်းသည် ရှိုးရိုးအချိန်မှာ နှလုံးသားတွင် တည်နေတယ်၊ လူသားအိပ်ပျော်နေတဲ့ အခါမှာ (သို့မဟုတ်) သတိမေ့နေတဲ့ အချိန်မှာ ခန္ဓာကိုယ်မှအခြားသို့ ထွက်ခွါ၍သွားတတ်သည်။

အကြင်အခါ၌ ၎င်းသည် ကိုယ်ကာယ အတွင်းသို့ ပြန်၍ ဝင်လာ၏၊ ထိုအခါမှ အသက်ဝင်၍ လှုပ်ရှားမှုများ ပေါ်လာတယ်။

လူသား သေသော အခါမှာ ၎င်းသည် အသေကောင် ရုပ်ကာယမှ ထွက်ခွါသွားပြီးလျှင် ဘဝ၏လုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်လေတယ်။

ဆိုလိုရင်းမှာ ဒီကိုယ်ပျက်လျှင် ဟိုကိုယ်သို့ဝင်၊ ဟိုကိုယ်ပျက်ပြန်တော့လဲ တခြားကိုယ်သို့ဝင်ပြန်တဲ့သဘောဘဲ။

အဲသလိုသဘောရှိတဲ့ အတ္တအယူဝါဒကို အပြင်းအထန်စွဲသန်းမှုဟာ အတ္တဝါဒုပါဒါန်ဘဲ။

အဲဒီအတ္တဝါဒအစွဲကို ဖြိုခွဲဘို့၊ ဖြုတ်ချဘို့ ဗုဒ္ဓက အမြဲတိုက်တွန်းခဲ့တယ်။

ဘာပြုလို့လဲဆိုတော့ ငါစွဲဆိုတဲ့ အတ္တစွဲဟာ ရေထက် ဆိုးဝါး ခံခက်သော ဒုက္ခဒဏ်ချက်ကို ဖြစ်စေ တတ်သောကြောင့် ဖြစ်တယ်။

ကပ္ပါ့ရုပ်ပစ္စည်းများဘွင် ငါ-အတတ် နည်းသလောက် ကပ္ပါ့ဆင်းရဲတွေ နည်းပါးသွားမယ်၊ ကပ္ပါ့တင်းမာမှုတွေလျော့

ပါးသွားမယ်၊ ကပ္ပါ လွတ်လပ်မှုတွေ ခိုင်မြဲလာမယ်။

အဲဒါလို ခိုင်မြဲလာတဲ့အခါမှာ လွတ်လပ်ရေးရဲ့အရသာကို ကပ္ပါသူ ကပ္ပါသားတို့ လက်တွေ့ ခံစားကြရပေလိမ့်မယ်။

အဲဒီအချိန်မှာ ကပ္ပါ၏ ငြိမ်းချမ်းမှုကြီး ထင်ထင်ရှားရှား ပေါ်ထွန်းထွက်ပြူ၍ လာပေလိမ့်မည်။

ယနေ့ ကပ္ပါဟာ ဗုဒ္ဓဘုရားရှင်ရဲ့ ငါဖြုတ် လမ်းစဉ်ကို လိုက်နေပြီ ဦးဘမောင်။

ယနေ့ကပ္ပါရှိ နိုင်ငံ အများတို့မှာ ဆိုရှယ်လစ် စံနစ် တည် ထောင်နေကြတယ်ဆိုတဲ့ သတင်းတွေကိုကြားရဲ့ မဟုတ်လား။

မှန်ပါ-ကြားပါတယ်ဘုရား။

ဦးပဥ္စင်းတို့ဗမာနိုင်ငံမှာလဲ ဆိုရှယ်လစ်စံနစ်တည်ဆောက်ရန် ကြိုးပမ်းနေကြပြီမဟုတ်လား။

အဲဒီမှာဆိုရှယ်လစ်စံနစ်ဆိုတာ ပုဂ္ဂလိကပိုင်ပစ္စည်းမရှိရဆိုတဲ့ အချက်နှင့်လူတန်းစားခွဲခြားမှု မရှိရဆိုတဲ့အချက်ပေါ်မှာအခြေ ခံတယ်။

ဒီတော့ ဆိုလိုရင်းက ဘာလဲ။

ပုဂ္ဂလိကပိုင်ပစ္စည်း ပယ်ဖျက်ရေးဆိုတာ ဗုဒ္ဓရဲ့ငါဖြုတ်ရေး ပင် ဖြစ်တယ်။

အဲဒီငါဖြုတ်ရေး အောင်မြင်တာနဲ့တပြိုင်နက် ဗုဒ္ဓကိုယ်တိုင် ရှိရဲ့ဝံ့ဝံ့ ဝန်ခံခဲ့တဲ့သန္တိသုခအစစ်ကို တထစ်ချ ရတော့မည်လို့ ယုံကြည်စိတ်ချရမယ် ဦးဘမောင်။

မှန်လှပါဘုရား။

## ဘဝ–ဒသမနိဒါန

ငင်းပုဒ်၏ တိုက်ရိုက်အနက်ကား-အဖြစ်သဘောပင်။

ငင်းကား-အနက်မြန်မာ မပြန်ဆိုဘဲနှင့် မြန်မာလူမျိုးတိုင်း အတိအကျဆိုလိုရင်းအဓိပ္ပါယ်ကို နားလည်နေတဲ့ပါဠိ စကားလုံး ဖြစ်သည်။

ယနေ့သော် ငင်းဘဝဆိုသောပုဒ်သည် မြန်မာ ဝေါဟာရ အစစ်ဖြစ်လျက်ရှိနေချေပြီ။ ထိုအဖြစ်သဘောကို ပုံဆောင်ပြတဲ့ အင်္ဂလိပ်ကုပုံကလဲပျက်နေတယ်၊ ဂျပန်ပုံမှာကဘော့လဲ မသဲမကွဲ ဖြစ်နေတယ်။

သို့ရာတွင် တိဗက်ပုံမှာတော့ပဋိသန္ဓေကိုယ်ဝန် - ဆောင်မိန်းမ၏ ပုံနှင့် သရုပ်ဖော်ထားခဲ့သည်။

သို့ရာတွင် အမိ၏ သားအိမ်တွင်း၌ အမိ၊ အဖ နှစ်ပါးတို့၏ ဂန္ဓဗ္ဗဓာတ်ပါသော သွေးစပ်မိ၍ ကလလရေကြည် စတင်တည် နေတဲ့ အချိန်ကလေးကိုဘဝ(၀၁) အဖြစ်ဟုဆိုနိုင်သည်။

## ဇာတိ–ဧကာဒသမနိဒါန

ငင်းကို ကလေးဖွားတဲ့ပုံနှင့် ရုပ်လုံးဖော်ထားသည်။

ဇာတိဟူသောပုဒ်၏အနက်ကို ဦးဟုတ်စိန်၏ ပဒတ္ထမဉ္ဇူသာ မည်သော ပါဠိမြန်မာ အဘိဓာန်၌ မွေးဖွားခြင်း၊ ပဋိသန္ဓေ နေခြင်း ဟု ဖွင့်ဆိုထားသည်။

ထို့ပြင် ရိုက်စ်ဒေးဗစ်၏ ပါဠိအင်္ဂလိပ် အဘိဓာန် တို့နှင့် ဆာမွန်နီယာ ဝီလျမ်၏ သက္ကဋ အင်္ဂလိပ်အဘိဓာန်တို့၌ မွေးဖွား ခြင်း ဟူ၍ဖွင့်ဆိုသည်။

သို့ဖြစ်ရာအမိ၊ အဖနှစ်ဦးတို့၏သုက်သွေး ရောစပ်ရာ ကလလ ဆိုတဲ့ဘဝမှနေ၍ မွေးဖွားသည် တိုင်အောင်သော နောက်ပိုင်း တလျှောက်လုံးကို ဇာတိဟုယူလျှင် သင့်လျော်လောက်ပါသည်။

အဲဒီ-ဇာတိ သဘောကလေးကြောင့် ရင့်ကျက်မှုဆိုတဲ့ ဇရာ သဘောတွေ ပေါ်ပေါက်၍လာရမြဲဖြစ်သည်။

## ဇရာ-ဥပါဒ်သမနိဒါန

နောက်ဆုံးဖြစ်တဲ့ နိဒါနကား ဇရာဆိုတဲ့ အိုခြင်းသဘောပင် ဖြစ်သည်။

အဲဒီအိုခင်းတယ်၊ယိုယွင်းတယ်ဆိုတဲ့သဘောလက္ခဏာတွေက လူသား၏ ရုပ်ကာယ၌တနေ့တခြား ထင်ရှား လာတယ်၊ တနေ့ တခြား တိုး၍တိုး၍လာတယ်။

အမိဝမ်းတွင်း၌ ကလလရေကြည် စတင်တည်နေသောအချိန် မှ စ၍ ဇရာဓမ္မ၏ ရင့်ကျက်မှုလုပ်ငန်း အစပျိုးခဲ့တယ်။

ဥပ္ပါဒနှင့် ဝယဆိုတဲ့ ဖြစ်-ပျက်စက်ကလဲအဆက်မပြတ် လည် ခဲ့တာ။

သို့ရာတွင်ဧင်းစက်ကလဲ ချက်ညီအောင်မရိုက်ဘဲ တခါတခါ ဖြစ်၊ ဖြစ်၊ ပျက် ရိုက်ခတ်၍ တခါတလေသော် ဖြစ်၊ ပျက်၊ ပျက် ရိုက်တတ်ပြန်လေတယ်၊ အပျက်ရိုက်ခတ်မှု တိုးပွားသလောက် အိုခြင်းလဲ ဆိုးရွားလာမြဲဖြစ်သည်။

ထိုသည့် ဇရာဓမ္မသည်လူသား၏ ရုပ်ကာယတွင် ပေါ်ထင်၍ လာမြဲဖြစ်သည်။

လူသား၏ ရုပ်ကာယဟူသည်ကား-မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ဟဒယဆိုတဲ့ရုပ်ကြည်ခြောက်မျိုးတို့ရဲ့ အပေါင်းဖြစ်သည်၊

ဤရုပ်ကြည်ခြောက်မျိုးတို့သည် လူသတ္တဝါကလေး အမိရဲ့ ဝမ်း ကြာတိုက်အတွင်းမှ အပြင်ကပ္ပ ါလောက အတွင်းသို့ သက် ဆင်းတဲ့အချိန်ကစပြီး မပြတ်တစေလည်ရှိနေကြကုန်၏။

မျက်စိသည် တစုံလုံးမှိတ်၍ အိပ်ပျော်နေတဲ့ အချိန်မှတပါး အခြားကာလများ၌ အမြဲတစေ အလုပ်ကိစ္စတခုခုကိုဆောင်ရွက် လုပ်ကိုင်နေမြဲဖြစ်သည်။

မျက်စိအလုပ်ကိစ္စကား-ကြည့်မှု၊ မြင်မှုဖြစ်သည်။

အဲဒီမှာ ကြည့်တယ်၊ မြင်တယ်ဆိုဒါလဲ မျက်စိရုပ်ကို အပြင် ရူပါရုံတို့က တိုက်ရိုက်ထိခိုက်ခြင်းဖြစ်သည်။

ယင်းသို့ အထိ၊ အခိုက်၊ အပွတ်အတိုက် အကြိမ်ပေါင်းများ စွာ ခံရသောမျက်စိသည် နေ့စဉ်နှင့်အမျှ အိုမင်းရှုလာလိမ့်မည်၊ ယိုယွင်း၍ လာလိမ့်မည်။

ထိုမျှမက အလွန်ပြင်းထန်တဲ့ ပွတ်တိုက်ထိခိုက်မှုမျိုးနှင့် ကြုံ ကြိုက်တဲ့အခါမှာ မျက်လုံးပေါက်ကွဲ၍ ထွက်သွားတဲ့ အဖြစ်မျိုး နှင့် တိုးရသေးတယ်။

သေချာစွာတွက်ကြည့်ရင် ဒီမျက်လုံးတစုံဟာလူတယောက်၏ ကိုယ်ကာယတွင် အပွတ်၊ အတိုက်၊ အထိ၊ အခိုက်၊ အများဆုံး ခံရတဲ့ (တနည်းဆိုရလျှင်) လူသားကိုယ်တိုင်အများဆုံး အသုံး ပြုတဲ့ ကိုယ်အင်္ဂါဖြစ်တယ် မဟုတ်လား။

ဦးဘမောင်။ ။မှန်ပါတယ်ဘုရား။

စက္ခုပသာဒ ရုပ်ကြည်ဟာလဲ အရင်းမူလမှာ ရုပ်တရားအစစ် ဖြစ်ခြင်းကြောင့် ဖြစ်ပျက်ဆိုတဲ့သင်္ခါရစက်ကွင်းတွင် ကျင်လည် နေရတဲ့တရားဖြစ်တယ်၊ ဤသို့သော အကြောင်း များကြောင့် လူသား၏ကိုယ်ကာယတွင် အမြင့်ဆုံး၊ အမြတ်ဆုံး ထင်မှတ်နေ

ရတဲ့ မျက်လုံး နှစ်ခုဟာလဲ အိုမှု၊ ရင့်ရော်မှုကို မကျော်လွှန်နိုင်ဘူးလို့ မှတ်ရမယ်။

တခါ သောတဆိုတဲ့ နားကို ကြည့်ပါဦး၊ ၎င်းရဲ့ ကိစ္စက ကြားမှုဖြစ်တယ်။

၎င်းလဲမျက်စိလိုဘဲ ကြားမှုဆိုတဲ့ ကိစ္စကို နိုးပြီးသတိမသစ်တဲ့ အချိန်မှာ အမြဲတမ်းဆောင်ရွက် လုပ်ကိုင်နေတယ်။

ဘို့အတူပင် နှာခေါင်းကလဲ ဃာနကိစ္စနှင့် အသက်ရှုတဲ့ ကိစ္စ၊ လျှာကလဲ ဿာယနကိစ္စ၊ ကိုယ်ကလဲ ဖုသနကိစ္စ၊ ဟဒယ ခေါ်တဲ့ မနကလဲ တွေးတောခြင်း ကိစ္စတို့ကို အသီးအသီး ဆောင်ရွက် နေကြတယ်။

ဒါလို ဆောင်ရွက် နေကြရတာကို မြင်လျှင် ထိုထိုရုပ်တရားများရဲ့ ဇီရဏဆိုတဲ့ သဘောကို ဟောနေစရာ၊ ပြောနေစရာ လိုသေးသလား။

မလိုတော့ပါဘုရား။

လူသားသည် ဇာတိကျွဏကို ကျော်လွန် ပြီးသည်နှင့် တပြိုင်နက် ဇရာ၏ နယ်အတွင်းသို့ ချင်းနင်း ဝင်ရောက် လာခဲ့တာဘဲ။

ဇရာနယ်ကသဲ မရဏနယ်နှင့် စပ်၍နေတယ်၊လှမ်းကြည့်လိုက်ရင် မြင်နေရသလောက်ပါဘဲ၊

အဲသည်လို ဆံဖြူ၊ သွားကျိုး၊ မျက်စိမှုန်၊ နားထိုင်းပြီး ခါးကလဲကုန်း၊ အကြောတွေ ပြိုင်းရယိုင်းကျ ရွတ်တွကြီးဖြစ်လာတောင်မှ မေ့မေ့လျော့လျော့နဲ့ ပျော်ကာပါးကာ သွားလာနေတဲ့ လူအိုတွေအများကြီး မဟုတ်လား။

မှန်ပါဘုရား။

ဒါပေမဲ့မရဘူး-ဦးဘမောင်။

အဲဒီ စ-သ-ဃ-ဇ-က-ဟ ဆိုတဲ့ စက်ခြောက်လုံး ရပ်လိုက်တာနဲ့ တပြိုင်နက် ဇီဝိန်ချုပ်ကြွေ သေတော့တာ။

အဲဒါ မရဏာဆိုတဲ့ သေခြင်းသို့ ရောက်တဲ့အခါ ၎င်းရဲ့ အခြေအရံ ဖြစ်တဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ ဝိုင်းအုံပြီး ဖြစ်ပေါ်လာကြတော့တာဘဲ။

သဘာဝဓမ္မရဲ့ ဖြစ်-ပျက်လမ်းစဉ်ကို ရှင်းရှင်းလင်းလင်းအမြင်ဉာဏ်ရောက်ပြီး သဘောအမှန် ပေါက်တဲ့ လူများ အဖို့တော့ အဲဒီ-စိုးရိမ်ပူဆွေးမှု၊ ငိုကြွေးမှု၊ ဝမ်းနဲဆင်းရဲမှု၊ နှလုံးမလမ်းညှိုးနွမ်းမှု၊ မျောက်မီးခဲကို ကိုင်မိသလို ဖြစ်မှုများမဖြစ်ပေါ်လာနိုင်ဘူး။

အဲဒါကြောင့် အားလုံးသော သင်္ခါရ ဓမ္မတို့ရဲ့ ဖြစ်ပုံပျက်ပုံ အလုံးစုံကို အာရုံထင်ဘင် မြင်နိုင်မှ အမှားကို လွန်မြောက်၍ အမှန်သဘော ပေါက်နိုင်မယ်။

အဝိဇ္ဇာကစပြီး မှားလာကြတဲ့ သတ္တဝါတွေဟာ ငါတို့ဘာမှားနေတယ်၊ ဘယ်လိုမှားနေတယ်ဆိုတာကို သိတဲ့တနေ့ အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာရောက်လာမယ် မဟုတ်လား။

မှန်ပါဘုရား။

ဝိဇ္ဇာ ရောက်ဘာနဲ့ တပြိုင်နက် ခုတင်က ပြောခဲ့တဲ့သောက၊ ပရိဒေဝတွေ အကုန်ခမ်းခြောက်၍ သွားလိမ့်မည်။

အဲဒါကြောင့် အဝိဇ္ဇာပျောက်ပြီ ဝိဇ္ဇာဉာဏ်အလင်းရောက်အောင် ကြိုးပမ်းအားထုတ် နိုင်ကြပါစေသတည်း။

ရှုပါရုံကို မြင်လိုက်ပြီးတဲ့နောက် ရှောင်ဇရာနှင့် သုံးစရာကို သိရင် တော်ရောပေါ့တဲ့။

မျက်စိနှစ်လုံး ရထားတဲ့ ကိစ္စက အဲဒါ လောက်တင်အသုံး ချဘို့ဘဲ။

ဦးဘမောင် တို့က ဒါထက်–ပိုပိုပြီး အသုံးချနေ ကြလို့ ဘုရားရှင်က ဒီလောက်တင် ရပ်ကြစမ်းပါတဲ့။

မှန်လှပါ ဘုရား။

အဲဒီတော့ စက္ခုမျက်စိနဲ့ ရူပါရုံထိပြီတွေ့ပြီ၊အဲဒီအခါ ဘယ် သူဘဲ၊ အော်–ဘယ်ဝါဘဲ ဆိုတာသိဘို့ စက္ခုဝိညာဏ်ပေါ်လာ တယ်။

အဲဒီသုံးခု တိုက်ဆိုင်တွေ့ထိလို့ ဖဿဖြစ်တယ်။

ဖဿဖြစ်ရင် ဝေဒနာ ဖြစ်တယ်။

တော်ပီ၊ နောက်ထပ်ဆင့်လို့ ဘာမှမဖြစ်စေနဲ့၊ ဖြစ်လာရင် အပိုတွေဘဲတဲ့၊ ဒီအပို တွေကို ငါ၏ ချစ်သားများ မလုပ်ကြ ပါနဲ့။

အဲဒီ စက္ခု၊ ရူပ၊ စက္ခုဝိညာဏ၊ ဖဿ၊ ဝေဒနာ ဒီလေးချက် နှင့်ဘဲ သင်ချစ်သားတို့ရဲ့ မျက်စိနဲ့ ပတ်သက်တဲ့ ကိစ္စပြီးနိုင်ပါ တယ်လို့ ဘုရားရှင်ကဟောခဲ့တယ်။

အဲဒီလိုဟောခဲ့တဲ့ ဘုရားရှင်ရဲ့ အလိုအတိုင်း အဲဒီနေရာမှာ ရပ်နားရှိ ထားလိုက်ရင် စွဲဘို့ရာများ အဲဒီအထဲမှာ ပါသေး သလား။

မပါတော့ပါဘုရား။

အဲဒီလို စွဲဘို့မပါတော့ ဝိရာဂ ဖြစ်မသွား ဘူးလား၊ ကော် အစေးဆိုတဲ့ ချေးတွေ၊ ညှော်တွေ ကွာမသွားဘူးလား၊အကယ် လို့များ ဝိရာဂ ဖြစ်သွားရင် ဦးဘမောင်ကြီး လွတ်သွားပြီ၊ ကျွတ်သွားပြီ၊ လွတ်လွတ် ကျွတ်ကျွတ် ဖြစ်တော့ သွားချင်ရာ

သွား၊ စားချင်ရာစား၊ အိပ်ချင်ရာအိပ်၊ နေချင်ရာနေ၊ ထိုင်ချင်ရာထိုင် နိုင်တဲ့ဘဝ ရောက်မသွားဘူးလား။

ရောက်သွားရင် သစ်ပင်တောတောင်မရှိတဲ့ အဇဋ္ဌာကာသ ခေါ် လေဟာပြင်မှာ တိုက်ခပ်နေတဲ့ လေကဲ့သို့ပင် ဦးဘမောင်မှာ ဘာမှအတားအဆီး မရှိတော့ဘူး မဟုတ်လား။

အဲဒါ ဝိမုစ္စတိဆိုတဲ့ လွတ်လပ်မှုဘဲ။

ယခုဘော့ ဟိုရောက်၊ ဒီရောက်၊ ဘယ်ရောက်၊ ညာရောက်၊ အိမ်ရောက်၊ ဈေးရောက် ဖြစ်နေတော့ မဟန်သေးဘူးပေါ့။

အကယ်ကို ဝိမုစ္စတိ ဖြစ်ကဲ့လား ဆိုတော့ မဖြစ်ဘူး၊မလွတ်ဘူးဖြစ်လာတယ်၊ ဘာပြုလို့ မလွတ်လပ်သလဲ ဆိုတော့ ချည်ထားတဲ့ ကြိုးကလေးတွေကရှိနေသေးလို့ပေါ့။

အဲဒီကြိုးကလေးတွေကိုလဲ ဖြတ်ဘို့အချိန် မရောက်သေးလို့ မဖြတ်တောက် ကောင်းသေးဘူး ထင်လို့ မဖြတ်ဘဲ ထားဒါမဟုတ်ဘူးလား၊ မဖြတ်ချင်လို့ ထားတာပါ၊ ဖြတ်ချင်တဲ့အခါမှာ လွယ်လွယ်နဲ့ ဖြတ်နိုင် ပါတယ်လို့ တချို့က ပြောကြတယ်။

ဒါပေမဲ့ တချို့မှာသေသည်တိုင်ရော တချောင်းမှ မဖြတ်ရသေးဘူး။

အဲဒီတော့ဘုရားရှင်က ယနေ့တွေ၊ နက်ဖြန်တွေ လုပ်မနေကြနဲ့၊ မင်းတို့ကိုယ်ကို အချည်မခံကြနဲ့တဲ့။

ဟောဒီ စက္ခု၊ ရူပ၊ စက္ခု ဝိညာဏ၊ ဖဿ၊ ဝေဒနာတင် ရပ်ကြတဲ့။

မရပ်ဘဲ ဟိုဘက် လွန်သွားရင် ဘာလာမလဲ။

ကြိုးကလေးလာမယ်။

အဲဒီ ကြိုးကလေးနဲ့ တချက်ချက်မိရင် ပြီးရော၊ မင်းတို့ မလှုပ်နိုင်တော့ဘူး- ရယ်လို့ ဘုရားရှင်က ဟောခဲ့တယ်မဟုတ်လား။

မှန်ပါ ဟောခဲ့ပါတယ် ဘုရား။

အဲဒီတော့ ဘုရားရှင်က အဲဒီကြိုးတွေနဲ့ မချည် မိအောင် အားထုတ်ကြစမ်းပါ၊ အကယ်တစေ ချည်ပြီးသား ဖြစ်နေရင်လဲ အမြန်ဆုံးနည်းနဲ့ ဖြတ်ပစ်ဘို့ ကြိုးစားကြစမ်းပါလို့ အထပ်ထပ် နှိုးဆော်ခဲ့တယ် မဟုတ်သား။

လူသားရဲ့ မျက်စိဟာ အင်မတန် အရေးကြီးတဲ့ ဘုရားစသော ရူပါရုံကိုလဲမျက်စိနဲ့ဘဲ မြင်တယ်၊ပြီးတော့ သား၊မယားစသော ရူပါရုံလိုလဲ သူနဲ့ဘဲ မြင်တာဘဲ၊ ပြီးတော့ ကာမနဲ့ စိတ်သက်တဲ့ အာရုံတွေနှင့်တကွ နေကြမှနှင့် ပတ်သက်တဲ့ အာရုံတွေကိုလဲ သူနဲ့မြင်တာဘဲ၊ အဲဒါလို အာရုံအမျိုးအစုံကို မျက်စိကသာ မြင်နိုင်တယ်။

အဲသလို မြင်နိုင်တော့ ရူပါရုံကို ရုပ သက်သက်လို့မြင်လိုက်ရင် တမျိုးဖြစ်တယ်။

ရူပါရုံဟာ ရုပ်တရားသက်သက်ထက် မပိုဘူး။

အဲဒီနေရာမှာ နာမပညတ်တွေ သွားပြီးတော့ မထပ်နှင့် ထပ်လိုက်ရင် ဘာဖြစ်မလဲ ဆိုတော့ ဝိညာဏ် ရောက်တော့ အသိ လွဲမှား၍ သွားလိမ့်မယ် မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီရူပါရုံကို ရုပ်ရယ်လို့မမြင်ဘဲနဲ့ နွားလို့ မြင်လိုက်ရင် စက္ခု ဝိညာဏ်ကျတော့ ဒအသိတမျိုးဖြစ်၍ သွားလိမ့်မယ်၊ ရုပ်

လို့မသိဘဲ နွားလို့သွားသိတယ်၊ နွားလို့ သိတာဟာ မှန်သသား- မှားသလား?

မှားပါတယ်ဘုရား။

အဲ- နွားလို့သိတာမှားရင် ယောကျ်ားလို့ သိတာကော မှန်ပါအုန်းမလား၊ မမှန်တော့ဘူး မိန်းမလို့ သိတာလဲမှားတယ်၊ ဒီသဘောတရားတွေဟာ စဉ်းစားရင် ပေါ်ပါတယ်၊ မျက်စိနှင့် ရူပါရုံ မြင်တုန်းကတဲက ရုပ်ကိုမမြင်ဘဲနှင့် နွားကို မြင်လာရင် စက္ခုဝိညာဏ် ကျတော့လဲ နွားလို့ဘဲသိမှာပေါ့။

အဲဒါလို သိရင်းကနေပြီး ဖဿတို့၊ ဝေဒနာတို့၊ တဏှာတို့ တဆက်ထဲ ဖြစ်သွားတာပေါ့။

အဲဒီတော့ ရူပ အဆင့်အတန်းက နွားဟူ၍ရင်း၊ မိန်းမဟူ၍ရင်း မမြင်ဘဲ ရုပ်ကို မြင်လာတဲ့ ဦးဘမောင်တို့မှာ တဏှာဘက်သို့ ကျော်တက်စရာ လိုသေးသလား။

မလိုတော့ပါဘုရား။

ကဲမလိုရင် ရူပ နှောင်ကြိုး ကတော့ ဦးဘမောင်လွတ်သွားပြီ၊ ကျွတ်သွားပြီ။

ကဲ ဦးဘမောင်တို့ ဖြတ်တောက်ရမဲ့ နှောင်ကြိုးက ဘယ်နှစ်ချောင်းရှိသလဲ။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ နှောင်ကြိုးဆိုတဲ့ နှောင်ကြိုးငါးချောင်းရှိတယ် မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

ကနေ့ညအဘို့ ဦးဘမောင်တို့လူစု စက္ခုနှင့် ရူပကြားထဲမှာ အယောနိသော မနသိကာရဆိုတဲ့ ထောက်တီးတောက်တဲ့တွေးတောမှုကြောင့် အချောင်ပေါ်လာတဲ့ တဏှာနှောင်ကြိုးဖြတ်ဘို့

စိတ်ပိုင်းဖြတ်လိုက်ကြစမ်းပါ၊ အပုံကြီး၊ အများကြီး သက်သာသွားပါလိမ့်မည်။

ကြိုးငါးချောင်းနှင့် တင်းနေအောင် ချည်နှောင်ထားခြင်း ခံရတဲ့သတ္တဝါမှာ ကြိုးတချောင်း ပြတ်သွားရင် ဘယ်လောက် သက်သာသွားမလဲဆိုတာ စဉ်းစားပါ။

သောတံစ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော သောတသ္မိံပိ နိဗ္ဗိန္ဒတိ၊ သဒ္ဒေပိ နိဗ္ဗိန္ဒတိ၊ သောတဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဖဿေပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

သောတံစ၊ နားကိုငြင်း။ သဒ္ဒေစ၊ အသံကိုငြင်း။ ပဋိစ္စ၊ အမှီသဟဲအစွဲပြု၍။ သောတဝိညာဏံ၊ နားသိသောတဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံသင်္ဂတိ၊ သုံးခုပေါင်းမိလို့။ ဖဿော၊ အတွေ့ဖဿဖြစ်။ ဖဿပစ္စယာ၊ အတွေ့ဖဿကြောင့်။ ဝေဒနာ၊ ခံစားမှုဖြစ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံပဿံ၊ ဤသို့ရှုသော၊ အရိယသာဝကော၊ အရိယသာဝကသည်။ သောတသ္မိံပိ၊ နား၌လည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၍လာ၏။ ဖဿေပိ၊ ဖဿ၌လည်း၊ နိဗ္ဗိန္ဒတိ၊ နှလုံးနာ၍လာ၏။ နိဗ္ဗိန္ဒံ၊ ငြီးငွေ့သော်။ ဝိရဇ္ဇတိ၊ ကောင်းစေး ပျက်လေတော့၏။ ဝိရာဂါ၊ အစေးပျက်ကြောင့်။ ဝိမုစ္စတိ၊ လွတ်လေကျွတ်လေတော့၏။ ဝိမုတ္တသ္မိံ လွတ်ခဲ့ကျွတ်ခဲ့သော်။ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ သိလေတော့၏။

အဲဒီတော့ကာ နားနှင့်အသံကိုကြားရင် သုတေ သုတမတ္တ ပို့ ဟောခဲ့တဲ့အတိုင်းကြားတာကိုကြားတဲ့တိုင်းတိုင်းထားလိုက် ရုံဘဲ။

အပြင်ဗဟိဒ္ဓက အသံသဒ္ဒါက နားပေါက်ထဲက သောတ ပသာဒရုပ်ကို လာပြီး ထိခိုက်တယ်၊ ဒါကြောင့် ကြားတယ်၊ ခေါ်ရော့ပေါ့။

အဲဒီအသံကိုဆိုးတယ်၊ ကောင်းတယ်၊ တကျော့သံဘဲ၊ ချော့ပါ သံဘဲသွားမလုပ်နဲ့၊ ယောကျ်ားသံဘဲမိန်းမသံဘဲ သွားမလုပ်နဲ့၊ ခွေးသံ နွားသံ စသည်နာမပညတ်တွေ သွားပြီး မတပ်နဲ့၊ အဲဒီလို အသံမှာ နာမပညတ်မတပ်ဘဲ အသံသက်သက် ထားလိုက်ရင် ဘုံဆိုတဲ့ရောဂါ ဖြစ်နိုင်ပါ့အုန်းမလား။

မဖြစ်နိုင်တော့ပါဘုရား။

အဲဒီလို မဖြစ်နိုင်တော့ကာ ဝေဒနာပစ္စယာတဏှာ–လို့ ရှေ့ တဆင့်တက်ဖို့ရန် လိုသေးသလား။

ဦးဘမောင်။ ။မလိုတော့ပါဘုရား။

အဲဒါကြောင့်အဲဒီအတိုင်း(ဝါ)သဒ္ဒအသံတိုင်းတိုင်းကြားသော့ အရိယ သာဝကသည် မိမိနားခြင်း၊ ကြားရတဲ့ အသံခြင်း၊ သောတဝိညာဏ်ခြင်း၊ ငြီးငွေ့ရှုမုန်း နှလုံးနာ၍လာ၏၊ ဖဿ နှင့် ဝေဒနာတို့ကိုလဲ စက်ဆုတ်၍လာ၏။

ထိုအခါ နား၊ အသံ၊ သောတ ဝိညာဏ် တို့ခြင်း၊ ဖဿ ဝေဒနာတို့ခြင်း အစုံကွာလေတော့၏။

အဲဒါလိုသောတနှင့်ဆိုင်ရာ အစုံတွေ တခါထဲ ပြုတ်ကျသွား လေတောတယ်။

အဲဒီမှာအစွဲတွေပြုတ်ကျသွားသည်နှင့်တပြိုင်နက်ဦးဘမောင် တို့မှာ ချည်ထားတဲ့ ကြိုးတချောင်းပြုတ်ထွက်ရှသွားပြန်ပြီ မြင် လိုက်ကဲ့လား ဦးဘမောင်။

မြင်လိုက်ပါပြီဘုရား၊

ဒီတော့—ဦးဘမောင်တို့ ဖြုတ်ဖို့၊ တောက်ဖို့ ကြိုး ဘယ်နှစ် ချောင်း ကျန်သေးသလဲ။

သုံးချောင်း ကျန်ပါသေးတယ်ဘုရား။

ဃာနံစ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ စတဲ့ ဘုရား ဟော ပဋ္ဌတော်ကတော့ ရှေးက စကျသောတတ အတိုင်းပါဘဲ။

ဃာနဆိုတာ ဘာသဲ။

မျက်စိနှစ်လုံးတို့ရဲ့ အကြားမှာ ရေခဲကျန်းတန်း လေးလို တန်းနေတဲ့ အင်္ဂါကို နှာခေါင်းလို့ ခေါ်တယ်။

ဒီတော့-ဒီနှာခေါင်းကြီး တခုလုံးဆိုပါတော့။

သူရဲ့အင်္ဂါ အစိတ်အပိုင်းတွေကိုခွဲရင် ဟိုအထဲမှာ ကမ့်ဟာ တန်ဆာပလာတွေ အင်မတန်များတယ်။

အဲဒီတော့-နှာခေါင်းဆိုရင် ဒီနှာခေါင်းကြီးဘဲ မှတ်လိုက်၊ အပြင်ဘက်မှာရှိတဲ့ ဂန္ဓာရုံအနံ့နဲ့၊ ဒီနှာခေါင်းအတွင်းမှာရှိတဲ့ ဃာနပသာဒရုပ်နဲ့ လာတိုက်တဲ့အခါကျတော့ ဃာနဝိညာဏ် ဖြစ်တယ်။

အဲဒီဃာနရယ်၊ ဂန္ဓရယ်၊ ဃာနဝိညာဏ်ရယ် ဒီသုံးခုပေါင်းမိ တဲ့ အခါကျတော့ ဖဿဆိုတဲ့သဘောတရား ဖြစ်လာတယ်။

အဲဒီအတွေ့ဖဿကြောင့်ဝေဒနာဖြစ်တယ်၊အဲဒီဝေဒနာရောက် ရင် တော်ပြီ၊ ရှေ့တဏှာ မဆက်စေနဲ့၊ တဏှာ မဆိုက်အောင် ဘယ်ကနေ ဖမ်းပြီးတားရမလဲ။

ဂန္ဓဆိုတဲ့ အနံ့ကနေပြီး တားရမယ်၊ ဒီတဏှာကိုသတ်ရမယ်။

ဂန္ဓဆိုတာက ရုပ်တရား၊ အဲဒီတော့ ရုပ်ကိုရုပ်တိုင်းတိုင်းထား ရမယ်၊ အဲဒီရုပ်တရားကိုသွားပြီးဟိုနှယ်၊ သည်နှယ် ဖွယ်ဖွယ်ရာရာ နာမပညတ်တွေ မတပ်နဲ့၊ သနပ်ခါးတို့၊ ကရဝေးက်တို့ နံ့သာဖြူနီ တို့၊ ကြူတိကြူရာတို့၊ဘာတို့ဆိုတာတွေနဲ့ သွားပြီးမရှုပ်နဲ့၊ ဂန္ဓကို ဂန္ဓသက်သက်ထားရင် သူ့အတွက် ကောင်းတာ၊ ဆိုးတာပေါ် ပါ့အုန်းမလား။

မပေါ်တော့ပါဘုရား။

အဲကောင်းဒါ၊ ဆိုးဒါမပေါ်ရင် ဝေဒနာ သက်သက်ဘဲဖြစ် တော့မယ်။

အဲသလို ဝေဒနာကို ဝေဒနတိုင်းတိုင်း ထားလိုက်ရင် တဏှာ ပေါက်ဖွားလို့ရပါ့မလား မရဘူး။

ဒီနေရာမှာ ဃာန နှာခေါင်းရဲ့ ကိစ္စရယ်၊ ဂန္ဓဆိုတဲ့ အနံ့ သဘောရယ် ဒီနှစ်ခုကို ရှင်းဘို့လိုလာတယ်။

ဃာနရဲ့ အလုပ်ကိစ္စဟာ ထွက်သက်နှင့် ဝင်သက်ကို ထုတ်ဖို့ ရှူဖို့ဘဲ။

လေဟာပြင်ထဲမှာ ထိုင်ပြီး အားရပါးရ ရှူထုတ်ကို လုပ်နေ တဲ့သူ (ဝါ) အသက်ရှူနေတဲ့သူမှာ ဂန္ဓဆိုတဲ့ အနံ့ ပါသေးသ လား။

မပါပါဘုရား။

လေ-သန့်ရှင်းရင် အနံ့မပါဘူး၊ လေမသန့်ရင် အနံ့ပါ တယ်။

ဒီတော့ ဘာအနံ့မှမပါတဲ့ သန့်ရှင်းသော လေကိုသာရှူနေ ရင် တဏှာဖြစ်ပါ့အုန်းမလား။

မဖြစ်တော့ပါဘုရား။

ဒီတော့- ဂန္ဓဆိုတဲ့ အနံ့ဟာ လေထဲစီးပြီး ခရီးကြုံ လိုက်လာတဲ့ ဧည့်သည်နဲ့တူတယ်။

ဒါလို ဒီအနံ့ရဲ့ ဇာတိရင်းမြစ်ကို ကျကျနနသိရင် သူ့ကို စွဲဖို့လိုသေးသလား။

အဲသလို မွှေးဒါတို့၊ နံတာတို့ မပေးဘဲနှင့် လေသက်သက်ကို ရှူနေတဲ့ ပုဂ္ဂိုလ်မှာကော ဝေဒနာသက်သက် မဖြစ်ဘူးလား။

ဖြစ်ပါတယ်ဘုရား။

ဒါပေမယ့်လို့ လေသက်သက် ရှူနေတဲ့အတွက် ဝေဒနာက နေပြီး တဏှာသို့ဆက်စရာ၊ ကူးစရာသူ့မှာမရှိတော့ဘူး။

အဲဒီသို့ တဏှာနယ်ဖက်သို့ ကူးစရာမလိုတော့ရင် ဦးဘမောင်တို့လူစုမှာ ဒီဃာနနဲ့ပတ်သက်တဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ပျက်သွားပြီ၊ ဆက်ပြီးမလည်နိုင်တော့ဘူး။

အဲသလို မလည်တော့ရင် ဦးဘမောင်တို့ လူစု ယနေ့ညဘဲ သံသရာ စက်ရဟတ်မှ ကျွတ်ပြီ၊လွတ်ပြီ၊ ကျွတ်ထွက်ပြီ-ဟု ကိုယ်တိုင်သိရမယ်တဲ့။

ပြီးတော့ ဘာလဲ။

ဇိဝှါစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ-တဲ့၊

စက္ခု၊သောတ၊ဃာနတို့နဲ့ အတူတူဘဲ။

ဃာနဆိုတဲ့ နှာခေါင်းရဲ့ အောက်နားမှာ ပါးစပ်ရှိတယ်၊ အဲဒီပါးစပ်ထဲမှာ လျှာရှိတယ်၊သွားပေါင်း ၃၀-ကျော်ရှိတယ်။

ပြီးတော့ အင်မတန်ထူးခြားတဲ့ လျှာခင် (ရှခင်)ဆိုတဲ့ အသားဆိုင်ကလေးလဲရှိတယ်၊ လျှာရဲ့အပြင်ကတော့ ချောတယ်။

အဲဒီလျှာနှင့် အပြင်ဘက်မှ သွင်းလာတဲ့ အာဟာရမှာပါတဲ့ အရသာတို့ တိုက်ဆိုမိကြတဲ့ အခါမှာ ဇိဝှာဝိညာဏ် ခေါ်တဲ့ လျှာအသိပေါ်လာတယ်။

လျှာရဲ့ ပဓာန ကိစ္စမှာ အရသာခံယူမှုပင် ဖြစ်တယ်၊စကား ပြောတာက လျှာရဲ့ ပဓာနကိစ္စ မဟုတ်ဘူး။

အဲဒါလိုမဟုတ်ခြင်းကြောင့် လျှာရယ်၊ အရသာရယ် ဒီနှစ်ခုကိုသာ ဘုရားက တွဲပြခဲ့တာ၊ လျှာနဲ့စကား မပြောဘဲနေလို့ လူကို ဒုက္ခပေးမလား၊ မပေးဘူး၊ ဘယ်လောက် ကြာအောင် စကားမပြောဘဲနေနေ လူမှာ ဘာမှမဖြစ်ဘူး။

ဒါပေမယ်လို့ လျှာနှင့် အရသာ မတွေ့ရတဲ့အခါ လူ၏ ကိုယ်ကာယ၌ ဒုက္ခ တမျိုးမျိုး ဖြစ်ပေါ်လာတတ်တယ်။ လျှာရယ်၊ အရသာရယ်၊ ဇိဝှာဝိညာဏ်ရယ် သုံးခုတွဲမိတော့ ဖဿဖြစ်တယ်၊ ပြီးတော့မှ ဝေဒနာဆိုတဲ့ ခံစားမှုဖြစ်တယ်။

အဲဒီသုံးမျိုးထဲမှာ ရသ၏ သဘာဝကို ရှေးဦးစွာအမြင်မှန် ပေါက်ထားဘို့လိုတယ်။

အရသာကလဲချို၊ ချဉ်၊ ဖန်၊ ငန်၊ စပ်၊ခါး ရယ်လို့ ခြောက် မျိုးရှိတယ်။

အဲဒီရသာခြောက်မျိုးကို စားတယ်၊ သောက်တယ်၊ လျက် တယ် ဆိုရင် အဲဒီရသာ ခြောက်မျိုးက ဒီခန္ဓာကိုယ်ကြီးတခုလုံး အပေါ်မှာ အကျိုး သက်ရောက်စေတတ်တယ်။

ဓာတ်နှုတ်ဆေးစားလိုက်ရင် ဝမ်းတွေ သွားတယ်၊ ဝမ်းပိတ် ဆေး စားလိုက်ပြန်တော့ တခါထဲဝမ်းရပ်သွားတယ်။

ခန္ဓာကိုယ်ကြီးတခုလုံး ချစ်ချစ်တောက် ပူလာတဲ့ အခါမှာ စေတတ်တဲ့ ဆေးဝါး ဓာတ်စာတို့ကို စားသုံးလိုက်ရင်ပူနေတဲ့

ဒဟတေဇောခတ်ဟာ အပူငြိမ်းပြီးတော့ သွေးတယ်။

အဲဒီကိစ္စတွေဟာ ရသာရုံ ကိစ္စတွေဘဲ၊ လျှာကလဲ သူ့ကိစ္စ သူဆောင်ရွက်တယ်၊ အရသာကလဲ သူ့လုပ်ငန်းကိုမလစ်မဟင်း ရအောင် ဆောင်ရွက်တယ်။

ဒါလိုသူ့ကိစ္စသူ ဆောင်ရွက်နေတာကို တိတိကျကျ မြင်ရမယ်၊ ပါးစပ်က၊ လျှာက စကားပြောတယ် ဆိုတာကတော့ သူ့ကိစ္စကို မဟုတ်တဲ့အတွက် ဘုရားရှင်က ပဋ္ဌာန်သမုပ္ပါဒ်ထဲမှာ ထည့်မဟောခဲ့ဘူး။

ဘာပြုလို့ထည့်ပြီး မဟောခဲ့သလဲဆိုတော့ အဲဒါကလျှာရဲ့ ပဓာန ကိစ္စမဟုတ်လို့ပေါ့၊ ပဓာနကိစ္စမဟုတ်ဘူး ဆိုဒါက အဲဒီ လျှာဟာ စကားမပြောဘဲနေရလျှင် လူသားကို ဒုက္ခပေးတတ်သလား၊ မပေးတတ်ဘူး၊မပေးနိုင်ဘူး၊ လျှာက ရသာရုံ မခံစားရရင်ကော လူမှာဆင်းရဲ ဒုက္ခဖြစ်မလား ဖြစ်မယ်။

အဲဒီတော့ ဒီသဘောတရားကို ကွဲပြားအောင် မြင်ထားရမယ်။

ဇိဝှါ°စ ပဋ္ဌိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏ°-ဆိုတဲ့ သုံးခုကို စစ်ကြည့်လိုက်တော့ ရသဟာ ရုပ်တရားဘဲ။

ရှေပ်သီးဆိုတဲ့ ရုပ်တရားက ထွက်လာတဲ့ အစပ်၊ ငှက်ပျောသီးက ထွက်လာတဲ့ အချို-ဆိုတော့ သူတို့လဲ ရုပ်တွေဘဲ၊ အဖန် အငန်၊ အဆိမ့်တို့ဟာလဲ ဒီအတိုင်းဘဲ။

အဲဒါလို ရုပ်ပစ္စည်းတွေက ထွက်၊ထွက် ပြီးတော့လာတဲ့ရသ၊ ဝိပါက ဂုဏ်ကိစ္စတွေကို ဦးပဥ္စင်းတို့က နားလယ်ရမယ်၊ နားလယ်တဲ့အတိုင်း စားသောက်သွားရင် ခန္ဓာကိုယ်၌ အကျိုးပြုတတ်တယ်။

ဒါကြောင့် ဒီရသာရုံကို ခံစားမှုတခုကိုသာ ဘုရားက ပဓာန ကိစ္စတပ်လိုက်တယ်၊ စကားပြောတာကို ပဓာနကိစ္စလို့ ဘုရားက မဟောဘူး။

ဘာပြုလို့လဲဆိုတော့ စကားပြောတာက သင်ယူရတဲ့ ပညာ ဖြစ်တယ်၊ မသင်ဘဲနဲ့ တတ်လာတာ မဟုတ်ဘူး၊ စပ်တယ်၊ ငန်တယ်- စတဲ့ရသာကို ခံစားမှုကိုကော သင်ယူရသေးသလား ဦးဘမောင်။

မသင်ရပါဘုရား။

အဲသလိုမသင်ရတော့ သဘာဝအတိုင်း၊ သိတဲ့အသိဘဲ။

အဲဒါလိုဇိဝှါရယ်၊ ရသရယ်၊ ဇိဝှါဝိညာဏ်ရယ်သုံးခုပေါင်း ဆုံမိတဲ့အခါမှာ ဖဿဖြစ်လာတယ်၊ ဖဿကြောင့် ဝေဒနာဖြစ် တယ်။

အဲဒီ-ဖဿအတွေ့ကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကို ချက် ခြင်း ဒီနေရာမှာမြုံ့သွားအောင် လုပ်ဖို့လိုတယ်။

သူမြုံ့ရင် မလိုလားအပ်တဲ့ သား၊ သမီးတွေ လက်ဆက်ပြီး မွေးနေလိမ့်မယ်။

သူမြုံ့သွားအောင်ဘယ်လိုလုပ်ရမလဲ၊ဟောဒီရသကိုသဘော ပေါက်အောင် ကြည့်နိုင်ရင် ချိုတာစွဲတယ်၊ ငန်တာစွဲတယ်၊ ဖန် တာစွဲတယ်၊ ခါးတာစွဲတယ်-ဆိုတဲ့ ဒီအစွဲတွေ ပျောက်မသွား ဘူးလား။

အဲဒီအစွဲတွေပျောက်သွားရင် ဝေဒနာ မြုံ့မသွား ဘူးလား၊ မြုံ့သွားရင် ဝေဒနာပစ္စယာ တဏှာ-လို့ ရှေ့တလှမ်း တက်ဖို့ ရှိပါသေးသလား။ မရှိပါဘုရား။

အဲဒီတင်ပြတ်မသွားဘူးလား၊ရုပ်မသွားဘူးလား၊ ပြတ်သွားပြီး၊ ရုပ်သွားပြီလို့မှတ်။

ဇိဝှ်စပဋိစ္စ-ကနေပြီးစတဲ့ စက်ရဟတ်ကြီး ပျက်သွားရင် ဆက်ရှိမလည်နိုင်တော့ သူ့ကိစ္စ ဒီတင်ဆုံးတော့ဒါဘဲ။

**ပြီးတော့ ဘာလာသလဲ။**

**ကာယံစ** ပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ **ကာယဝိညာဏံ၊ တိဏ္ဏံ** သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ ဘိက္ခဝေ သုတဝါ အရိယသာဝကော ကာယသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဖေါဋ္ဌဗ္ဗေပိ နိဗ္ဗိန္ဒတိ၊ ဝိမုတ္တသ္မိံပိ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။

အဲဒီကာယမှာလဲ ရှေးကနည်းအတိုင်းပါဘဲ။

ကာယဆိုတာ ဘာလဲဆိုရင် ကာယပသာဒရုပ်ပျံ့နှံ့၍ တည်ရာဖြစ်တဲ့ ဦးခေါင်းတို့ ဦးဘမောင်တို့ရဲ့ ခန္ဓာကြီး တခုလုံးကို ဆိုတာပေါ့။

ကာယဆိုတာကကော ဘာလဲ။

ရုပ်တရားလား နာမ်တရားလား။

ရုပ်တရားပါဘုရား။

ဖေါဋ္ဌဗ္ဗဆိုတာက ဒီကာယနှင့်မဆိုင်ဘူး၊ သူက ဘေးကနေပြီးတော့ လာတဲ့တရားမဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

အဲဗဟိဒ္ဓက လာတဲ့ ပူဆိုးရယ်၊ အင်္ကျီရယ်၊ ကော်ဇောရယ် သင်ဖြူးရယ် စသည်ဖြင့် တွေ့ထိစရာတွေ အများကြီးရှိတယ်။

အဲဒီလို တွေ့ထိတော့ ဘာဖြစ်သလဲ။

ပူနွေးတဲ့ အထည်နဲ့ ထိလိုက်ရင် ပူနွေးနွေးကလေး ပေါ်လာတယ်။

အေးတဲ့အထည်နဲ့ ထိလိုက်ရင် အေးအေးကလေး ပေါ်လာတယ်။

အဲဒီမှာ အအေးနဲ့ အပူကို ကြိုက်နှစ်သက်တဲ့ အစွဲပေါ်လာတတ်တယ်။

အဲဒီလို ပေါ်လာရင် အစွဲနဲ့ အမျှားကိုလိုက်ပြီး လူသားရဲ့ အလွဲအမှားတွေကို တွေ့မြင်နိုင်တယ်၊

ဗဟိဒ္ဓက လာရှိထိတဲ့ ပစ္စည်းကို ရုပ်မှန်း မသိလို့ ကိုးယိုကားယား ဖောက်လွဲဖောက်ပြန်တွေ ဖြစ်ကြတာပေါ့၊ ပိုးအကျီကို ပိုးအကျီလို့ သိနေတာ၊ နိုင်လွန်ကိုနိုင်လွန်လို့ သိနေတာဟာ မှန်ပါ့မလား။

မမှန်ပါဘုရား။

အဲဒါတွေကို ရုပ်တွေဘဲလို့ သိလိုက်ရင် ရုပ်နှင့် ရုပ်ချင်းထိတာဘဲ-လို့ အမြင်မှန် ပေါက်လာမှာဘဲ၊ နိုင်လွန်နဲ့ ထိတော့ သာယာတယ်၊ ခုံဘိနပ်တိုနဲ့ ထိတော့ ချာချာသယ် မသွားဘူးလား။

အမှန်ကတော့ အဇ္ဈတ္တိက မဟာဘုတ်ကြီးကို ဗဟိဒ္ဓ မဟာဘုတ်တွေက လာထိတာကိုဘဲ ဖောဋ္ဌဗ္ဗလို့ ခေါ်တယ်။

အဲဒါကိုဘဲ ဘာနဲ့ ထိတယ်၊ ဥဿာနဲ့ ထိတယ်နဲ့ တကဖဲသက်သွက်လယ်အောင် အမြင်မှားပြီးတော့ နာမပည်တ်တွေက မှိုင်းတိုက်လိုက်တာ သတ္တဝါတွေမှာ ကိုးယိုကားယားဖြစ်ကုန်ကြတာဘဲ မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

အဲသို့ကလိုကိုးယိုကားယားတွေ ဖြစ်လေလေဝေဒနာပစ္စယာ တဏှာသို့ ကူးပြန်လေလေဖြစ်တာဘဲ။

အကယ်၍သာ မူလကထဲက အတွင်းအဇ္ဈတ္တ ကာယနဲ့ အပြင် ဖေါ်ဋ္ဌဗ္ဗတို့ ထိတာဟာ သာယာဘွယ်လား၊ နှစ်မျို့ဘွယ်လား၊ ချစ်ခင်ဘွယ်လား၊ မုန်းဘွယ်လား-လို့ မေးကြည့်တဲ့ အခါကျ တော့ ချစ်ဖွယ်၊ မုန်းဖွယ် မဟုတ်ဘူးလို့ တွေ့ရတယ်။

ရုပ်နှင့်ရုပ်ချင်း ထိခိုက်မိခြင်း ကြောင့်ဘဲဆိုတာ သိထားလို့ ပေါ့။

အဲဒါလိုသိထားတဲ့အတိုင်း ကာယရယ်၊ ဖေါ်ဋ္ဌဗ္ဗရယ် ဆိုတာ တွေဟာ ရုပ်တွေဘဲလို့ သိရင် အစွဲလျော့သွား နိုင်တယ်၊ အဲအစွဲ အလန်းကြီးဘော့ ရုပ်ပျောက်ကုန်ရော့၊လမ်းမှာစီးတဲ့ခုံဘိနပ်နဲ့ ခေါင်းမှာ စိုက်ထားတဲ့ဘီးကိုကြည့်ရမယ်။

အဲဒီမှာ လူတွေမှာရုပ်ပျောက်ပြီ၊ ခုံဘိနပ်တွေဘီးတွေရောက် နေတာ တွေ့ရဲ့လား။

တကာမကြီးတွေစီးသာတဲ့ခုံဘိနပ်ကလေးတခုကိုဦးဘမောင် ရဲ့ ခေါင်းပေါ် တင်လိုက်ရင် တကာထဲ သွက်သွက်သယ်အောင် ဒေါပွသွားမယ် မဟုတ်လား။

အသို့ရင် ဦးဘမောင်ကြီး ခေါင်းယားလို့ တကာမကြီးဆီက ဘီးယူပြီး အယားဖြေတဲ့အခါကျတော့ ဒေါထသေးသလား။

မထတော့ ပါဘူးဘုရား။

အဲဒီတော့နာမပညတ် အမျိုးမျိုးတပ်ထားတဲ့ ပစ္စည်းတွေကို ရုပ်တရားလို့မမြင်ဘဲ အမည်ပညတ်၏လှည့်စားမှုအတိုင်း မြင်နေ တော့ စွဲလန်းမှုတွေ ကြီးမားထွားကြိုင်းလာခဲ့တယ်။

ဦးဘမောင်ရဲ့ ခန္ဓာကိုယ်မှာဘဲ ခြေလက် အင်္ဂါရဲ့ အစိတ် အပိုင်းတွေကို နာမပညတ် တမျိုးစီ တပ်ပြီး စွဲနေ ကြ တယ် ဟုတ်လား။

ခန္ဓာကိုယ်မှာရှိတဲ့ ခြေထောက်စွဲနှင့် လက်စွဲ ပြုတ်အောင် မိမိရဲ့ ကိုယ်ကာယ တခုလုံးကို သိမ်းရုံးပြီး ဦးဘခေါင် ကြည့်ဘူးရဲ့လား။

အဲဒီ ခြေထောက်စွဲ၊ လက်စွဲ မပျောက်ဘူးဆိုတာ တွေ့ရလိမ့်မယ်။

ဒီဟာတင်မကဘဲ ခန္ဓာကိုယ်မှာရှိသမျှ ကိုယ်အင်္ဂါတွေဟာလဲ ရုပ်တရားတွေဘဲလို့ မြင်ရတယ်။

ယခုတော့ ဒီလိုမဟုတ်ဘူး ဘာသာ မြင်သလဲ ဆိုတော့ ခြေထောက်ဘဲမြင်တယ်၊အခြားလူတယောက်က ဦးဘမောင်ခေါင်းအုံးအိပ်တဲ့ဘက်သို့ ခြေဆင်းထားလိုက်ရင်-

"အမယ်- ငါ့ဘက် ခြေထောက်ကြီး ဆင်းလို့" ဆိုပြီး တားမြစ်ချင်တယ်၊ ခေါင်းဆင်းအိပ်တော့ ဦးဘမောင်က ဘာပြောသလဲ ဘာမှမပြောပါဘူး၊ သူ့ဘက် ခေါင်း ဆိုက် တော့ ပြုံးလို့ပေါ့ ဟုတ်ကလား။

မှန်ပါဘုရား။

အဲဒီတော့ ခြေထောက်က ယုတ်တယ်၊ ခေါင်းကမြတ်တယ် ဒီလိုဖြစ်မလာဘူးလား။

ဒီလိုဖြစ်လာတာနဲ့ ခေါင်းရင်း၊ ခြေရင်းတွေ ခေါင်းအုံး၊ ခြေအုံးတွေ ပေါ်လာတော့တာဘဲ။

လူတယောက်ရဲ့ ခေါင်းအုံးပေါ်သွားပြီး ခြေတော်တင်မိတဲ့ လူတော့ အပြေးရမှာပြီသာ အောင်းမေ့ပေရော့။

တချို့မျာ:က သင်ဖြူးမှာ ခေါင်းရင်း ဘက်က ကြယ်ပွင့်ကလေးများတောင် ထိုးထားကြတယ်၊ ခြေရင်း၊ ခေါင်းရင်း မမှားအောင်လို့တဲ့။

အနို့ရင် ခြေရင်း၊ ခေါင်းရင်း မှားတော့ ဘာဖြစ်သလဲလို့ မေးတော့ မကောင်းတဲ့ အိပ်မက် ယာမက်များကို မြင်မက် တတ်လို့တဲ့ ဟုတ်ကလား ဦးဘမောင်။

မှန်လှပါဘုရား။

သင်ဖြူ တင် မကသေးဘူး၊ အဲဒီ ခြေရင်း ခေါင်းရင်းဟာ တအိမ်လုံးလိုက်ရှုပ်နေဒါဘဲ။

အဲဒီ အစွဲ ဝလန်း တွေဟာ ရုပ်ကို ရုပ်မှန်း မသိရာက မြစ် ဖျားခံလာတာဘဲ။

အဲဒီ ရုပ်တွေကို ရုပ်ဘဲလို့ တိကျစွာမြင်ရင် ခုနကပြော ခဲ့တဲ့ သောမနဿတွေ၊ ဒေါမနဿတွေ ပေါ်ပါအုံးမလား။

မပေါ်တော့ပါဘုရား။

ပြီးတော့ ချစ်တာတွေ၊မုန်းတာတွေ ကော လာအုံးမလား။

မလာတော့ပါဘုရား။

ကာယဝိညာဏ်က ဘယ်အခါကျမှ ပေါ်သလဲ ဆိုတော့ ဖေါဋ္ဌဗ္ဗနှင့် တွေ့မှ ပေါ်တယ်။

အဲဒီတော့ ဦးဘမောင်ကြီး အကြမ်း၊အနု ရွေးနေတာ ဘာ ကြောင့်လဲ။

ဝန္ဒာကိုယ်ပေါ်မှာ ဝတ်ဆင်ရုံ ဆင်မြန်းတဲ့အခါမှာ အတွေ့ အထိကလေး နူးညံ့အောင်လို့ ကာယဆိုတဲ့ ဦးဘမောင်ရဲ့ကိုယ် ဝန္ဒာကိုစွဲလို့ဟု ဖြစ်လာတယ်။

ဒီတော့ ဦးဘမောင်ဟာ ကာယကို မစွဲဘူးသားလို့မေးရင် စွဲတယ်လို့ ဖြေရလိမ့်မယ်။

ကာယကို စွဲတဲ့ ဦးဘမောင်ဟာ ဖေါဋ္ဌဗ္ဗကျတော့ မစွဲဘဲနေ နိုင်ပါတော့မလား။

မနေနိုင်တော့ပါ ဘုရား။

ဒီနှစ်လုံးစုံတဲ့ လူဟာ ကာယဝိညာဏ် ကျတော့ လွတ်ချင်ပါတော့မလား၊ အရက်ရောဘိန်းရောစုံတဲ့ လူဟာ မူးပြီး မှိန်းကျမှ မစုံဘဲနေပါတော့မလား။

အဲဒီ သုံးခုစလုံးမိသွားတဲ့ ဦးဘမောင်ဟာ ဖဿ ကျတော့ လက်လွတ်နိုင်ပါတော့မလား၊ မလွတ်နိုင်တော့ဘူး။

အဲဒီဖဿရော ဟိုဘက်နံပါတ် ၁-၂-၃- ရော စုံပြီးနေတဲ့ ဦးဘမောင်ဟာ ဝေဒနာကျတော့ ဖက်မထားပေဘူးလား။

အဲ- အလွတ်ကို မခံတော့ဘူး၊ အတင်းဆွဲ အတင်းဖက်တော့တာဘဲ၊ အဲဒါလောက် ပြင်းထန်လာရင် ဝေဒနာပစ္စယာတဏှာ ဆိုတဲ့ အဆင့် ရောက်သွားလိမ့်မယ်။

ဒီတော့ ဘုရားက တဏှာမပေါ်လာနိုင်အောင် ဖေါဿမှာ အမြင်မှန်ရအောင် ကြည့်ရမယ်တဲ့။

ဖေါဿဆိုတာ ရုပ်တရားတို့၌ အမြဲတစေ ဘယ်အချိန် ဘယ်အခါမဆို ရှိနေတတ်တဲ့ ဖုဿန သဘောဘဲ၊ အတွေ့ လက္ခဏာဘဲ။

အဲဒါဟာ သာယာစရာလား၊ နှစ်သက်စရာလား၊ မုန်းစရာ ချစ်စရာလား၊ ဘာမှမဟုတ်ဘူး။

ဖဿဆိုတာ အတွေ့သက်သက်က ဘာမှမပိုဘူး။

အဲဒါလိုချင်တဲ့ ဘုရားတပည့်တော်ဟာ ကာယ၌ ပြီးငွေလာတယ် ဖေါဿ၌လဲ ပျင်းလာတယ်၊ ကာယ ဝိညာဏ်ကိုလဲ ရွံလာတယ်၊ ဖဿကိုလဲ မုန်းလာတယ်၊ ဝေဒနာကို မစုံဘဲနှင့် ဆွဲချင်လာတယ်။

အဲဒါလို ဖြစ်လာတဲ့လူဟာ ရာဂမှ လွတ်သွားပြီ၊ ကျွတ်သွားပြီ၊ လွတ်၍ ကျွတ်၍ သွားတဲ့ အခါမှာလဲ လွတ်မှန်းကျွတ်မှန်း သိကြပါလေလို့ ဘုရားရှင်က အမိန့်တော် ရှိခဲ့တယ်။

ပဿာဒရုပ် ငါးခုတော့ စုံသွားပြီ၊ အဲဒီငါးခုမှာ အပြင်က လာပြီးတော့ ချည်နှောင်ထားတဲ့ ကြိုးငါး ချောင်းကို ဦးဘ မောင်ကို ဖြတ်ဘို့ဘဲ။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ဆိုတဲ့ အတွင်းရုပ် ငါးခုနှင့် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ ဆိုတဲ့ အပြင်ရုပ် ငါးခုတို့ တိုက်ဆိုင်မိတိုင်း၊ တိုက်ဆိုင်မိတိုင်း၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် ဆိုတဲ့ အသိဉာဏ်တွေ ဖြစ်ပေါ်လာတာဘဲ။

မနံစ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ ဆိုတဲ့ ခြောက်ခု မြောက်ကျ တော့လဲ မန၊ဓမ္မ၊ မနောဝိညာဏ် သုံးခုပေါင်းရမိခဲ့တဲ့ အခါကျတော့ ဖဿဖြစ်တယ်၊ပြီးတော့ ဝေဒနာ ဖြစ်တယ်။

အဲဒီမှာလဲ ဓမ္မကို သေချာစွာ စဉ်းစား၍ အမြင်မှန် ရခဲ့လျှင် ဝေဒနာရဲ့ ဟိုဘက် တဏှာသို့ မဆက်တော့ဘူးလို့ မှတ်ရမယ်။

သဠာယတနပစ္စယာ ဖဿောဆိုပြီး အာယတန ခြောက်ခုကို တလုံးထဲ ပေါင်းထားဒါကို အစိပ်အစိပ် အဝယဝ သဘောအားဖြင့် ထင်ရှားအောင် ခွဲပြီးဟောခဲ့တာဘဲ။

အဲဒါလိုဝေဒနာစက် ဖျက်လိုက်နိုင်ရင်ဒီပဋိစ္စသမုပ္ပါဒ် စက်ကြီး ရပ်နားသွားတော့ဒါပေါ့။

## ဝေဒနာ–သတ္တမနိဒါန

ဝေဒနာ-ကား ခံစားမှုပင်၊ ၎င်းနှင့်သက်ဆိုင်တဲ့ သရုပ်ဖော်ပုံဟာ အဂ္ဂိလ္လ ဂူမှာတော့ ပျက်စီးနေတာတွေ့ရတယ်။

ဒါပေမယ်လို့ တိဗက်နှင့်ဂျပန် သရုပ်ကားမှာတော့ ချစ်သူနှစ်ယောက် ပွေ့ဖက်နေတဲ့ရုပ်ပုံနှင့် သရုပ်ဖော်ထားတယ်။

ဤဝေဒနာကားတွေ့ထိမှုဆိုတဲ့ ဖဿမှာ အခြေခံတယ်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယမန တို့သည် အပြင်ဗဟိဒ္ဓမှာ တည်ရှိတဲ့ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတို့နှင့်တိုက်ဆိုံ တွေ့ထိကြတဲ့အခါမှာ စက္ခုသမ္ဖဿဇာဝေဒနာ (၀၆) မျက်စိအတွေ့ဥ္ဓိမှသော ခံစားမှု စသည်ဖြင့် ခြောက်ပါးသောဝေဒနာတို့ဖြစ်ပေါ်၍ လာခြင်းဖြစ်ကြကုန်၏၊

ဤဝေဒနာသည်လည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ-ဟူ၍ ကွဲပြားလျက်ရှိတယ်။

အကြင်သူတယောက်သည် တစုံတခုသော ရူပါရုံကို မိမိ၏မျက်စိဖြင့်မြင်၏။

ထိုရူပါရုံသည် မိမိ၏အလိုအကြိုက်နှင့် ကိုက်ညီဆီလျော်ခြင်းအံ့၊ ထိုအခါ ထိုသူ၏စိတ်တွင် သုခဝေဒနာဖြစ်၏။

မိမိ၏အကြိုက်နှင့်မဆီလျော် ဖောက်လော် ကန့်လန့် ဖြစ်တဲ့ရူပါရုံကိုမြင်ခဲ့လျှင် ဒုက္ခဝေဒနာဖြစ်၏။

အဆိုးကိုရင်း၊ ချစ်ဖွယ်နှင့်မုန်းဖွယ်ကိုရင်း၊တပ်ဆင်ချယ်လယ်ခြင်း မပြုမလုပ်ဘဲ ရုပ်သားသက်သက် ရူပါရုံကိုမြင်သည်ဖြစ်အံ့ထိုသူ၌ ဥပေက္ခာဝေဒနာဖြစ်မြဲပင်။

အဲဒါကြောင့် အဆင်းရူပါရုံကိုမြင်တိုင်း၊ မြင်တိုင်း၊ အသံသဒ္ဒါရုံကိုကြားတိုင်း၊ ကြားတိုင်း၊ အနံ့ဂန္ဓာရုံကိုနံတိုင်း၊နံတိုင်း အရသာ ရသာရုံကို လျက်တိုင်း လျက်တိုင်း၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ထိတိုင်း၊ ထိတိုင်း၊ အတွေးဓမ္မာရုံကိုတွေးတိုင်း၊ တွေးတိုင်း ရှင်လန်း ဝမ်းမြောက်မှု၊ ပင်ပန်းခမ်းခြောက်မှုတို့ကိုမဖြစ်အောင် အတွင်းအဇ္ဈတ္တိက ပသာဒ ရုပ်ကြည်များတွင် အပြင် ဗဟိဒ္ဓက ရုပ်တရားများ အကြောင်းတိုက်ဆိုင်၍ လာရောက်ထင်ဟပ်ခြင်းမျှပါကလား ဟူ၍ နှလုံးသွင်းရာ၏။

ယင်းသို့ နှလုံးသွင်းလိုက်သော်ဥပေက္ခာ သဘောတည်၍လာပေလိမ့်မည်။

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တွင် ဝေဒနာတင် ရပ်ထားဖို့ ဖြတ်ထားဖို့ဆိုတဲ့ လုပ်ငန်းဟာ လွယ်တော့ဖြင့် တယ်ပြီး၊ မလွယ်လှဘူး ဦးဘခေမောင်။

စက်၏အရှိန်ကိုမဆိုထားနဲ့ လက်နှင့်လှိမ့်လိုက်တဲ့ အရှိန်ပင် တိတိကျကျ၊ အပြတ်အသတ် တခါထဲ ရပ်သွားအောင် သပ်ဖို့ မလွယ်လှဘူး။

မလွယ်ပေမဲ့ အဲဒီဝေဒနာတွင် ရပ်ရမယ်လိုဟောခဲ့တဲ့ဒေသနာတွေက အများအပြားပင် ရှိနေတော့ အတင်း ဇွတ်ရပ်ရမယ်၊ ဟိုဖက် နဲနဲကလေး ပိုသွားရင် တဏှာဖြစ်မှာကြောင့် တိကန်နေအောင် ရပ်ပစ်ရမယ်။

မှန်ပါဘုရား။

# အနတ္တလက္ခဏာသုတ်

အနတ္တ လက္ခဏာသုတ်ဆိုဒါ အတ္တမရှိတဲ့ နိမိတ်ပြ သုတ်ဘဲ၊ အနတ္တလက္ခဏာသုတ်ရသလား။

ဦးဘမောင်။ ။ရပါတယ်ဘုရား။

ဦးဘမောင်တို့က တယ်နေရာကျတယ်၊ ဦးပဥ္စင်းတို့ကမရဘူး။

အဲဒီအနတ္တ လက္ခဏာသုတ်မှာ အနတ္တဆိုဒါ သဘောပေါက်ဖို့က ပထမအတ္တဆိုဒါနားလည်ရမယ် ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီအတ္တဆိုတဲ့သဘောဟာ ဘာသာတိုင်း ဘာသာတိုင်းမှာ ကိုယ်စီကိုယ်စီရှိကြတယ်။

ဒီ လောကမှာ ရှိတဲ့ လူတွေမှာလဲ ဟိန္ဒူရော၊ ပသီရော၊ ခရစ်ယာန်ရော အားလုံးရှိကြတော့ လူတွေကလဲ အဲဒီအတ္တကလေး ဆိုဒါရှိတယ်လို့ ယုံကြည်နေကြတယ်။

ရှိတာ-မရှိတာအပထား၊ ဦးပဥ္စင်းတို့ဗုဒ္ဓဘာသာ ဗမာလူမျိုးများဟာလဲ အနတ္တ-အနတ္တလို့ဘုန်းမိုကြီးတွေက ဟော●နေပေမဲ့ အဲဒီဟောရင်းထဲကဘဲ အတ္တကလေးဟာ ရှိတယ်လို့ တင်မြင်နေကြတဲ့ လူတွေ အများကြီးဘဲ မဟုတ်လား ဦးဘမောင်။

ဦးဘမောင်။ မှန်ပါလိပ်ပြာလို့ခေါ်ပါတယ်။

အဲဒီလိပ်ပြာဆိုဒါလဲ အတ္တဘဲ၊ ဝိညာဏ်ဆိုဒါလဲ အတ္တဘဲ၊ အားလုံး သူ့နာမည်တွေချည့်ဘဲ။

အဲဒီမှာ ဘုရားကတော့ သန့်သန့်ရှင်းရှင်း အတ္တဆိုတဲ့ သဘာဝဟာ ရှိကိုမရှိဘူးလို့ နားလည်ရမည်။

အဲဒီ အတ္တမရှိရင် ဘဝကူးပြဿနာမှာ အရေးကြီး လာတယ် ဦးဘမောင်။

အဲဒီဘဝကူးပြဿနာကျတော့ ဘယ်လိုဖြစ်နေသလဲ။

ဒီဘဝက လူဟယောက် သေသွားတယ်၊ ဟိုဘက်မှာ ဘာက သွားဖြစ်သလဲ။

ဒီတော့ရှိသမျှ ဘာသာတို့ရဲ့ အယူအဆ၊ ရှိသမျှ လူသား တို့ရဲ့အယူအဆဟာက ဟောဒီခန္ဓာကိုယ် အတွင်းမှာရှိတဲ့ ရုပ်-နာမ် ဘာဒုးတို့မှအပဖြစ်သော ခိုင်မြဲသော၊ သေခြင်း မရှိသော အဲဒီအတ္တဆိုတဲ့ သဘောတရားလေးတခုရှိတယ်တဲ့။

အဲဒီသဘောတရားလေးတခုက ဟိုဖက် အမိဝမ်းထဲကို သွားပြီး တော့ ပဋိသန္ဓေနေတယ်၊ သလိုမဟုတ်ဘူးလား ဦးဘမောင်။

ဦးဘမောင်။ ဟုတ်ကြောင်းပါဘုရား။

ဦးဘမောင်တို့ ရတောင်နေပါလိမ့်မယ်၊လောက်လမ်းသဖွယ် ဝိညာဏ်တွယ်ဆိုတဲ့ စာကလေးဟာ။

အဲဒီလောက်လမ်းသဖွယ် ဝိညာဏ်တွယ်ဆိုဒါက ဒီဘက်ကပ် ထားတာလေးဟာ၊ ကုတ်ထားတာလေးဟာ၊ သတ္တဝါ ကလေး ဟာ ဟိုဘက်က အမြေ့ဗိုက် မကုတ်မိမချင်း မလွှတ်ဘူး။

အဲဒါ ဗုဒ္ဓဝါဒဟုတ်ရဲ့လား ဦးဘမောင်၊ မဟုတ်ပါ။

အဲဒါ အနတ္တဝါဒမဟုတ်ဘူး၊ အတ္တဝါဒ၊

အနို့ ဒီနားကလူတွေဟာ အဲဒီအတ္တဝါဒကို သဲသဲ၊ မဲမဲ၊ စွဲစွဲ မြဲမြဲ ယုံကြည်နေကြတယ် မဟုတ်လား။

အဲဒါတွင်မဟုတ်ဘူး ဦးပဉ္ဇင်းတို့ဆီမှာ လူခတ်ကြမ်းကြမ်း ခတ်ရမ်းမမ်းတွေ ပြောနေကြတဲ့ စကားတလုံးရှိတယ်။

ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝ၊ ဟိုကိုယ်ခံတဲ့ -

အဲဒီ ဒီဘဝ၊ ဒီကိုယ်စံ၊ ဟိုဘဝဟိုကိုယ်ခံဆိုတဲ့ စကားလုံးကိုက မြဲသောအတ္တကို ငြင်းပယ်တဲ့ အနတ္တသဘော ပါနေတယ် မဟုတ်ဘူးလား။

အဲဒါ၊ တရားနှင့်ကိုက်တဲ့ ဘုရားကြိုက်ဘဲ။

ဒါပေမဲ့ သူတို့ပြောတာကတော့ အဓိပ္ပါယ်တမျိုးနှင့် ပြောတာပါ၊ အဘိဓမ္မာသဘောနှင့် ပြောပြတဲ့အခါကျတော့ အဲဒီ ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝဟိုကိုယ်ခံ ဆိုတဲ့စကားဟာ ဦးပဉ္ဇင်းတို့ မဇ္ဈိမနိကာယ်မှာပါလာတဲ့--

နစ သော နစ အညော။

သော၊ ထိုပဋိသန္ဓေတည်နေလာသော သတ္တဝါသည်။ နစ-ဟောဒီမှာ သေသွားသူလဲမဟုတ်။ နစအညော: အခြားတပါးက ဝင်ရောက်၍ အသစ်ပေါ်ပေါက်လာလည်း မဟုတ်ဘူးတဲ့။

ဒီတော့ ခုတင်တုန်းကဆိုရင် အနတ္တလက္ခဏာသုတ်ကို သဘောပေါက်သွားရောမဟုတ်လား။

အနတ္တလက္ခဏာသုတ် ရရဲ့လား ဦးဘမောင်။

ဦးဘမောင်။ ။မှန်လှပါ ရပါတယ်ဘုရား။

ရူပံ အတ္တတော သမနုပဿတိ။

ရူပံ၊ ရုပ်ကို။ အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ရှု၏၊ ကြည့်၏၊ မြင်၏။

ဟုတ်ကဲ့လား ဦးဘမောင်။

ဦးဘမောင်။ ။မှန်ပါဘုရား။

အဲဒီတော့ ရုပ်ဟာ အတ္တဘဲတဲ့။
ဒီတော့ ဒီ့တ္တသည်ပင်ရုပ်၊ ရုပ်သည်ပင်အတ္တဘဲ- ဆိုပြီးတဲ့ထား ကြတယ်။
အဲဒီတော့ ဦးဘမောင်တို့ ဘယ့်နှယ်လုပ်ပြီး ခွဲကြမလဲ?
တွဲနေပြီ မဟုတ်လား။
အဲဒါလိုတွဲနေတော့ ရုပ်သည် အတ္တမဟုတ်ဟု ဆိုလိုက်ရင် ကွဲရှိသွားမလား။
ဟိုမှာ ဆိုထားတာ ကတော့ ခင်ဗျားတို့ ယုံချင်ယုံ၊ မယုံ ချင်နေ။
ရုပ်ဟာ အတ္တဘဲတဲ့၊ ရုပ်ကိုတော့ ဦးဘမောင်ကြီးတို့က ယုံ တယ်မဟုတ်လား။
ဦးဘမောင်။ ။မှန်လှပါ ယုံပါတယ်ဘုရား။
ယုံတော့ကာ အဲဒီ အတ္တဝါဒီက ဘယ်နှယ်ပြောမလဲ။
အဲဒီရုပ်ဟာ အတ္တဘဲတဲ့ ဟုတ်ကဲ့လား ဦးဘမောင်။
အဲဒီလို ရုပ်ဟာ အတ္တဘဲ ဆိုတဲ့ အခါကျတော့ အဲဒီအတ္တ ဆိုတဲ့ ရုပ်တရားကို ခွဲကြည့်ရမယ်။
အဲဒါလို ခွဲပြီးတော့ ကြည့်တဲ့အခါမှာ အဲဒီ ရုပ်တရားတွေ ထဲမှာ ရူပရုပ်၊ သဒ္ဒရုပ်၊ ဂန္ဓရုပ် စတဲ့ ရုပ်တွေကို တွေ့ရလိမ့်မယ်။
အဲဒီ ရုပ်တွေထဲမှာ ခင်ဗျားတို့ အလိုရှိတဲ့ အတ္တဟာ ရူပ ရုပ်ထဲမလား။
(သို့မဟုတ်) သဒ္ဒရုပ်ထဲမလား။
(သို့မဟုတ်) ဂန္ဓရုပ်ကိုဘဲ အတ္တလို့ ခေါ်မလား-လို့ မေးတဲ့ အခါကျတော့ အဲဒါတွေကို သူတို့အတ္တလို့ တခုမှမခေါ်နိုင် ဘူးတဲ့။

အဲဒါသို့ အတ္တလို့ မခေါ်ဆိုနိုင်တဲ့ ရုပ်၊ သဒ္ဒါ၊ဂန္ဓရုပ်တရားတွေဟာ ဖေါက်လွဲဖေါက်ပြန် ဖြစ်တတ်တယ်၊ ပျက်စီးတတ်တယ်၊ ဥပ္ပါဒဆိုတဲ့ အဖြစ်သဘောလဲရှိတယ်၊ ဝယဆိုတဲ့အပျက်သဘောလဲပါတယ်။

ခင်ဗျားတို့ရဲ့ အတ္တကလေးမှာ ဥပ္ပါဒ အဖြစ်သဘောရှိရဲ့လားလို့ သွားပြီးမေးတဲ့အခါကျတော့ မရှိဘူးတဲ့၊ သူတို့ရဲ့အလိုအားဖြင့် အတ္တမှာ ဥပ္ပါဒသဘောမရှိဘူး။

အဲဒီ ဥပ္ပါဒသဘော မရှိခြင်းကြောင့် ဝယ သဘောလဲ မရှိဘူး။

ဘာပြုလို့ မရှိသလဲဆိုတော့ ဒီအတ္တဟာ အနာဒိ— အနန္တ အစနှင့် အဆုံးမရှိဘဲနှင့် အမြဲတည်တယ်တဲ့။

နိစ္စဓုဝ သဿတ အဝိပရိဏာမသဘောတရားဖြစ်ခြင်းကြောင့် သူ့မှာ အသေမရှိဘူး။

အသေမရှိခြင်းကြောင့် ဥပ္ပါဒဆိုတဲ့ အဖြစ်သဘော မရှိဘူး။

ဥပ္ပါဒမရှိရင် ဝယ မရှိဘူး။

အဲဒီတော့ ဦးဘမောင်ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရားကလျှပ်ကို ဟောပြောခဲ့တဲ့အတိုင်း ဥပ္ပါဒဆိုတဲ့ အဖြစ်သဘောရှိတယ်။

ဝယဆိုတဲ့ အပျက်သဘောရှိတယ်၊

ဒါကြောင့် ရုပ်ကိုအတ္တလို့ ရှုခြင်း ဟာလဲ မမှန်ဘူးလို့ ဦးဘမောင်တို့က ဝန်ခံလိုက်ရမယ် ဟုတ်ကလား ဦးဘမောင်။

မှန်ပါဘုရား။

ရုပ်ကို အတ္တလို့ မြင်တဲ့အမြင်မျိုး ဘာအမြင်လို့ခေါ်သလဲဆိုတော့ သမာနုပဿနာအမြင်လို့ခေါ်တယ်။

သမာနုဘာဆိုတာ ဒီရုပ်သည်ပင် အတ္တ၊ အတ္တ သည်ပင်ရုပ် လို့ ဆိုလိုတယ်။

အဲဒီလို တူနေတဲ့ သဘောရှိသလား။

မရှိဘူး။

အဲဒါလို မရှိခြင်းကြောင့် ရုပ်သည် အတ္တဆိုတဲ့ဝါဒဟာမမှန် တော့ဘူး။

ရုပ်ဟာ ရုပ်ဘဲလို့ မှတ်ထားရမယ်။

ဘုရား၊ ဘာလဲဘဲ -

ရူပံ ဘိက္ခဝေ ဒုက္ခံ-လို့ ဟောခဲ့တယ်မဟုတ်လား။

အဲဒီ ရုပ်ဟာ ဒုက္ခလို့ ဆိုခြင်းကြောင့် အတ္တဝါဒီသမားတို့က ရုပ်ဟာ အတ္တဘဲလို့ ဆိုရင်-

အတ္တံ ဘိက္ခဝေ ဒုက္ခံ-လို့ ဟောရာ ရောက်မနေပေဘူး လား။

အဲဒီ အတ္တ ဝါဒီများရဲ့ အယူအဆအဖြင့် အတ္တဆိုတာ နိစ္စ၊ ဓုဝ၊ အဝိနာသီ၊ သဗ္ဗဗျာပီ ဖြစ်ပြီး ဒုက္ခဆိုတာ [illegible]ချုပ်သည် တဲ့ သုခ အစစ် ဖြစ်တယ် ဆိုတဲ့ စကားနဲ့ သွားပြီး [illegible]ဆော် ကန့်လန့် ဖြစ်မနေပေဘူးလား?

ဦးဘမောင်။ ။နေပါတယ် ဘုရား။

အဲဒါကြောင့်—

ရူပံ အတ္တတော သမနုပဿတိ- ဆိုတာလဲ အမှားဘဲလို့ ဦးဘမောင်က ဆုံးဖြတ်ချက် ချနိုင်ပြီ။

ပြီးတော့ ဒုတိယက ဘာလဲ?

ရူပ ဝန္တံ ဝါ အတ္တာနံ-တဲ့ ဟုတ်ကဲ့လား။

ဟုတ်ပါတယ် ဘုရား။

အတ္တ ဆိုတဲ့ သဘောတရားဟာ ရုပ်ထဲမှာ ရှိတယ်။

ရုပ်ထဲမှာ ရှိတယ်ဆိုတော့ ပမာအားဖြင့် ဟိန္ဒူဝါဒ အလို ပြောရရင် အတ္တဆိုတဲ့ အကောင်ကလေး ဟာက သုံးမြောင့် ကလေးတဲ့၊ အမြောင့်ကို သုံးမြောင့်ရှိတယ်။

အဲဒီ သုံးမြောင့် ကောင်ကလေးက ဦးဘမောင်ရဲ့ အဲဒီခန္ဓာ ကိုယ်ကြီးထဲမှာ နေတယ်။

သူက ဘာလိုနေလဲဆိုတော့ အဲဒီ ဖလ်ပုလင်းကလေးထဲမှာ ကြွေဒိုးကလေးများကို ထည့်ထားသလို နေတယ်တဲ့။

ဖလ်ပုလင်းက ခန္ဓာကိုယ်၊ ကြွေဒိုးကလေးက အတ္တ။

အဲဒါလို တခြားစီ နေတယ်။

အဲပြီးတော့ ဘာဖြစ်သလဲ?

ဒီအတ္တလေးဟာက ဒီသုံးမြောင့်ရှိတဲ့ အတ္တမခေါ် အတ္တက လေးဟာက ဒီခန္ဓာကိုယ်ကြီး ပျက်စီးသွားတဲ့အခါ ပုလင်းကွဲ သွားတဲ့အခါ ဘယ်နှယ်လုပ်သလဲ?သူက ထွက်သွားတယ်။

ဒီပုလင်းကွဲရင် သူက ဟိုပုလင်းအသစ်ထဲသွားဝင်တယ် ဟုတ် လား ဦးဘမောင်၊

ဒီပုလင်းကွဲရင် ဟိုပုလင်းထဲ ဝင်တယ် ဆိုဒါက ဒီခန္ဓာကိုယ် ပျက်ရင် ဒီခန္ဓာကိုယ် ထဲမှာ သူကမနေဘူး၊ နောက်အသစ်ရှာ တယ်။

အဲဒီအကြောင်းနှင့် ပတ်သက်ပြီး သက္ကဋ ကျမ်းဂန်ကြီးတွေ မှာ ဘဂဝါဂီတတို့ ဘာတို့ ဆိုတဲ့ အထဲမှာ ဒီအတ္တကို အကျယ် တဝင့် ဖွင့်ဆိုသွားကြတယ်။

အဲဒီ ခိုင်မြဲတဲ့ သဘောရှိတဲ့ အတ္တဝါဒဟာ ဘယ်ကစပေါ် လာသလဲ ဆိုတော့ စပေါ်ပုံကို အနည်းငယ် ပြောပြရမယ်။

ခင်ဗျားတို့ ကြားဘူးတဲ့ မဟာ ဘာရတ စစ်ပွဲမှာ ကရစ်သျှဏာဆိုတဲ့ ဘုရားက ရထားမောင်းသမား လုပ်ရတယ်။

သူမောင်းတဲ့ ရထားကို စီးသူက အဇ္ဇုနမင်းသား။

အဲဒီ အဇ္ဇုနမင်းသားက သေးအတတ်ကို တဖက်ကမ်းခတ်တဲ့ ယောကျ်ားဖြစ်လို့ ဘုရားကို သူက စင်မျက်နှာ နှစ်ခုကြားကို ရထားကို မောင်းလိုက်စမ်းပါလို့ ပြောတယ်။

အဲဒါလို မောင်းချလိုက်တဲ့ အခါမှာ ဟိုဘက် ကြည့်လိုက်တော့လဲ သူ သတ်ရမဲ့ လူတွေက ဆွေတွေ၊ မျိုးတွေ ဦးလေးတွေ၊ ဦးကြီးတွေ ညီအစ်ကို ဝမ်းကွဲတွေကို တွေ့ရတယ်။

ဒေါနဆိုတဲ့ ဆရာပုဏ္ဏားကြီးလဲ ဟိုဖက်မှာ ပါနေတာကို တွေ့တယ်။

အဲဒီတော့ အဇ္ဇုန မင်းသားရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ လေးဟာ လက်တုန်ပြီးတော့ လွတ်ကျသွားခဲ့တယ်။

ဒါတင် မကသေးဘူး၊ ဒီလို ဆွေတွေ၊မျိုးတွေ၊ ညီအစ်ကို၊ တူအရီးတွေ၊ ဆရာသမားတွေကို သတ်ပြီးတော့မှ ရမဲ့ မင်းစည်းစိမ်ကို တစည့်တော် မလိုချင်တော့ပါဘုရားလို့ လျှောက်ထားလိုက်တယ်။

အဲဒီတော့ ရထားမောင်းရင်း၊ အောက်ကို ကုန်း ကြည့်တယ်။

ဟဲ့- အဇ္ဇုန-
မင်း ယောကျ်ားမဟုတ်လား။

ခတ္တိယဇာတ်ဝင်တို့ရဲ့ လုပ်ငန်းဟာ ဘာလဲဆိုဒါ မင်းမသိရှူးလား။

အဲဒီလို ဇာတ်လေးပါးနှင့်တကွ ပြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ၊ သုဒ္ဒတို့ရဲ့ ဝတ္တရားများကို ဟောကြားပြီးလေသော် ခတ္တိယတို့ရဲ့ ဝတ္တရားကို ဖွင့်ပြတော်မူခဲ့တယ်။

ခတ္တိယဇာတ်ဝင်တို့ရဲ့ ပဓာန လုပ်ငန်းဟာ စစ်တိုက်ဖို့ဖြစ်တယ်၊ စစ်မြေပြင်ရောက်လာမှ မင်းက ပါဏာတိပါတကံပြော နေလို့ ဖြစ်မလား?

ယင်း ပါဏာတိပါတကံဟာ ဘယ်သွားထိုက်မလဲ စဉ်းစားပါဦး။

အတ္တာဆိုဒါ ဘယ်သူမှ မသတ်နိုင်တဲ့ အရာမဟုတ်လား?

အတ္တာဆိုဒါ မီးနဲ့ရှို့လဲ မလောင်၊ မြေမှာမြှုပ်၊ ရေမှာနှစ်သော်လဲ မသေတဲ့ အကြောင်းကပြီး တခမ်းတနား ဖွင့်ချ၍ ဟောပြောလေတော့တယ်။

အဲဒီလို အတ္တဟာ-

အဇရာ- မအို၊

အမတ-မသေ၊

နိစ္စ ဓုဝ-မြဲ၊

သဿတ-တမျိုးတည်းနေ၊

အဝိနာသီ-မပျက်စီး၊

သဗ္ဗဗျာပီ- အားလုံးမှာ ပျံ့နှံ့နေတဲ့ သဘာဝကြောင့် ဒီကနေ ခန္ဓာကိုယ်ဘခဲ့ ပျက်ရင်၊ နောက်တခုယူသွားတာ၊ သူဟာ သတ်လို့ မသေဘူးတဲ့။

အဲဒီလို အစချီပြီး ဟောလိုက်တာနဲ့ အဇ္ဇုန မင်းသားဟာ လေးကိုပြန်ပြီး ကောက်ကိုင်လိုက်တယ်၊ စစ်ပွဲအဆုံး အရှုံး၊အနိုင် ပေါ်အောင် တိုက်သွားနိုင်တယ်လို့ ဆိုတယ်။

အဲဒီတော့ ရူပ ဝန္တ္တဝါ အတ္တာနံ ဆိုတဲ့ အစွဲကလေးဟာလဲ အတ္တစွဲကလေးဘဲ မဟုတ်လား။

အဲဒါကို ဘာစွဲ ခေါ်သလဲဆိုတော့ အနွေ့ဂတ စွဲခေါ်တယ်။

အတွင်းဝင်ငုတ်နေတဲ့ အစွဲဘဲ။

အတွင်း ဝင်ငုတ်နေတယ် ဆိုတာ ရုပ်ထဲမှာကို အတ္တကလေး ရှိနေတယ်။

ဒါပေမယ့်လို့ ရုပ်နဲ့ တွဲပြီးတော့ မနေဘူး၊ တခြားစီ နေတယ်တဲ့။

ပြီးတော့ ဘာလာသလဲ?

အတ္တနိဝါရုပ်တဲ့။

သဘောက ဘယ်လိုလဲဆိုရင် သစ်ပင်ကနေ ကြည့်တဲ့အခါ မှာ သစ်ပင်က ထွက်နေတဲ့ အရိပ်လိုဘဲတဲ့။

ရုပ်က ထွက်နေတဲ့ အရိပ်ကလေးကိုဘဲ အတ္တလို့ခေါ်တယ် တဲ့။

ပြီးတော့ နောက်ပိတ်ဆုံးက ဘာလဲ။

ရူပသ္မိံဝါ အတ္တာနံတဲ့။

အဲဒီ ရူပသ္မိံဝါ အတ္တာနံ ဆိုဒါက ရေနှင့်နွားနို့ကို ရောစပ် နေတဲ့ သဘော။

ဒီတော့ နွားနို့နှင့် ရောသလို အတ္တနှင့် ခန္ဓာငါးပါးနှင့် ရောနေတယ်။

အဲဒီလို နည်းလေးမျိုးလုံးနှင့် ကြည့်ရတဲ့ အတ္တသို့ ယူကြ တယ်။

အဲဒီ လေးမျိုးနှင့် ဆိုင်ရာ လင်္ကာကလေးတပိုဒ် ဦးပဉ္ဇင်းတို့ ရေးထားတယ်၊ ရွတ်ပြရအုန်းမယ်၊ အားလုံး ရအောင်လိုက်ပြီး မှတ်ကြပါ။

ရုပ်ကို ငါစွဲ၊ ငါထဲရုပ်ထင်၊
ရုပ်တွင် ငါဆိုက်၊ ငါ၌ ရုပ်မြင်၊
ရုပ်ပြိုကွဲတော့၊ ငါလဲ ပျက်အင်၊
ငိုမြည် ကြွေး ပူဆွေးသောကဝင်။

အဲဒီတော့ ရုပ်ကိုဘဲ ငါလို့ စွဲနေတယ်မဟုတ်လား။ ဦးဘမောင်။

ဦးဘမောင်။ ။မှန်ပါ စွဲနေကြပါတယ်ဘုရား။

အဲဒီ ငါစွဲပြုတ်ရင် ဒီကနေ့ အကျွတ်တရား ရနိုင်တယ်။

အနတ္တလက္ခဏာ သုတ်ကို ဟောပြပြီးတဲ့ ခါ ပဉ္စဝဂ္ဂီငါးဦး လုံး ရဟန္တာအဖြစ်သို့ ရောက်သွားကြတယ်မဟုတ်လ း။

ဒီကနေ့ညလဲ အနတ္တ လက္ခဏာသုတ် အဆုံးမှာ အကုန်လုံး များ ရဟန္တာတွေ ဖြစ်သွားရင် နက်ဖြန်ခါ ကျုပ်တို့ဘာရ ဟော သို့ လိုတော့မှာ မဟုတ်ဘူး ဦးဘမောင်၊

ရုပ်ကိုငါစွဲ ငါကတခြား၊ ရုပ်တခြားဘဲ၊

ဒါပေမဲ့ ရုပ်ပျက်သွားတော့ ငါကလဲ ပျက်သွားတယ်။

ဒီတော့မှ ငိုမြည်ကြွေးပြီး ပူဆွေးသောက ဝင်လာတယ်။

ဥပမာဖြင့် ထင်ရှားအောင် ပြရလျှင် ဈေးထဲမှာ ရှိတဲ့ အထည်ဆိုင်တခုမှ ဦးဘမောင်ကြီး အင်္ကျီတထည် ဝယ်လာခဲ့တယ်။

အဲဒီအင်္ကျီဟာ ရုပ်ဘဲမဟုတ်လား ဦးဘမောင်။

ဦးဘမောင်။ ။မှန်လှပါ ရုပ်တရားပါဘုရား။

အဲ-ဟုတ်ပြီ-အင်္ကျီဟာရုပ်ဘဲ။

အဲဒီရုပ်ကို(ဝါ)အင်္ကျီဆိုတဲ့ ရုပ်ကို ဈေးကဝယ်လာပြီး အိမ်ပေါ်တင်ထားတယ်၊ စားပွဲပေါ် တင်ထားတယ်၊ ဦးဘမောင်က ဈေးကပိုက်ဆံပေးဝယ်လာတဲ့ အင်္ကျီမှာ ငါ-တပ်လိုက်တော့ ငါ့အင်္ကျီ ဖြစ်သွားပြီ။

အဲဒါလို တင်ထားတော့ အိမ်က တကာမကြီးက သူသောက်နေတဲ့ ဆေးပေါ့လိပ် တိုကြီးကို အင်္ကျီမှန်းမသိလို့ သွားတင်မိတယ်။

ဒီတော့—အင်္ကျီမီးလောင်သွားတယ်။

အယုဘာဆုံး မီးလောင်ပေါက်သွားတယ်။

အဲဒီလို မီးလောင်ပေါက်ကြီး ဖြစ်တာနဲ့ ဦးဘမောင်ဟာ အိမ်က တကာမကြီးနဲ့ ရန်ဖြစ်ရတော့မယ် မဟုတ်လား။

ထရိုက်ရမည့်အခြေ ရောက်မလာဘူးလား။

ဘာပြုလို့လဲ ဆိုတော့ အင်္ကျီ လောင်တဲ့မီးဟာ သက်သက် ငါ့ကို သွားသိတယ်။

လိုရင်းကအင်္ကျီမီး လောင်တာကို ဦးဘမောင်ကငါ့ကိုလောင်တယ်အောက်မေ့တယ်။

အဲဒီ ငါကလေးဟာ ဘယ်လောက် ဆိုးသလဲ ဆိုတာကို မြင်အောင်ရှုရမယ်။

လူတွေဟာ အားလုံးရှိသမျှ ပစ္စည်းတွေရဲ့ ရှေ့က ငါဆိုတဲ့ စာလုံးကလေးကို တပ်ချင်ကြတယ်။

အဲဒါလို ရုပ်ပစ္စည်းကလေးတွေကို ဦးဘမောင်။က ငါ-ချည့် တပ်သွားတယ် မဟုတ်လား။

ငါ့-ခွေးရယ်၊ ငါ့လယ်ရယ်၊ ငါ့မယားရယ်၊ ငါ့နွားရယ်၊ ငါ့သားရယ်၊ ငါ့သမီးရယ်၊ ငါ့ထီးရယ်၊ ငါ့ဘိနပ်ရယ်-စသည်ဖြင့်

နှပ်ပစ္စည်း အမျိုးမျိုးတို့ရဲ့ ရှေ့က ငါဘပ်ထားတယ်၊မရှိသေး လျှင် ပိုက်ဆံပေးဝယ်ပြီး ငါတပ်ထားတယ်။

အဲဒါတွေကို အကုန်လျှော့ပြီး ငါ တပ်ထားရင် ဒုက္ခတွေ အများကြီးဖြစ်ပေါ်လာနိုင်တယ်။

အဲဒီ ငါတပ်ထားတဲ့ ပစ္စည်းတခုခုကို တခြားတစုံတယောက် က လာချွ ကိုင်လိုက် တွန်းလိုက်ရင် ဦးဘမောင် ဆိုတဲ့ ငါ့ဆီ လာထိတာဘဲမဟုတ်လား။

အဲသလို ထိတဲ့အခါ ကိုယ့်အိမ်က တကာကြီးလဲ ဒုက္ခဖြစ်၊ ကိုယ်လဲဒုက္ခဖြစ် မျက်ရည်တွေကျ ငိုလို့ရိုလို့ သားကလေး၊ သမီးကလေး တွေသွားရင်လဲ ငိုလို့ ရှုပ်ပျက်တာနဲ့ ငါ့သာ ထိခိုက်နေဒါ မြင်အောင်ရှု။

အဲသလို လူတိုင်း လူတိုင်းဘဲ ငါတပ်ဆင်ဖို့ ပစ္စည်းတွေကို ရှာရှာပြီး ယူလာကြတယ်။

ကိုယ့်အပေါ် မရောက်ခင်တုန်းက ငယ်ငယ်တုန်း က ဆိုပါတော့လေ၊ အဲဒီတုန်းက ဦးဘမောင်ရဲ့ အိမ်က တကာမကြီးနဲ့ သိခဲ့သလား။

မသိပါဘုရား။

ဒါပေမဲ့ မသိဘဲနဲ့သွားရှာပြီး အိမ်ပေါ်တင်ထားတယ်။

ဒါလို တင်ထားရုံတင် မကဘူး၊ ငါကလေး တပ်ဆင်ထား လိုက်ပြန်တယ်။

ဦးဘမောင်က ပုဂ္ဂလိကပိုင်ဖြစ်အောင် ငါဘပ်ထားဒါ အခြားလူက လာပြီးတပ်ဆင်ပေးဒါ မဟုတ်ဘူး။

အဲဒါလို အချင်းချင်း အပြန်အလှန် ငါ တပ်ဆင်ထားမှန်း သိအောင် ထမင်းလေး၊ဘာလေးတောင် ဖိတ်ကျွေးရသေးတယ်

မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

ဦးဘမောင် တကာမကြီးကလဲ ဦးဘမောင် သက်သတင်မထားဘူး။

သူကလဲ ဦးဘမောင်ကို ငါတပ် ဆင်ထားတယ်၊ ခင်ဗျား ငါကလေးကလဲ သူ့ရှေ့က တပ်ထားတယ်၊ အပေါင်းလက္ခဏာ ကလေးပြထားတယ်။

ငါတပ်တာ ညီမျှပါတယ်ဆိုတဲ့ အကြောင်းပြချင်လို့လုပ်တဲ့ ပွဲဟာ ဘာပွဲခေါ်တယ် ဦးဘမောင်။

မင်္ဂလာဆောင်ပွဲ ခေါ်ပါတယ်ဘုရား။

အဲ မင်္ဂလာဆောင်ပွဲ ဆိုတော့ ဘာအဓိပ္ပါယ်လဲ အမှန်က လူတွေကိုဖိတ်ပြီးပြတာဘဲ၊ ငါနှင့်သူတော့ အချင်းချင်း အပြန် အလှန် ငါ့လင်၊ ငါ့မယားလို့ ငါတပ်ဆင်ပြီးကြပြီး၊ မင်းတို့က ငါမတပ်ချင်ကြနှင့်တော့လို့ ဆိုဒါဘဲ။

အဲဒါလို့ ငါတပ်တဲ့နေ့ကစပြီး ဦးဘမောင် ဒုက္ခဖြစ်သလား မဖြစ်ဘူးသား။

ဦးဘမောင်။ ။ဖြစ်ပါတယ်ဘုရား။

ဦးဘမောင်ရေ ဘာလုပ်စမ်းပါအုန်း၊ ဘာကိုင်စမ်းပါအုန်း၊ ဇက်ထဲသွားစမ်းပါအုန်း၊ ကျောင်းဆရာလုပ်ပါအုန်း၊ ထင်းမလုံ လောက်လို့ ထင်းနဲနဲခွဲပေးခဲ့စမ်းပါအုန်း၊ ရေကလေးဆွဲပေး ခဲ့စမ်းပါအုန်း-စသည်ဖြင့် ဒုက္ခတွေများလို့ မဟုတ်လား။

အဲဒါ ငါကလေး တပ်ဆင်လိုက်ခြင်းကြောင့် ဖြစ်ထာဘဲလို့ ရှုရမယ်။

ဦးပဥ္စင်းတို့တော့ အစက ဒို့မှာတော့ ငါမရှိဘူ လို့ ထင်ခဲ့မိတယ်၊ ဘာဟုတ်မလဲ တကယ်အတွေ့ကျတော့ ရှိနေတာပေါ့။

ဦးပဥ္စင်းတို့က တောကျောင်း နေတော့ ကျောင်းတွင်းရှိ တောင်ကုန်းကလေးဘေးမှာ စိမ်းစိမ်းစိုစို ရှိအောင်ဆိုပြီး ငှက်ပျောပင်ကလေးတွေ စိုက်ထားတယ်။

ဒီလိုနေ့အခါကျတော့ နွားဘေးကဝင်ပြီး ငှက်ပျောရွက်ဆွဲပါလေရော၊ ငှက်ပျောရွက်ဆွဲစားတာနဲ့ ငါ့ပါးပြီ သား ဖြစ်သွားပါလေရော့။

အဲဒီတော့နွားဘေးကို ခဲနှင့်လိုက်ပေါက်လေတော့တယ်၊ ငါလာပြီးထိနေဘာကိုး။

ငှက်ပျောသီလဲ ငါ့သာထိ၊ သရက်ပင်ပစ်လဲ ငါ့လာထိ။

အဲဒီဗဟိဒ္ဓမှာရှိတဲ့ ပစ္စည်းတွေမှာ ငါ-တပ်ထားရင် သံလိုက်ဓာတ်လိုလိုက်ပြီး အဲဒီငါကိုလာထိတာဘဲ။

အဲဒီငါကိုလာထိရင် ဘာဖြစ်သလဲ ဆိုတော့ ဒုက္ခဖြစ်တယ်မဟုတ်လား၊ ဘာဒုက္ခဖြစ်သလဲ၊ ငှက်ပျောပင်ကြီးလဲသွားတော့ ရှုပ်ပြိုကွဲတယ်၊ ရုပ်ပြိုကွဲတော့ ဘာဖြစ်သလဲ၊ ငါကလေးပျက်သွားတယ်။

လိုချင်းမှာ ရုပ်ကိုငါစွဲနေရင်ငှက်ပြောပင်ဆိုတဲ့ ရုပ်လဲသွားရင် ထိုငှက်ပျောပင်မှာ စွဲနေတဲ့ ငါလဲပျက်သွားရော၊

ဒါလိုပျက်သွားတဲ့ အခါကျဘော့မှ-

ရုပ်ပြိုကွဲတော့၊ ငါလဲပျက်အင်။

ငိုမြည်ကြွေး-ပူဆွေးသောကဝင်။

ဖြစ်တော့ဘာဘဲ။

ငှက်ပျောပင်ကို နွားကလှဲတယ်၊ အဲဒီငှက်ပျောပင် လှဲလို့ ဦးပဥ္စင်းတို့မှာ ဒုက္ခဖြစ်တာမဟုတ်ဘူး။

ဘာကြောင့်လဲဆိုတော့ မြင်ပလား ဦးဘမောင်။

ဦးဘမောင်။ ။မှန်လှပါ မြင်ပါပြီဘုရား။

အဲ-ငှက်ပျောပင်မှာ စွဲနေတဲ့ ငါကွဲသွားလို့ ဒုက္ခဖြစ်ရတာ လို့မှတ်။

အဲဒီ ငါ ဆိုတာ အတ္တဘဲ၊ ဒီငါကလေးကိုအိမ်မှာရှိတဲ့ပစ္စည်း တွေ အကုန်လုံးမှ တပ်ထားတယ်၊ ဒို့ဒကာဦးဘမောင်ရဲ့အိမ်မှာ ဦးဘမောင်အတွက် ဦးဘမောင်က ငါတပ်ထားတဲ့ပစ္စည်းတွေ ဘယ်လောက် များမယ်ထင်သလဲ အများကြီးရှိမှာပါဘဲ။

ဒကာကြီး တွေးကလဲ ကိုယ့်အိမ်ကိုယ်ပြန်ကြည့်တယောက်သုံး တယောက်သုံး ပစ္စည်းတွေ (ဝါ)တဦးစီ ငါတပ်ထားတဲ့ပစ္စည်း တွေ ဘယ်လောက်များမလဲလို့။

အင်္ကျီရယ်၊ လုံချည်ရယ်၊ ဘာရယ်၊ ညာရယ်ပေါ့လေအများကြီး၊

အဲဒီ ပစ္စည်းလေးတွေမှာ ဦးဘမောင်ကငါတပ်လို့ မဟုတ် လား။

အိမ်က ဒကာမကြီးကလဲ သူ့ပစ္စည်း ကလေးတွေကို ငါ- တပ်လို့ ငါ ငါချင်း ရောသွားရင် စကားများတတ်တယ် မဟုတ် လား။

အဲဒီငါဟာ ရောလို့မရဘူး။

အဲဒီတော့ ဒီပစ္စည်းတွေအပေါ်မှာ တပ်ထားတဲ့ ငါတွေကို ဖြုတ်-ဖြုတ်ပြီးကြည့်ရင် မကောင်းဘူးလား ဦးဘမောင်။

အဲဒီပစ္စည်းတွေက ရုပ်ပစ္စည်းတွေ မဟုတ်လား။

အဲဒီရုပ်ပစ္စည်းတွေကို ရုပ်ပစ္စည်းတိုင်းတိုင်းထား။

ငါသွားပြီးမတပ် ဒုက္ခမနဲ့ပေဘူးလား။

ဦးဘမောင်။ နဲပါတယ်ဘုရား။

အဲဒါကြောင့် ရုပ်ပစ္စည်းတွေမှာ ငါ-တပ်နဲ့လို့ ဘုရားက ဟောခဲ့တယ်၊

ကိုယ်တော်တို့ ဘုန်းကြီးတွေမှာတော့ ငါ တပ်တာ မရှိဘူးလားလို့ မေးသာရင် ဘာမှာလဲငါ-တပ်လို့ဘဲလို့ ဖြေရမှာဘဲ စမ်းကြည့်ချင်ရင်ဒီကျွင်းကျောင်းဆရာတော်ကိုဘဲစမ်းကြည့်ပါ။

တရားနာပြီး အဆင်းကျတော့ အလှူစိုက်ထားတဲ့ အပင်ကလေးတွေ ခူးသွားကြ မယ်ပေါ့၊ ငါသွားထိတာ မျှော်ပါလိမ့်မယ်။

မဟုတ်ဘူး ငါကိုသွားထိတာ၊ ငါ့သိရင် မရှိတော့ဘူး၊ သတ္တဝါတွေမှာငါများတယ်၊ ငါတပ်ထားတဲ့ ပစ္စည်းတွေများလွန်းလို့ ဦးဥက္ကဋ္ဌကို ရဟန်းတော်များ ဘယ်လို လုပ်ရသလဲဆိုတော့ အချို့ ရဟန်းတော်များ ဝိနည်းတော်စီရိုက် ဆောင်ကြတယ်၊ သင်္ကန်းတွေအများကြီး တံတားခါင်းကြီး ယောဂျာကြီးနဲ့ တသုံးရှိနေမပေးယ်လို့ အကုန်လုံးကိုငါမတပ်နိုင်အောင် ဆောင်ကြတဲ့ လုပ်ငန်းဘဲ။

အမှန်ကတော့ ငါနဲ့ သွားအောင် လုပ်တာပါဘဲ၊ ကိုယ်ကျောင်းတွေ ပုဂ္ဂလိက ကျောင်းမလုပ်နဲ့၊ အချို့ ဂိုဏ်းများမှာ သံဃိက ကျောင်းတွေများတယ်။

ဘာပြုလို့လဲဆိုတော့ ငါကပ်နေမှာ စိုးလို့ဘဲ မဟုတ်လား ဦးဘမောင်၊

မှန်ပါဘုရား။

ဒီတော့ကာ ငါတပ်ထားတဲ့ ပစ္စည်းနဲ့တဲ့ လူဟာ ချမ်းသာတာဘဲ။

အဲဒါကြောင့် အနတ္တလက္ခဏာသုတ်တွင် ဘုရားကပထမဆုံး ဘာဟော ချလိုက်သလဲ။

ရူပံ ဘိက္ခဝေ အနတ္တာတဲ့-

ဟောဒီမှာကြည့်၊ ဘုရားရှင်က ကပ္ပါသားတွေ မခံချင်တဲ့ အလုံးကိုမှ စဟောလိုက်တယ်။

အနိစ္စတို့ ဒုက္ခတို့ ဟောရင် နဲနဲသက်သာချင် သက်သာအုံးမယ်။

တကပ္ပါလုံးမှာ ရှိနေတဲ့ လူတွေ အကုန်လုံးဟာ အတ္တသမားချည့်ဘဲ။

အဲဒီ အတ္တသမားတွေ အားလုံးကို ဒုတ်ပါးယဲနဲ့ ဂွဇပြာ ချလိုက်တာဘဲ။

အဲဒါ ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေ အဲဒီ မင်းတို့ပြောနေကြတဲ့ ရုပ်ဟာ အနတ္တာ-အတ္တမဟုတ်ဘူးတဲ့။

အဲဒီ ရုပ်တရားကို တခါစစ်ပြီ ကြည့်လိုက်ပြန်တော့ လူတယောက်မှာ ဆိုရင် စက္ခုရုပ်၊ သောတရုပ် ဃာနရုပ်၊ ဇိဝှာရုပ်၊ ကာယရုပ်၊ ဟာဒယရုပ်ရယ်လို့ ရုပ်ပေါင်းများစွာ တွေ့ရလိမ့်မယ်။

အဲဒီ များစွာသော ရုပ်တို့တွင် ဘယ်ရုပ်၌မျှ အတ္တမပါဘူး။

အဲသလို မပါကြောင်း အဲဒီရုပ်တရား၌ အတ္တ အစအနမျှ ရှာမတွေ့ကြောင်းနှင့် တကွ အတ္တဆိုဒါ ရှိကို မရှိကြောင်းကို

ယခု ခေတ်ပေါ် ရူပဗေဒ လောကဓာတ် ပညာ ဆိုင်ရာက ထောက်ခံနေတယ်။

ဂေါတမဘုရားရှင်ရဲ့ အနတ္တဝါဒ(ဝါ)အနတ္တ ဒေသနာကို ယနေ့အခါမှာ ဖြစ်ပေါ်လာကြတဲ့ ကမ္ဘာ့လောကဓာတ် ပညာရှင်ကြီးတွေက ဘာကြောင့် ထောက်ခံသလဲ။

သူတို့ကလဲ အရမ်းကာရော ထောက်ခံကြတာ မဟုတ်ပါဘူး။

အဲဒီ သိပ္ပံပညာရှင်တွေက ဦးပဥ္စင်းဘို ဦးဘမောင် တို့ရဲ့ ရုပ်ခန္ဓာကိုယ်ကြီးကို ရုပ်ပိုင်းအနေအားဖြင့် အနုမြူ ကျအောင် စိပ်ပစ်နိုင်ကြတယ်။

ဦးပဥ္စင်းတို့ ငါ်အနုမြူအားနှင့် မဟုတ်သေးဘူး။

ယနေ့ ရန်ကုန်ဆေးရုံကြီးတို့ ဘာတွေမှာရှိတဲ့ အိတ္ကစ်ရေး ခေါ်တဲ့ ဓာတ်မှန်တွေကို တွေ့ဘူးတယ် မဟုတ်လား။

မတွေ့ဘူး မကြည့်ဘူးတောင် ကြားတော့ ကြားဘူးပါ လိမ့်မယ်။

အဲဒီ မှန်ဘီလူးနှင့် ကြည့်လိုက်ရင် ဦးဘမောင်ရဲ့ ခန္ဓာကိုယ် မှာ ဘာမှမရှိတော့ဘူး၊ ဟာလာ ဟင်းလင်း ဖြစ်သွားဘယ်၊ ရုပ် တွေ အကုန်လုံးဟာ အနုမြူကလေးတွေ ဖြစ်ကုန်လို့ ကြည့်ချင် တာကို ကြည့်နိုင်တယ်။

အဲဒီ ကိုယ်တွင်းမှာ အရိုးနာဖြစ်နေဘယ် ဆိုရင် အသားကို အိတ္ကစ်ရေးနဲ့ ကြည့်ပြီး ဓာတ်မှန်နဲ့ ဓာတ် ပုံ ရိုက် ထား လိုက် တယ်။

အရိုးအလယ်ခေါင်မှာ ဖြစ်နေတယ်ဆိုရင်လဲ အရိုးကိုဖေါက် ထွင်း မြင်နိုင်တဲ့ ဓာတ်မှန်နဲ့ ကြည့်တယ်။

အဲဒီလောက် ကိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ဒီအတ္တကလေးဟာ တကယ်လို့များ သဘာ၀အားဖြင့်ရှိရင် အင်း-အိတ္တစ်ရေးတီထွင်တဲ့ လောကဓာတ်ဆရာကြီးတွေက ပြောတယ်။

ကျုပ်တို့ရဲ့ အိတ္တစ်ရေးကို ဒီအတ္တလွှတ်အောင် မပြေးနိုင်ပါဘူးတဲ့။

သူတို့ရဲ့ ကိုးတက်လာတဲ့ မှန်ပြောင်းဘွေကလဲ အင်မတန်ကြီးကျယ်တယ်။

အမေရိကတိုက် ကာလီဖိုနီယာနက္ခတ်စင်မှာရှိတဲ့ မှန်ပြောင်းကြီးဟာ သက်မပေါင်း(၂၀၀) ရှိတယ်တဲ့။

အဲဒီ လက်မပေါင်း (၂၀၀)ရှိတဲ့ မှန်ပြောင်ကြီ နဲ့ လှမ်းကြည့်လိုက်ရင် ဟိုကောင်းကင်က လထဲမှာ ငတာတွေတောင်မြင်နေရပြီ။

အဲဒီမှန်ပြောင်းကိုလွှတ်အောင် မင်းတို့ အတ္တလေးပြေးကြည့်စမ်းပါ။

အဲဒီ လိုကို သူတို့က ချလင်း လုပ်နေကြပြီ၊ ရဲရင့်ပြကြစမ်းပါ။

မင်းတို့ရဲ့အတ္တကို ငါကြည့်ပြမယ်လို့ ဆိုနေကြပြီ။

ယနေ့ဟာ အနုမြူခေတ်ဖြစ်လာတော့ ဒီခန္ဓာကိုယ်ကြီးတခုလုံးကို အနုမြူဖြစ်အောင် လုပ်ပစ်လိုက်နိုင်တယ်။

ပြီးခဲ့တဲ့ ကမ္ဘာစစ်ကြီး အတွင်းက ဂျပန်ပြည်မှာရှိတဲ့ ဟီရိုးရှီမားနှင့် နာဂါဆာကီမြို့ကြီးနှစ်မြို့ကို အနုမြူဗုံး ကြဲချလိုက်တယ်ဆိုတာ ကြားဘူးလိုက်တယ် မဟုတ်လား ဦးဘမောင်။

ကြားလိုက်ပါတယ်ဘုရား။

အဲဒီဖုံးကလေး ၂-လုံးလောက်ချလိုက်တာနဲ့ သွက်သွက်လယ် တခါထဲ အကုန်လုံး ပျက်ပြားသွားခဲ့တယ်။

အဲဒါလောက် ပြင်းထန်တဲ့ အနုမြူဓာတ်အားပါတဲ့ ဗုံးနဲ့ ဒီခန္ဓာကိုယ်ကြီးကို ဖျက်ချလိုက်ရင် ဒီ့တွအဘိဓမ္မာ ဆရာကြီးများ ဟောပြောနေကြတဲ့ နိဗ္ဗာန်၊ မုဝ၊ သဃာဘာ၊ အဝိနာသီ၊ သဗ္ဗဗျာပီ၊ မြဲတယ်၊ ခိုင်တယ်၊ မာတယ်၊ ဖျက်လို့မရဘဲ ပျံ့နှံ့ရှိ တည်တယ်ဆိုတဲ့ အတ္တကလေး ဘယ်မှာလဲ။

လက်တွေ့ကျတော့ ဓမ်းရှာလို့ မတွေ့တော့ဘူး မဟုတ်လား။ အဲသလို လက်တွေ့ဓမ်းကြည့်တော့ မရှိတော့ဘူး။

အနောက်တိုင်းက ရူပဗေဒ ဆရာမှန်က ဗုဒ္ဓဘာသာ မဖြစ်ရင်သာနေရမယ် ဗုဒ္ဓရဲ့ အနတ္တဝါဒကိုတော့ ထောက်ခံနေကြတယ်။

ထောက်ခံသမှ တိတိကျကျဘဲ၊ ဗုဒ္ဓဂေါတမ ဟောခဲ့တာ မှန်တယ်၊ ဒီခန္ဓာကိုယ်ထဲမှာ ရုပ်ဘဲရှိတယ်၊ ရုပ်ဘဲရှာလို့ တွေ့တယ်။

နာမ်ဆိုတာလဲ ဒီပသာဒရုပ်တွေကို မှီပြီး ဖြစ်ပေါ်လာတဲ့ သဘောတရား အဖြစ်မြင်သာ ရှိနိုင်တယ်ဆိုပြီး ထောက်ခံကြတယ်။

ဒီလိုဆိုရင် ဦးပဉ္ဇင်းတို့ဘုရားဝါဒနဲ့ ကိုက်မနေဘူးလား။

အဲဒီ နာမ်ဆိုတာလဲ ဒီပသာဒ ရုပ်ကြည်ကလေးတွေကို အမှီအစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်တရားဘဲ။

အကယ်၍များ မျက်လုံးကို ကော်ထုတ်ပြီး ထားလိုက်ရင် မြင်ပါအုန်းမလား၊ မမြင်တော့ဘူး။

အဲဒီတော့မျက်လုံးက အကြည်ခေတ်ကိုဖျက်နိုင်ရင် မျက်လုံး မမြင်မှုဖြစ်မယ်။

အဲဒီမှာ ရူပဗေဒလောကခေတ်ဆရာက ဦးပဥ္စင်းတို့ဂေါတမ ဗုဒ္ဓကို ထောက်ခံဘယ် မျက်လုံး အကြည်ခေတ်နဲ့ အာကာသ အလင်းရောင်နဲ့ ရူပါရုံနဲ့ တိုက်ဆိုင်မှုဆိုတဲ့ အကြောင်းတွေ ညီမှ မြင်မှုပေါ်လာတယ်။

အဲဒါလိုမြင်မှု ပေါ်လာတာဘဲ ဒီအတ္တ ကလေးကြောင့်ဖြစ် ထာတဲ့။

ဒီကိုစွန့်ပတ်သက်ပြီး အတ္တဝါဒယုံကြည်သူတွေကိုမေးကြည့် ရင် အတော်ရိုးရာကောင်းတာတွေကို ကြားရလိမ့်မယ်။

မျက်လုံးနဲ့မြင်လို့ဖြူတာ မည်းတာကိုဘယ်သူက သိသလဲဆိုရင် အတ္တကလေးက သိတာတဲ့။

စားလိုက်၊ ဝါးလိုက်တဲ့ဟင်းရဲ့စပ်တယ်၊ ခါးတယ်၊ ချို တယ် ချဉ်တယ်ဆိုတဲ့ အရသာကို ဘယ်သူကသိသလဲ လျှာက မသိဘူး၊ အတ္တကလေးက သိတာတဲ့။

နားကမကြားဘူး၊ အတ္တကဘဲကြားတယ်တဲ့။

ဒီတော့အားလုံး သွက်သွက်လယ်အောင် လမ်းချော် မကုန် ဘူးလား၊ ဦးပဥ္စင်းတို့ဘုရားရှင်လက်ထက်တော်အခါကသဲက ဒီအတ္တက ကြားတယ်၊ အတ္တက မြင်တယ်လို့ အယူရှိသူတွေ အသင်္ချေအနန္တရှိခဲ့ပုံရပါတယ်။

ဘုရားကျောင်းတကာကြီး အနာထပိဏ်ကိုပင် ဘုရားရှင်က- အို အနာထပိဏ်–

ဟောဒီမျက်လုံး ကြီးနှစ်လုံးကိုထုတ်ပစ်လိုက်ရင်အခေါင်းကြီး ပို၍ကျယ်မလာဘူး၊ ကျယ်လာရင် အထဲမှာရှိတဲ့အတ္တကလေးက

ရွှားများကြီး ပို့ပြီးမမြင်ရဘူးလား။

မမြင်ရပါ။

အသို့ရင်အတ္တဝါဒအရ မျက်လုံးကမမြင်ဘူး၊ အတ္တက မြင်တယ်ဆိုတာ မှားရော့ပေါ့။

အဲဒါလို အမှားကို ထောက်ပြလိုက်မှ ကျောင်းတကာကြီးအနေ ပိတ်လဲ ရှင်းသွားဒါနေပေါ့။

ဒါပေမယ်လို့ အတ္တစွဲဟာ ယနေ့တိုင်ခိုင်မာလျက်ဘဲ။

အခုဒီနှား တရားနာနေတဲ့ လူတွေလဲ ပုတီးစိတ်တော့သာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုနေဒါ။

စင်စစ်မှတော့ အတ္တသမားတွေ များမှာပါဘဲ။

ဘာပြုလို့လဲဆိုတော့ စိတ်ထဲက တကယ့်ပြတ်ပြတ်သားသား အနတ္တဝါဒဘက်သို့ မလိုက်နိုင်ကြသေးလို့ပေါ့။

င သေပြီးတဲ့နောက် ဖြစ်ချင်တာက လေးက ရှိနေသေးတယ် မှတ်သား ဦးဘမောင်။

ဦးဘမောင်။ ။မှန်ပါဘုရား။

ဦးဘမောင်တို့ အရပ်မှာ လူသေရင် ဆွမ်းသွတ်တာ မရှိဘူးလား။

ဦးဘမောင်။ ။ရှိပါတယ်ဘုရား။

ဘုန်းကြီးများ ပျံတော်မူရင်ကော။

ဦးဘမောင်။ ။သွတ်ပါတယ်ဘုရား။

ဘုန်းကြီးပျံကျတော့ ဟိုတပည့်ကလာပြီးသွတ်၊ ဒီတပည့်ကလာပြီးသွတ်နဲ့ သာပြီးဆွမ်းသွတ်တွေ ပေါများတာပေါ့။

ဒါပေမယ်လို့ သေသေချာချာ စစ်ဆေးမေးမြန်းတဲ့ အခါကျတော့ သေတဲ့သူဟာ ဘယ်ဘဝကိုသွားပြီး ဘာဖြစ်နေတယ်

ဆိုတာလဲ မသိဘူး။

ဒါလိုမသိတော့ ဘယ်ကို ရည်မှန်းပြီး ဆွမ်းသွတ် နေတယ် ဆိုတာလဲ မသဲကွဲတော့ဘူး။

ပြီးတော့ ခရစ်ချပြီး အမျှအတန်းဝေလိုက်သေးတယ်။

အဲဒီကိစ္စတွေဟာ ဦးပဉ္စင်းတို့ဗုဒ္ဓဘာသာ မြန်မာ နိုင်ငံမှာ လူတိုင်းလူတိုင်း လုပ်နေကြ ဘယ်မဟုတ်လား။

ဦးဘမောင်။ ။လုပ်ရိုးလုပ်စဉ်ပါတဲ့ဘုရား။

အဲဒါဟာ အတ္တစွဲလို့ သွားပြောရင် ပြောတဲ့ ဘုန်းကြီးလဲ ဆွမ်းငတ်ကိန်းနဲ့ ကြုံဖို့ပြင်ပေရော့။

လူတယောက် သေပြီးရင် ပုပ္ပနွေးနွေး သက်ပျောက်ဆွမ်း သွတ်တယ်၊ နောက် မြေကျဆွမ်းသွတ်၊ နောက် ရက်လယ်ဆွမ်း သွတ်တယ်။

အဲဒီရက်လယ်ဆွမ်းသွတ်ပြီ မှ သင်္ချိုင်းက သစ်ခက်ကလေးနဲ့ (သို့မဟုတ်) ကျောက်ခဲ ကလေးနဲ့ ခေါ်လာခဲ့တဲ့ ဝိညာဏ် ကလေးကို ပြန်လွှတ်လိုက်တယ်။

အဲဒီလို စွဲနေတာကို အတ္တလို့ခေါ်တယ်။

အနတ္တသဘာဝနှင့် ဘုရားက ဟောတဲ့အခါကျတော့ဘုရားက အဲဒီအတ္တဆိုတာ ရှိကိုမရှိဘူးတဲ့။

ရုပ်တရား ထဲမှာလဲ အတ္တမရှိဘူး။

ဝေဒနာထဲမှာလဲ မရှိဘူး။

သညာထဲလဲ ဒီအတ္တမရှိဘူး။

ရုပ်လဲ အတ္တမဟုတ်ဘူး။

ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏ်တို့လဲ အတ္တမဟုတ်ဘူး။

အဲဒီအတ္တဆိုတာ ဘယ်မှာမှ ရှာမရတဲ့ သဘာဝ၊ ရှိလဲမရှိ၊ ဟုတ်လဲမဟုတ်တဲ့သဘာဝဘဲ။

အဲ မရှိတဲ့သဘာဝကလေးဟာ ဦးပဥ္စင်းတို့လူတွေက အစွဲဆုံး ဖြစ်မနေဘူးလား။

ဦးဘမောင်။ ။စွဲလှပါတယ်ဘုရား။

ကပ္ပါမှာ သာသာကြီးလေးရပ်ရှိတယ်၊ အဲဒီလေးခုတွင်သုံးခု သော ဘာသာကြီးတွေက အတ္တဝါဒမဟုတ်လား။

ဦးဘမောင်။ ။ဟုတ်ပါတယ်ဘုရား။

ဦးဘမောင်တို့ ဗုဒ္ဓ ဘာသာဝင်တွေကတော့ အနတ္တအမည် ခံပြီး အတ္တစွဲနေကြတယ် ဟုတ်ကဲ့လား ဦးဘမောင်။

မှန်လှပါဘုရား။

အဲဒီတော့ ကိုးကွယ် ယုံကြည်တဲ့ ဘာသာ က တော့ ဗုဒ္ဓ ဘာသာဘဲ။

ဒါပေမယ်လို့ အတ္တစွဲတော့ ရှိသေးတယ်။

အနတ္တသဘောမကျဘူးလား-ကျပါတယ်တဲ့။

အသို့ရင် အတ္တကော မစွဲဘူးလားမေးတော့ စွဲပါတယ်တဲ့။

ဒီတော့ ဘာသာ ဝင်တိုင်းက အတ္တကို စွဲနေကြတော့ အဲဒီ အတ္တစွဲဟာ ဤကပ္ပါ လောကကြီးမှာ အလွန် ပြင်းထန်တယ်၊ တော်တော်နဲ့လျှပ်လို့ မရဘူး ဦးဘမောင်။

အဲဒါကြောင့် ဗုဒ္ဓဘုရားရှင်က အနတ္တ လက္ခဏာသုတ်ကိုစ၍ ဟောလိုက်တဲ့အခါကျတော့-

ရူပံ ဘိက္ခဝေ အနတ္တာ၊

ဆိုတဲ့ အပိုဒ်နဲ့ စလိုက်တယ်။

စကားအချိုးတွေ၊ ဘာတွေ ပျိုးမနေတော့ဘူး ဦးသမောင် ဒဲ့ဒိုးဘဲ။

လူသားတွေ အနာဆုံး နေရာကို ထိုးလိုက်တာဘဲ မဟုတ်လား။

မှန်ပါ ဘုရား၊

အဲဒီ အပိုဒ်ကလေးရဲ့ အဓိပ္ပါယ်က ရုပ်ဟာ အတ္တမဟုတ်တဲ့ မင်းတို့လူသားအားလုံးက အတ္တလို့စွဲနေတဲ့ရုပ်တရားဟာ အနတ္တ လူသားအားလုံးက ရုပ်ကို အတ္တလို့ ထင်ကြတယ်။

ဘုရားကတော့ အဲဒါလဲ မဟုတ်ဘူးတဲ့၊ လူသားက ရုပ်ထဲမှာ အတ္တရှိတယ်လို့ ထင်တယ် ဘုရားက မဟုတ်ဘူးတဲ့။

လူသားက ရုပ်နဲ့ အတ္တဟာ နွားနို့နှင့် ရေလို ရောစပ်၍ နေတယ်။

ဘုရားက ဒါလဲမဟုတ်ဘူးတဲ့။

အဲဒါလို မဟုတ်ဆိုသဖြင့် ဒီအတ္တဟာ နေစရာ ရှာရပါအုန်း မလား။

မရတော့ပါဘုရား။

အဲဒီတော့ နေစရာ ရှာမရတဲ့ အတ္တမှာ ဌာနလဲ မရှိတော့ ဘူး။

ဘာကြောင့် ဌာန မရှိသလဲလို့ မေးလိုက်တဲ့ အခါကျတော့ အတ္တကိုက မရှိတဲ့ သဘာဝ အားဖြင့် ထင်ရှားရှိတဲ့ သဘော တရားမဟုတ်လို့တဲ့။

အဲဒါလို မဟုတ်ခြင်းကြောင့် အတ္တနဲ့ ပတ်သက်ပြီး ဘာမှ တွေးတောနေစရာ မလိုတော့ဘူး၊ ဒီအတ္တဆိုတဲ့ ငါစွဲကိုဖျက်ပစ် ကြရမယ်။

ရုပ်တရားကလဲ အမျိုးမျိုးရှိတယ်။

အဇ္ဈတ္တိကာ ါ၊ ဗ ဟိရဝါ-ဆိုတဲ့ အတိုင်း အတွင်းရုပ် အပြင် ရုပ်တဲ့။

အဲဒါတွေကို အကျယ်တဝင့် ဖွင့်နေဘို့ လိုသေးသလား၊ ဦးဘခေါင်။

လိုပါသေးတယ် ဘုရား။

အဇ္ဈတ္တိကာ ရုပ်ဆိုဒါ မိမိရဲ့ ခန္ဓာကိုယ်မှာ ရှိတဲ့ ရုပ်ကိုဆိုတယ်။

အဲဒါတွေက ဘာလဲ။

စက္ခု-မျက်စိ၊ သောတ-နား၊ ဃာန-နှာခေါင်း၊ ဇိဝှာ လျှာ၊ ကာယ ကိုယ် ဟဒယ-နှလုံးဆိုတဲ့ ရုပ် ၆ ခုဘဲ၊

အဲဒီ ၆ ခုကိုကော ငါမတပ်ဘူးလား -တပ်သလား။

တပ်တယ်၊

ငါ့မျက်စိ ငါ့နား၊ ငါ့နှာခေါင်း၊ ငါ့လျှာ ငါ့ကိုယ်၊ ငါ့နှလုံးတဲ့။

တပ်ထားလိုက်တဲ့ ငါတွေ တင်းလို့ကြပ်လို့။

ဒီတော့ကာ အဲဒီ မျက်စိ၊ နား၊ နှာ လျှာ၊ ကိုယ်၊ ဟဒယ ဆိုတဲ့ ပသာဒရုပ်တွေရဲ့ ရှေ့ကနေပြီး တပ်ထားတဲ့ ငါကလေး တွေကို ဖျက်လိုက်ရင်ဆိုရင် ဘယ်သူ ဖျက်မှ ဖြစ်မှာလဲ၊

ဦးဘခေါင် ကိုယ်တိုင်က ဖျက်မှပျက်မယ် မဟုတ်လား။

ဦး ခွန်းတို့ တရားဟောတဲ့ ဘုန်းကြီးတွေက လာဖျက်လို့ ရပါ့မလား၊ ဘယ်တော့မှ မရဘူး၊ လာပြီး ဖျက်ရုံလားဆိုပြီး ရိုက်တောင် လွှတ်လိုက်လိမ့်မယ်။

အဲဒီဘော့ အဇ္ဈတ္တိက- ဆိုတဲ့ မိမိအတွင်းမှာ ရှိတဲ့ စက္ခု၊ သောတ ဃာန၊ ဇိဝှါ ကာယ၊ ဟဒယ-ဆိုတဲ ရုပ်ခြောက်ခုကို ငါတပ်ထားတာဘဲ။

အဲဒီ ငါစွဲမှာ အကြီးဆုံး အစွဲက အဇ္ဈတ္တိက အတွင်းစွဲ ဖြစ်တယ။

ခန္ဓာကိုယ်မှာ ရှိတဲ့ ပသာဒ ရုပ်ခြောက်ထက် ပိုလွန်ပြီး၊ ၃၂ ကောဋ္ဌာသနဲ့ ခွဲလိုက်တဲ့ အခါကျတော့လဲ ကောဋ္ဌာသ တခုခုရဲ့ ရှေ့မှာ ငါအသီးအသီးတပ်လို့ မရဘူးလား၊ ငါ့ဆံ ပင်တဲ့၊ ငါ့လက် ငါ့ခြေ စသည်ဖြင့် တပ်လို့လဲ ထားကြတယ် မဟုတ်လား။

၃၂-ကောဋ္ဌာသ အပေါ်အောင်ဖြစ်တဲ့ အတွင်း အဇ္ဈတ္တိက အစွဲ နှင့် ဗဟိဒ္ဓ အပြစ်စွဲတို့ တူနိုင်ပမလား၊ ယှဉ်လို့ဘော ရပါ့ မလား

ဗဟိဒ္ဓ အပြင်စွဲ ဆိုတာက ဆင်၊ မြင်း ကျွဲ၊ နွား၊ သား၊ မယား၊ ဥယ်ယာ ကိုင်းကျွန်း၊ ရွှေ ငွေ၊ ကျောက်သံ၊ ပတ္တမြား—တွေ့ သက်ရှိသက်မဲ့ ဖြစ်တဲ့ အပြင် ဗဟိဒ္ဓ ပစ္စည်းဘော့ကို ဆိုတယ်။

အဲဒီ ပစ္စည်းတွေမှာ စွဲတဲ့ ငါဟာ ပြောင်းလို့ လဲလို့ရတယ် မဟုတ်လား၊ ပြောင်းလို့ လဲလို့ ရနိုင်တယ် ဖျက်လို့လဲရနိုင် တယ်။

လူတွေဟာ ဗဟိဒ္ဓမှာရှိတဲ့ သက်ရှိ၊ သက်မဲ့ ပစ္စည်းတွေကို ငါတပ်ပြီး အပြင်းအထန်စွဲနေကြတယ်။

ဒါပေမယ်လို့ သက်ရှိတွေ သေသွားရင် သက်မဲ့တွေ မီး လောင်ပြာကျသွားရင် ဆက်လက်ပြီး မက်မက်မောမော စွဲနေ

သေးသလား။

ဦးဘမောင်၊ ။မစွဲတော့ပါ ဘုရား။

အဲ မစွဲတော့ဘူး။ အဲဒါက အကြမ်းပြင်း ဖျက်ချလိုက်တာ။ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဝိပဿနာနှင့် သက္ကာယဒိဋ္ဌိ ဆိုတဲ့ သုံးပါးနှင့် တင်ပြီးတော့ ဖျက်လိုက်ရင်လဲ ဒိဋ္ဌိဟာ ပျက်သွားတာဘဲ။

အဲသလို ဝိပဿနာနဲ့ တင်ပြီးတော့ မဖျက်ဘဲနဲ့လဲ ဒိဋ္ဌိ ပျောက်သွားနိုင်တဲ့ နည်းရှိသေးတယ် ဦးဘမောင်။

ဘယ်လိုပါလဲ ဘုရား။

ငါတပ်ပြီး စွဲနေတဲ့နွားကို နွားခိုးက ခိုးသွားပြီး အမဲသား ပေါ်လိုက်ပြီ ဆိုတော့ ဒီနွား အပေါ်မှာ စွဲတဲ့အစွဲဟာ ကျန် သေးသလား။

အဲဒီ ငါဟာ မရှိတော့ဘူး၊ ငါ့နွား မဟုတ်တော့ဘူး။

အဲဒါလို ငါတပ်မှုဟာ လောကကြီးမှာ အဆိုးဆုံး သဘာဝ ဖြစ်တယ်။

ဒါကြောင့် ဘုရားရှင်က အတ္တကို ဒိဋ္ဌိဆိုတဲ့ သဘောကလေး ကို မြင်အောင် ကြည့်ရမယ်တဲ့။

အဲဒိဋ္ဌိဆိုတဲ့ သဘောကလေးကို မြင်အောင် ကြည့်နိုင်ရင် လောကကြီးတခုလုံးမှာရှိတဲ့ သတ္တဝါ အားလုံးကို ဒုက္ခပေးနေ တာ သူဘဲလို့ တွေ့ရပါလိမ့်မယ်။

ပစ္စည်းတခုခုကို ဈေးထဲက ပိုက်ဆံပေးဝယ်လာပြီး၊ ကိုယ့် အိမ်ပေါ် ရောက်မှ အဲဒီပစ္စည်းကို ငါတပ်ထားတယ်မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

အဲသလို ဝယ်လာတဲ့ပစ္စည်းတခုဟာ သူ့ကို ငါတပ်မိတဲ့ အချိန် ကစပြီးတော့ ကိုယ့်ကိုဒုက္ခပေးတော့တာဘဲ၊ လူမှာလဲ ဒီလိုဘဲ။

တချို့ယောက်ျားကလေးဘဲဖြစ်စေ၊ မိန်းကလေးဘဲ ဖြစ်စေ မေးစားတယ်ဆိုတာ ရှိသေးတယ်။

အင်မတန်ကောင်းတဲ့နာမည်ကလေးတပ်ပြီး ငါစွဲကိုထုတ်ပြ နေဒါ မြင်ရဲ့လား။

ကိုယ်နှင့်သွေးသားမစပ်တဲ့ ဘာမလဲမဆိုင်တဲ့ သတ္တဝါအထီး ကလေး (သို့မဟုတ်) အမကလေးတကောင်ကို တပ်ပေးလိုက်တာဘဲ၊

ဒီတော့ ငါ့သား-ငါ့သမီးရယ်လို့ ဖြစ်မလာဘူးလား။

အဲဒီ ငါ့သား-ငါ့သမီး ဆိုတာက ပညတ်အားဖြင့် ခေါ်နေတာဘဲရှိတယ်။

စင်စစ် မူချပရမတ္ထသဘာဝနှင့် ကြည့်လိုက်တဲ့အခါကျတော့ ရှိတာလဲ မဟုတ်ဘူး။

ဒါပေမယ်လို့ ကမ္ဘာလောကကြီး တခုလုံးမှာရှိတဲ့ ကျေးရွာကလေးမှစပြီး တိုင်းကြီး၊ နိုင်ငံကြီးတွေအထိ အတ္တဆိုတဲ့ ငါစွဲကလေးနဲ့ ဒုက္ခများနေကြဒါဘဲမဟုတ်သား။

**ဦးဘမောင်။** ။ဟုတ်ပါတယ်ဘုရား။

ဥပမာ-ဦးဘမောင်တို့ ဒေးဒရဲမြို့ထဲမှာ အိမ်တလုံး ဆောက်နိုင်လောက်အောင် မြေကွက်တခုရှိတယ်။

အဲဒီ မြေကွက်ကလေးကို ခြံစည်းရိုးလေးဝိုင်းပြီး ကာလိုက်တယ် ဆိုပါတော့-

အဲဒီခြံစည် ရိုးဟာ အတ္တစည်းဝိုင်း၊ ငါစည်းဝိုင်း ဖြစ်မလာဘူးလား။

ဒီတော့ ငါ့ဝင်း၊ ငါ့ခြံ၊ ငါ့အိမ် ဖြစ်ကုန်ဒါဘဲ။

ကုန်ကုန်ပြောရရင်အဲဒီစိုင်းထဲမှာ အလေ့ကျ ပေါက်နေတဲ့

ပေါက်ဝင် မှိုက်ပင်ကစပြီး ငါ့ဟာတွေဖြစ်ကုန်တာဘဲ။

အဲဒီမြေကွက်ကလေးဟာ အစပဆမတုန်းက ဦးဘခမောင်နဲ့ ဘာဆိုင်သလဲ၊ ဘာမှ မဆိုင်ဘူး၊ အခြားဘာသူနဲ့မှလဲ တကယ်ဆိုတော့ မဆိုင်ပါဘူး။

ဒါပေမဲ့ ဦးဘခမောင်ကအဲဒီမြေကွက်ကလေးကို ငါစည်းဝိုင်းခတ်ထားတယ်။

အဲဒီနောက်အားလုံးသောလူတွေမှာ ဘာဖြစ်သလဲ ဆိုတော့ သူ့ဝိုင်းငါ့ဝိုင်းကွဲပြားလာပြီး သူ့ဝိုင်းငါမခင်နဲ့၊ ငါ့ဝိုင်း သူမဝင်နဲ့တွေ ဖြစ်လာဒါဘဲ။

အဲသလို ဝိုင်းကလေးခတ်ပြီး စည်းရိုး ငါကလေး တပ်ထားတဲ့အတွက် ဒီဝိုင်းထဲဝင်ရင် ပိုင်နက်ကျူးလွန်မှုဘောင် ဖြစ်နိုင်တယ်မဟုတ်လား။

အကယ်၍ လူတယောက်ဝင်လာရင် ငါ့အထဲ ဝင်လာတော့ဒါဘဲ။

ငါ့အထဲဝင်လာတာ အခံရခက်လာလျှင်၊ ငါ့ဝိုင်းထဲကသစ်ပင်ကို ချိုးရင် သာဆိုးမသွားဘူးလား။

ငါ့ဝိုင်းထဲတင်ရပ်မနေဘဲနဲ့ ငါ့အိမ်ပေါ်များ တက်လာရင် ပိုပြီးဆိုးလာလိမ့်မယ်။

ငါ့အိမ်ပေါ် တက်တာကနေပြီးတော့ ဧည့်ခန်းမှာ ထားတဲ့ပစ္စည်းတခုခုကို ယူရင် ငါ့ပစ္စည်းယူတယ်လို့ ဖြစ်လာတယ်။

အမှန်ကတော့ အဲဒီပစ္စည်းတွေဟာ ဈေးထဲက ပစ္စည်းတွေမဟုတ်ဖူးလား။

(သို့မဟုတ် တန်းမှာ ချိတ်ထားတဲ့ အင်္ကျီဖြုတ်ချင်၊ ထီးကိုဖြုတ်ချင်၊ ငါ့အင်္ကျီခိုးတယ်၊ ငါ့ထီးခိုးတယ်ဖြစ်မလာဘူးလား။

အဲဒီလိုဆိုတော့ ငါကလေးကိုဖြုတ်လိုက်ရင် ငါ့ပစ္စည်းခိုးတာရှိနိုင်ပါအုန်းမလား။

ငါ့နွားခိုးတယ်၊ ငါ့အိမ်ဘက်တယ် ဆိုဒါကော ဖြစ်နိုင်ပါအုန်းမလား။

ဦးဘခေါင်။ ။မဖြစ်နိုင်တော့ပါဘုရား။

ဗုဒ္ဓဘုရားရှင်၏အလိုအားဖြင့် အဲဒီငါးပါးဖြုတ်ဖို့ကိစ္စဟာလောကကြီးမှာ အရေးအကြီးဆုံးဖြစ်တယ်။

အဲသလို အရေးအကြီးဆုံး ဖြစ်သလောက် အခက်ဆုံးကိစ္စထဲရပ်သဲဖြစ်တယ်။

ဘုရားရှင်နှင့် တကွသော ရဟန္တာ တို့ဟာ အရဟတ္တမဂ်-အရဟတ္တဖိုလ် ရောက်မှ ဒီအဲငါးစွဲလုံးဝဖြုတ်တာ၊ အတ္တစွဲမှ ရှင်းရှင်းကြီး လွတ်မြောက်တာ၊

အဲဒီတော့ ငါစွဲဖြုတ်ဖို့ ဦးပဥ္စင်းတို့ ဟောနေရ ပေမယ်လို့ လုပ်ဖို့ ကျတော့ ဘယ်သလောက်ခက်သလဲ။

ဒါပေမဲ့ စိတ်မပျက်နဲ့ ဦးဘခေါင်၊ တကြိမ်ထဲနဲ့ အကုန်လုံးဖြုတ်မပစ်နိုင်တောင် နည်းနည်းခြင်း တချစ်တချစ်ခွါချလိုက်ဖို့ပေါ့။

အဲဒါကြောင် ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအပေါင်းနှင့်တကွအားလုံးသော ဗုဒ္ဓဘာသာဝင် လူမျိုးတွေဟာဒီအတ္တကိုဘဲ အရေးတကြီးထားပြီး ဖြုတ်နေကြမဟုတ်လား။

မှန်ပါဘုရား။

အဲဒါလို အတ္တကိုဘာပြုလို့ ဒါလောက် သဲသဲမဲမဲ တအားခဲပြီး ဖြုတ်နေရသလဲဆိုတော့ အနတ္တဆိုတဲ့သဘာဝ မပေါက်မခြင်း

တကဲ့သုခစစ်၊ ချမ်းသာမှန်ကို ကောန်မရနိုင်ကြောင်းကို အထင် အရှား ဘုရားက ဟောခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ဘယ်လိုဘဲပြောနေနေ၊ ဘာကိုဘဲလုပ်နေနေ အတ္တဆိုတဲ့ငါစွဲ ရှိနေသမျှကာလပတ်လုံး၊ လူသားရဲ့ဆင်းရဲဟာ နိဂုံးသတ်မှာ မဟုတ်ဘူး။ ပစ္စည်းတွေ အများကြီး ရှိသူကို ချမ်းသာသူလို့ ခေါ်တယ်။

အမှန်ကတော့ ချမ်းသာတာဟာ ပစ္စည်းရှိမှု၊ မရှိမှု၊ နဲ့မှု၊ များမှုကို အမှီပြုတာ မဟုတ်ဘူး၊ ၎င်းပစ္စည်းတွေ အပေါ်မှာ စွဲမှုမစွဲမှုပေါ်မှာ တည်ပါတယ်။

ရှိသမျှပစ္စည်းတွေကိုလိုက်ပြီး ငါတပ်ထားရင် ဆင်းရဲတယ်။ ငါမတပ်ဘဲ လွှတ်ထားလိုက်ရင် ချမ်းသာတယ်။

ဒီတော့ကာ လူတယောက်မှာ ပိုင်တဲ့ အိုးတွေ၊ အိမ်တွေ၊ လယ်တွေ၊ ယာတွေ၊ ရွှေတွေ၊ ငွေတွေ ဘယ်လောက် များပြားပြီး ရှိချင်နေနေ အဲဒီပစ္စည်းတွေ ရှေ့က တပ်ထားတဲ့ ငါကလေးကို ဖြုတ်လိုက်ရင် အဲဒီ ငါဆိုတဲ့ စည်းစိုင်းကလေး ဖျက်လိုက်ရင် ကိုယ်ရောစိတ်ပါ ချမ်းသာသွားမှာ အမှန်ဘဲ။

နောက်ဆုံးပြောရရင် ကိုယ်နေတဲ့ အိမ်ကလေးကိုပင် မဟုတ် ဒီသာ သံဃာက ဇရပ်လို့ ငါကလေးကို ဖြုပ်သား လိုက်ရင် မချမ်းသာဘူလား။

ဦးဘမောင်။ ။ချမ်းသာမှာ အမှန်ပါဘုရား။

အဲ-ချမ်းသာတယ်။

ဒါကြောင့် အချို့အချို့သော ဘုန်းကြီးများဟာ မိမိတို့ ကျောင်းဝိုင်းထဲမှာ လာပြီးဆောက်ကြတဲ့ ကျောင်းတို့ဇရပ်တို့ကို

သံဿံက ရေစက်သွင်းချ၍ လှူဒါန်းကြရန် တကာ–တကာမများကို တိုက်တွန်းတော်မူကြတယ်။

ဘာကြောင့်လဲ ဆိုတော့ ငါ့စွဲနဲ့အောင်၊ ငါ့စွဲနဲ့တော့ ဒုက္ခနဲ့အောင် ဆင်းရဲငြိမ်းအောင်လို့ ပေါ့။

အဲဒါလို ငါ့စွဲအတ္တစွဲကို နဲ့အောင်လုပ်ဘဲ့ နေရာမှာ အတွင်းပစ္စည်းနှင့် အပြင်ပစ္စည်းတို့တွင် ဗဟိဒ္ဓဆိုတဲ့ ပစ္စည်းနဲ့ စရမယ်။

အပြင်ပစ္စည်းဆိုတော့ မိမိခန္ဓာကိုယ်မှ အပြင်မှာ ရှိတဲ့ ငါတပ်ထားတဲ့ သက်ရှိသက်မဲ့ ပစ္စည်းတွေကိုဆိုဘယ်တဲ့။

ဒီလိုဆိုတော့ သားသမီးတွေရော၊ မယားဇနီးရော၊ ရွှေရော၊ ငွေရော၊ ကျွဲရော၊ နွားရော၊ ယာဉ်ရော အကုန်ပါမသွားဘူးသား။

အဲဒီပစ္စည်းတွေမှာ စွဲတဲ့ငါဟာအတွင်း ပစ္စည်းတွေမှာ စွဲတဲ့ငါလောက် မပြင်းထန်ဘူး။

အဲဒီတော့ ဗဟိဒ္ဓပစ္စည်းတွေမှာ စွဲတဲ့ငါကို ဖြည်းဖြည်းတည်းတာစပြောဖြုတ်ပြီး ကြည့်ရမယ်။

ဗဟိဒ္ဓငါစွဲခွါတဲ့ အလေ့အကျင့် လုပ်ရမယ်၊

အဲဒီဗဟိဒ္ဓမှာလဲ အနီးအဝေး ရှိသေးတယ်။

တောထဲက မြေဘက်ကမှာ တပ်တပ်ထားတဲ့ ငါကိုဖြုတ်ရတာနဲ့ ကိုယ့်အိမ်ပေါ်က သားသမီးတွေကို တပ်ထားတဲ့ငါကို ဖြုတ်ရဘာကိုယှဉ်ကြည့်ပါ၊ အင်မတန်ကွာခြားနေဒါကို တွေ့ရလိမ့်မယ်။

အဲဒါလို ဗဟိဒ္ဓပစ္စည်းမှာ တပ်ချည် ထားတဲ့ ငါတွေကို တလုံးပြီးတလုံး ဖြုတ်ပစ်နိုင်တဲ့ အခါမှာ ငါဖြုတ် လုပ်ငန်းဦး ကျွမ်းကျင်လာလိမ့်မယ်။ လက်သေ လာလိမ့်မယ်၊ တဖြေးဖြေး

အဝေးပနည်းတွေကစပြီး၊ မယားအထိ စွဲသားတဲ့ ငါကိုဖြုတ်နိုင်ဘို့ကြိုးပမ်းရမှာဦးဘမောင်၊ တယ်ပြီးလွယ်လှမယ်မထင်ဘူး။

ဦးဘမောင်။ ။မလွယ်တဲ့ အချက်မှာတော့ အခက်ဆုံးပါဘဲဘုရား။

ဒါပေမယ်လို့ အဇ္ဈတ္တိကဆိုတဲ့ အတွင်းစွဲနှင့် ယှဉ်လိုက်ရင် အပြင်စွဲတွေ အားလုံနောက်ဆုပ်ပြီး ပုတ်မခံရမှာဘဲ အဇ္ဈတ္တိကဆိုတာအတွင်းသဘောဖြစ်၍ အနီးသဘောဘဲ။

အဲဒီတော့-သန္တတိဝါ-အနီးသဘောဖြစ်တဲ့ စက္ခု၊ သောတ၊ ဃာန ဇိဝှါ ကာယ ဟဒယဟု ဆိုအပ်တဲ့ ၆ ခုသော ပသာဒရုပ်တို့၌ စွဲတဲ့ငါဟာ အပြင်းထန်ဆုံးဘဲ မဟုတ်လား။

ဦးဘမောင်။ ။အပြင်းထန်ဆုံးပါဘုရား။

အဲဒီ ခံတပ်ကြီးဟာ တသက်လုံး တိုက်လို့ဘောင် မပြိုတဲ့ ခံတပ်ကြီး မဟုတ်လား။

အခုအသက် (၆၀) ကျော်တိုင်အောင် ဦးဘမောင်ဘို့ တိုက်လာခဲ့ကြတယ် မဟုတ်လား။

မျက်စိ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ-ဟူသော ပသာဒရုပ်တို့ဖြင့် ဖွဲ့စည်းသားတဲ့ မိမိ၏ကိုယ်ကာယပေါ်မှာ စွဲနေတဲ့ ငါစွဲတို့တွင်၊ ဘယ်အစွဲများ သိသိသာသာ လျော့သွားသလဲ။

မျက်စိမှာ စွဲနေတဲ့ငါစွဲများ လျော့သွားသလား၊ နားမှာစွဲနေတဲ့ ငါစွဲများ ရော့သွားသလား စသည်ဖြင့် ရှောက်စင်တဲ့ အခါကျတော့ ဘယ်နေရာက ဘယ်အစွဲလျော့သွားဒါများတွေ့မှသလဲ ဦးဘမောင်။

ဦးဘမောင်။ ။မတွေ့ရပါဘုရား။

အဲ့တွေ့ဘူး၊ အိုလေ-စွဲလေဘဲမဟုတ်လား၊ ဒီကိုယ်ကာယကို စွဲတဲ့ အစ္ဆတ္တိက အစွဲပြောဒါနေဘ်-ဗဟိဒ္ဓဆိုတဲ့ ဟိုအပြင်စွဲတွေ ကျတော့ ဦးဘမောင်တို့မှာ နဲနဲပါးပါး လျော့သွားကုန်ပြီ။

ဘယ်လိုဘဲပြောပြော ဟိုငယ်ငယ်တုံးကလောက်တော့ကျွဲလဲ မစွဲတော့ဘူး နွားလဲမစွဲတော့ဘူး၊ လယ်ယာကိုင်းကျွန်းတွေကိုလဲ မစွဲတော့ဘူး၊ သားသမီး မယားဇနီးဆိုဒါတွေရှိရင်လဲ သဲသဲမဲမဲ သိပ်ပြီး မစွဲတော့ဘူး၊ အမှန်ကတော့ ဟိုငယ်စဉ်ကလောက် မစွဲ တော့ဘူးဆိုလိုတယ်။

သို့ရာတွင် အဇ္ဆတ္တိက အတွင်းစွဲဖြစ်တဲ့ စက္ခု၊ သောတ၊ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယဆိုတဲ့ (၆)ခုစွဲ ကျတော့ ငယ်ငယ် တုန်းက စွဲဒါနဲ့ အခုဦးဘမောင်စွဲဒါ ကွဲသေးသလား။

ဦးဘမောင်။ ။မကွဲပါဘုရား။

မကွဲဘူး အတူတူဘဲ၊ ဒီ(၆)ခုကိုတော့ ငယ်ငယ်တုန်းကလဲ ဒီလောက်စွဲဒါဘဲ၊ အခုလဲဘဲ ဒီလောက်စွဲဒါဘဲ။

အဲဒီတော့အမေမွေးလာကထဲက(ဝါ) သိတတ်တဲ့ အရွယ်က ထဲက စွဲလာတဲ့မျက်လုံးစွဲ၊ နားစွဲ၊ နှာခေါင်းစွဲ၊ လျှာစွဲ၊ ကိုယ်စွဲ တွေဟာ • နာ့ခါတလေမှ လျော့သွားတယ်လို့ မရှိခဲ့ဘူးမဟုတ် လား။

မလျော့တဲ့အပြင်အဲဒီအစွဲတွေဟာတိုးတိုးသာလာတတ်တယ်။

ဘယ်ပုံ တိုးလာလဲ ဆိုတော့-ငယ်ငယ်တုန်းက မျက်လုံးဟာ ကောင်းတယ်၊ အားရှိတယ်၊ စာကြည့်လို့လဲရတယ်။

ဒါပေမယ် အိုလာတော့ အသက် ၄၅ ၄၆-က ဒီဘက်ကျော် လာတော့ မျက်စိမှုံလာတယ်၊ ငါစာကြည့်မဖြစ်ဘူးညာဘူးနဲ့ မျက်စိကု ဆရာဝန်တွေနဲ့ စမ်းသပ်တယ်။

ဒီလိုစမ်းသပ်ပြီး မျက်မှန်ဝယ်တပ်တယ်၊ ဒီတော့ ရှိရင်းစွဲ မျက်လုံးလဲစွဲတယ်၊ နောက်မှ ဝယ်တပ်တဲ့ မျက်လုံး ငွားကိုလဲ စွဲတယ် ဖြစ်မလာဘူးလား။

ဖြစ်လာပါတယ်ဘုရား။

အဲဒီလိုမျက်မှန် ဝယ်တပ်တယ်ဆိုတာ ဘာ့သဘောလဲ ဘုရား ရှင်ဟော ခဲ့တဲ့ တရားကို သဘောမပေါက်တဲ့အချက်ရယ်၊ မျက်စိ ပေါ်၌ အစွဲသန်တဲ့ အချက်နှစ်ခုကို ဖော်ပြတယ်။

ငါ၏မျက်လုံးဟာ ရုပ်တရားဘဲ၊ ဇရာဓမ္မဖြစ်၍ အိုခြင်းသ ဘောကို မလွန်ဆန်နိုင်ဘူးလို့ ဘုရားက ဟောခဲ့တယ်။

ရုပ်တရားဟာ အိုတတ်တယ်၊ နာတတ်တယ်၊ ပျက်စီးတတ် တယ်။

အဲဒီသဘောမှ မလွန်နိုင်သဖြင့် ရုပ်တရားတို့၏ သဘော လက္ခဏာအတိုင်း အိုမှု၊ ချို့ယွင်းမှုတွေ ပေါ်မြဲဓမ္မတာဘဲလို့ နှလုံးသွင်းပြီး သည်းခံနေလိုက်ရင် မဖြစ်နိုင်ဘူးလား။

ဖြစ်နိုင်ပါတယ်ဘုရား။

အဲဒါလို ဖြစ်ပေမယ်လို့ မျက်စိအပေါ်မှာ စွဲတဲ့ ငါ့စွဲက အလွန်ပြင်းထန်လေတော့- ငါ့မျက်စိမှုံစွဲလာပြီး မဖြစ်ပေဘူး ဆိုပြီး ဟိုမေး- ဒီမေး လုပ်ပါလေရော၊ ဟို-ဆရာဝန် ဒီဆယာဝန် ထံသွားပြီး စမ်းသပ်ပါလေရော။

ငါ့မျက်စိ လင်းအုန်းမှ ဖြစ်မှာပါဆိုပြီး ဆေးဝါး ဝတ်စာ စားတန်စား၊ မျက်စဥ်း ခတ်တန်ခတ်၊ နောက်မရတဲ့အဆုံးကျ တော့ ကိုယ့်မျက်စိနဲ့ မျက်မှန်ကို ဝယ်လာတယ်။

ဒီတော့- မျက်စိနှင့် ပတ်သက်ပြီး မျက်မှန် စွဲကလေးတခု ပိုလာတယ်မဟုတ်လား။

အမှန်သဘောကတော့ မျက်စိ လင်းဘာ မလင်း၊ တာက အရေးမကြီးဘူး။

အဲဒီမျက်လုံးမှာ **ငါကလေး** တပ်ထားတော့- ဒီမျက်စိထဲရောင် **ငါ့ကို သွားထိတာဘဲ။**

အဲဒီလိုဖြစ်တဲ့အတွက် မျက်စိကို အထိ မခံနိုင်ကြဘူး။

အဲသလိုဘဲ ခန္ဓာကိုယ်မှာရှိတဲ့ အဇ္ဈတ္တိကာယတနခြောက်ခု တို့၌ စွဲလမ်းပြီးတော့နေတဲ့ ငါစွဲတွေလဲ အလွန်ပြင်းထန်တာ လို့ မှတ်ကြရမယ်။

အမေမွေးတဲ့နေ့ကစပြီး သေတဲ့အထိ အမြဲတစေ တိုက်ခိုက် နေကြတဲ့ ဘဝစစ်ပွဲဆိုတာ ဘာလဲ၊ ဗုဒ္ဓဘာသာ လူမျိုးများ တရားကိုသိကြရင် အဲဒီ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟာဒယဆိုတဲ့ အဇ္ဈတ္တိကာယတန ခြောက်ခုတို့၌ [illegible] နှိမ်နိုင်သမျှနှိမ်အောင် ကျုံ့နိုင်သမျှ ကျုံ့အောင်၊ လျှော့နိုင်သမျှ လျှော့ပါးသွားအောင် အမြဲတမ်း တိုက်ပွဲဆင်နေရတဲ့ ကိစ္စဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ လုပ်ငန်းဘဲမဟုတ်လား။

မှန်ပါတယ်ဘုရား။

အဲဒီတော့ ဒီခြောက်မျိုးမှာ စွဲနေတဲ့ ငါစွဲတွေဟဲ အနက်မှ တခုပြုတ်သွားရုံနဲ့ ကိစ္စပြီးပါမလား၊ နဲနဲတော့သက်သာသွား တာပေါ့။

မျက်စိစွဲတခုပြုတ်ရုံနဲ့ လူ့ကိစ္စမပြီးဘူး၊ အမေ့ဝမ်းတွင်း မှစ၍ မျက်စိနှစ်လုံး ကွယ်လာတဲ့ လူတယောက်မှာ မျက်စိစွဲ ရှိသေးသလား၊ မရှိဘူး။

သို့သော် သူများတကာလို မျက်စိရလိုတဲ့ စိတ်ကလေးသာ ရှိတယ်၊ သူ့မှာ မျက်လုံးကိုတော့ မရှိတဲ့အတွက် မစွဲတော့ဘူး၊

မျှက်လုံးရလိုဘဲ့ အမျှော်ဘဲ ရှိတော့တယ်၊ အဲဒီတော့ မျက်စိရဲ့ ကာ ေ ပးတခု ပျောက်ပြီးသွားပေမဲ့ ဒိပြင် ၅-ခုက ကျန်နေသေး တယ်။

ကျန်နေသေးရင် ငါရဲ့တွေ မကုန်သေးဘူးပေါ့၊ အဲဒီငါရဲ့ ထာ ဟ အသက်နေနှင့် နီးတဲ့ရုပ်ပစ္စည်းကျလေ ပိုချုံပိုချုံပြင်းထန် လေဘဲ၊ အဲဒီတော့ မစွဲအောင်ဘယ်လို ဆင်ခြင်ရမလဲ၊ ယခုငါရဲ့ နေ့တဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ဆိုတာတွေဟာ ရုပ်တွေဘဲ၊ ပြီးတော့ အဲဒီ ပသာဒရုပ်တွေနဲ့ အပြင်ဗဟိဒ္ဓအာရုံ ထိုက်ဆုံမိတဲ့အခါ ဖြစ်ပေါ်လာတဲ့ အသိဝိညာဏ်ဟာလဲ အ ကြောင်းတိုက်ဆုံမှ တခါတခါမှ ပေါ်လာတဲ့တရားဘဲ၊ သူလဲ နိစ္စ၊ ဓုဝ သဿတ၊ အဝိနာသီ၊ သဗ္ဗဗျာပီ ဆိုတဲ့ မြဲတဲ့သဘော၊ ခိုင်တဲ့သဘော၊ ပျက်စီးခြင်းမရှိတဲ့ သဘော ခိုင်ခိုင်ခံ့ခံ့ကြီး ပျံ့နှံ့တည်တဲ့ သဘောမရှိဘူး။

ဒါကြောင့် ခေတ်ကြီးလေးပါနှင့် ၎င်းတို့ရဲ့ အပွားအစီး ဖြစ်တဲ့ ဥပါဒါန်ရုပ်တွေရယ်၊ အပြင်ဗဟိဒ္ဓမှာ ရှိတဲ့ အာရုံတရား တွေရယ် တိုက်ဆုံမိကြတဲ့ အခါမှာ နာမ်တရားပေါ်လာတယ်၊

သတ္တဝါတွေဟာ အဲဒီ ရုပ်တရားနှင့် နာမ်တရားစု အပေါ်မှာ ရုပ်တည်နေကြတယ်။

အဲဒါလို ကိုယ်ရပ်တည်နေတဲ့ ရုပ်တရား၊ နာမ်တရားတွေကို ရုပ်နာမ်တရားတွေ ဘဲလို့ သဘာဝ အမှန် မြင်ရဲ့လား? မမြင် ကြဘူး။

အဲဒီလို မမြင်ကြတော့ ဒီရုပ်တရား၊ နာမ်တရားတွေကိုဘဲ သူဘဲ၊ ငါဘဲ အပြင်းအထန် စွဲနေကြတယ်။

ရုပ်နာမ် ဓမ္မတွေကို ရုပ်နာမ်ဓမ္မအတိုင်း မသိဘဲနှင့် ငါ့ရုပ်ဘဲ ငါ့နာမ်ဘဲ အစွဲတွေပေါ်ပေါက်ပြီးလာတယ်။

လူသတ္တဝါတွေဟာ အကုန်လုံး ဂယောင် ချောက်ချားဖြစ်ပြီးတော့ ငါ့ရုပ်ဘဲ၊ ငါ့ချက်လုံးဘဲ ငါ့နားဘဲ စသည်ဖြင့် အစွဲတွေ အကုန်ပေါ်ပေါက်လာတယ်။

အဲဒီတော့ အစွဲဆိုတဲ့ ဝဲဂယက်မှ သတ္တဝါတွေ ထွက်မြောက်ဖို့ ခက်ခဲသွားတော့ဒါပေါ့။

ဗုဒ္ဓဘုရားရှင်ရဲ့ အလိုကတော့ အဲဒီ ငါစွဲတွေကို အငုတ်မကျန်အောင် သုံ့နုတ်ပစ်ရမယ်၊ ဒီတော့ အတ္တဒိဋ္ဌိပြုတ်ချ် သွားမယ်၊ အဲဒီအခါမှာ သက္ကာယဒိဋ္ဌိကွာကျသွားမယ်။

ထိုအခါ သတ္တဝါတွေဟာ အင်မတန် မွန်မြတ်တဲ့ ချမ်းသာသုခကို လက်ငင်းဒိဋ္ဌ ခံစားကြရလိမ့်မယ်။

အဲဒီဟာ ဘုရားရှင်ရဲ့ အားဘော်၊ အလိုဆန္ဒဘဲ။

အဲဒီဘုရားရှင်ရဲ့ အလိုဆန္ဒအတိုင်း ဘုရားရှင်ကို ငဲ့သူ့ာသော အားဖြင့် ငါစွဲတွေ တဖြည်းဖြည်းနဲ့သွားအောင် အားထုတ်ကြဖို့ မကောင်းဘူးလား ဦးဘမောင်။

မှန်ပါ ကောင်းလှပါတယ် ဘုရား။

ဒီတော့ ဘယ်လိုလုပ်မလဲ ကိုယ်တွေ၊ လက်တွေ၊ စမ်းသပ်ကြည့်ပါ။

ပထမ ရှေ့ဦးစွာ ကိုယ်မှာရှိတဲ့ ငါတပ်ထားတဲ့ ပစ္စည်းပေါင်းကို ရေတွက်ကြည့်လိုက်ပါ။

ဒီတော့ ကောင်းတာတွေရော၊ မကောင်းတာတွေရော၊ တန်ဘိုးရှိတာတွေရော၊ မရှိတာတွေရော ပေါလောကြီး ပေါ်လာလိမ့်မယ်။

အဲဒါလို ပေါ်လာတဲ့ ပစ္စည်းပေါင်း ၂၀-ခန့် ရှိတယ်ဆိုပါ တော့၊ အဲဒီပစ္စည်း ၂၀-ထဲမှ မိမိအတွက် ချက်ခြင်း လက်ငင်း အသုံးမဝင် အကျိုးမပြုတဲ့အပြင် ဒီပစ္စည်း မရှိတဲ့ အတွက်လဲ ပက်ပက်စက်စက် ဒုက္ခမများဘူးဆိုတဲ့ ပစ္စည်းတခုကို ရွေးလိုက် ပါ။

ရွေးပြီးတော့ အဲဒီ ပစ္စည်းမှာ တပ်ထားတဲ့ ငါကလေးကို ဖြုတ်ပစ်လိုက်ပါ။

ဆိုလိုရင်းက ဦးဘမောင် ငါတပ်ထားတဲ့ လုံကွင်း တခုကို အများဘုံဆိုင် ရေသနုတ်လို့ အသိအမှတ်ပြုလိုက်ပါ။

အခြားလူတွေကိုလဲ အသိပေးလိုက်ပါ။

အဲဒီ လုံကွင်းပျောက်သွားရင်၊ လူခိုးသွားရင် ဦးဘမောင်မှာ သောကဖြစ်အုန်းမလား?

မီးပေါက်သွားရင်ကော ဦးဘမောင် ပူအုန်းမလား?

မပူတော့ပါဘုရား။

အဲဒါလို မိမိမှာရှိတဲ့ ရုပ်ပစ္စည်းတွေထဲက ငါတပ် ထားတဲ့ ရုပ်ပစ္စည်းတွေကို တဖြည်းဖြည်း ဖြုတ်ဖြုတ်ပြီးသိုက်ရင်၊ တပ် ထားတဲ့ ငါကလေးတွေကို တခုပြီးတခု ခွါ၍ခွါ၍ ပစ်နိုင်ရင်၊ သုခ စစ်၊ ချမ်းသာမှန် ကေန်ရမှာဘဲ၊ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာ လူမျိုးဟာ အလှူရေစက် လက်နဲ့မကွာတဲ့ လူမျိုးလို့ကမ္ဘာမှာ ထင်ရှားတယ်။

ဒါနဝတ္ထုတခုခုကို ပေးလှူတဲ့ နေရာမှာ အနတ္တသဘာဝပေါ် နေလို့ဖြစ်ပါတယ်။

ဥပမာ- ဦးဘမောင်မှာ ငွေ(၂၀၀)ရှိတယ် ဆိုကြပါစို့။ အဲဒီငွေဟာ ရုပ်ပစ္စည်းဘဲ။

အဲဒီရုပ်ပစ္စည်းကို ဦးဘမောင်က ငါတပ်ထားတယ်။

အဲဒီငွေတရာဆိုတဲ့ ရုပ်ပစ္စည်းစုမှာ တပ်ချည်ထားတဲ့ ငါကို ဖြုတ်နိုင်ရင်၊ ဦးဘမောင်ဟာ ဒီငွေ(၁၀၀)ကို စွန့်နိုင်ဒါဘဲ၊ လှူပစ်နိုင်တာဘဲ၊ ဆွမ်းကျွေး သင်္ကန်းကပ်စတဲ့ အလုပ်တွေ လုပ်နိုင်ဒါဘဲ။

အဲဒီငွေ (၁၀၀)ရှေ့က တင်ထားတဲ့ ငါကို မဖြုတ်နိုင်ရင် ဒီလူဟာ ဘယ်လိုစွန့်ကြဲမှုမျိုး ဒါနမျိုးကိုမှ လုပ်နိုင်မှာမဟုတ်ဘူး။

အဲဒါကြောင့် ဗုဒ္ဓဘုရား၏ အလိုအတိုင်း အနတ္တ သဘော ပေါက်လာရင် ပစ္စည်းပစ္စယ တွေမှာ စွဲလမ်းနေတဲ့ စိတ်ဟာ ခေါင်းပါးပြီးတော့ သွားလိမ့်မယ်။

ဒီပစ္စည်းတွေကို ဘာကြောင့် စွဲနေသလဲ၊ ငါတပ်ထားလို့ စွဲနေကြောင်း ပေါ်လွင်ပြီ မဟုတ်လား?

သေသေချာချာ စစ်ကြည့်ရင် အတော် ရီစရာကောင်းတယ် ဦးဘမောင်။

ပစ္စည်း တခုဟာ ငါ့ပစ္စည်း ဖြစ်နေပြီ ဆိုပါတော့၊ အဲဒီ ပစ္စည်းဟာ အစပထမတုန်း ငါ့ပစ္စည်း ဟုတ်ကဲ့လားလို့ တဆင့် တက်မေးရင် ယောင်ချာချာ ဖြစ်လာလိမ့်မယ်။

ဒီပစ္စည်းဟာ အမေ မွေးတုန်းက ကပ်ပါလာသလားလို့ မေးရင် မပါဘူးလို့ ဖြေရတော့မယ်။

နောက်ကျမှ ဗဟိဒ္ဓမှာ ရှာဖွေလို့ ရလာတဲ့ပစ္စည်း၊ ဝယ်လို့ ရလာတဲ့၊ လှူလို့ရလာတဲ့ ပစ္စည်းကို ဦးဘမောင်က တမင်သက်သက် သွားပြီး ငါတပ်ထားတာ။

လောကမှာရှိတဲ့ သူတိုင်းလူတိုင်းက အပြင်ဗဟိဒ္ဓမှာ ရှိတဲ့ ရူပ၊ သဒ္ဒ ဂန္ဓ ရသ၊ ဖောဋ္ဌဗ္ဗ ဆိုတဲ့ အာရုံတွေထဲက ကိုယ်တတ်နိုင်သမျှ ပစ္စည်းတွေကို ရှာဖွေတယ်၊ စုဆောင်းတယ်၊ မဘတ်သာက ပိုက်ဆံပေးဝယ်လာတယ်၊ ဒီထက်ဆိုးတော့ ခိုးယူလာတယ်၊ လုယူလာတယ်၊ တိုက်ခိုက်ယူလာတယ်။

ပြီးတော့ ဒီပစ္စည်းတွေကို အိမ်ပေါ်တင်ထားတယ်၊ တင်ရုံနဲ့ ပြီးပလား မပြီးသေးဘူး။

အဲဒီပစ္စည်းတွေကို စေ့အောင်လိုက်ပြီး ငါတပ်ထားတော့ ဒါဘဲ။

ဒါတွေဟာ ငါ့ပစ္စည်းတွေဖြစ်လာပြီ၊ အဲဒီ ငါ့ပစ္စည်းတွေကို အထိမခံနိုင်တဲ့ဘဝ ရောက်သွားတယ်။

အဲဒီ ငါတပ်ထားတဲ့ ပစ္စည်းတခုခုကို သွားမထိနဲ့၊ တကတဲ မီးပွင့်ထွက်သွားမယ်၊ ဒီလိုမဟုတ်ဘူးလား ဦးဘမောင်။

ဟုတ်ပါတယ်ဘုရား။

ငါတပ်ထားတဲ့ ပစ္စည်းတခု ပျောက်ပျက် သွာ ရင် ရင်ထုမနာ ဖြစ်ရတယ်၊ ငါမတပ်ရသေးတဲ့ ပစ္စည်းပေါင်း သောင်းခြောက်ထောင် မီးလောင်သွားပေမဲ့ ငါ့မှာ ဘာမှမဖြစ်ဘူး။

အဲဒါကြောင့် အပြင်ဗဟိဒ္ဓမှာ ရှိနေတဲ့ သက်ရှိ သက်မဲ့ပစ္စည်းတွေနှင့်တကွ မိမိရဲ့ကိုယ်ခန္ဓာမှာရှိတဲ့ မျက်စိ၊ နား၊နှာ၊စသည့် ရုပ်ခြောက်ခု၌ ဒါလောက် ပြင်းပြင်းထန်ထန် ငါစွဲမသန်ကြပါနဲ့လို့ ဘုရားက ဟောခဲ့တယ်။

ဘာကြောင့်လဲဆိုတော့ ငါစွဲသန်လေ၊ ဆင်းရဲသန်လေ၊ငါစွဲများလေ၊ ဒုက္ခများလေ ဖြစ်လို့ပေါ့။

အဲဒီ သဘာဝကို ပြောင်းပြန်လှန်လိုက်ရင် အမှန်ဆိုက်လာပါလိမ့်မယ်။

ငါစွဲလျော့ရင် ဆင်းရဲပျော့မယ်၊ငါစွဲနဲရင် ဒုက္ခကျဲသွားမယ်၊ ငါစွဲပြယ်ရင် ဆင်းရဲဒုက္ခအကုန် ငုတ်သွားမယ်။

အဲဒီငါစွဲ ခြောက်ခုထဲက တခုစီ တခုစီ လိပြီးတော့ ဖြုတ်၍ ဖြုတ်၍ သွားနိုင်ရင် တနေ့ကျတော့ အကုန်လုံး ဖြုတ်ခသွားနိုင်ဘူးလား ဦးဘမောင်။

ပြုတ်သွားနိုင်ပါတယ် ဘုရား။

အဲဒီလို ငါစွဲတွေ အကုန်ပြုတ်တဲ့အခါမှာ အဟုန်ကို ချမ်းသာတဲ့ ဝိမုတ္တိရသာကို ခံစားရလိမ့်မယ်။

အဲဒါလို အဘွင်းရုပ် အပြင်ရုပ်(ဝါ)အနီးရုပ် အဝေးရုပ်တို့ကို သေသေချာချာ ပွားရှုပြီးတော့ ငါစွဲကိုခွါပြီ တဲ့နောက်ကျတော့ ဝေဒနာ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့နာမ်တရားတွေကိုလဲ ဘုရားက ဒီအတိုင်းဘဲ ရှုရမယ်တဲ့။

အဲဒီ ဝေဒနာ စတဲ့ တရားတွေက မူလရုပ်တရား အပေါ်မှာ အခြေခံနေတဲ့အတွက် ရုပ်တရားမှာ စွဲတဲ့ ငါပြုတ်သွားရင် နာမ်တရား၌ စွဲတဲ့ ငါကတော့ အလွယ်ကလေးနဲ့ တွာကျသွားမှာဘဲ။

အဲဒီတော့ ရုပ်တရားရော၊ နာမ် အများပါ အတ္တ မဟုတ်ကြောင်း ထင်လျှားသွားပါပြီ။

အနတ္တလက္ခဏသုတ်ကိုဟောဖို့ အခွင့်အခါ ဆိုက်လာတော့ ကပ္ပ တဂုန်းလုံးမှာရှိကြတဲ့ အတ္တဝါဒီတွေ ငါစွဲနေတဲ့သူတွေကို ငဲ့ညှာမနေတော့ဘဲ ဗုဒ္ဓဘုရားသည်-

ရူပံ ဘိက္ခဝေ အနတ္တာ-

လို့-စလျှင်စခြင်း ဆောက်နဲ့ တွင်းချလိုက်ထာဘဲ။

တကပ္ပါလုံးမှာရှိတဲ့ လူတွေဟာ ရုပ်ကို အကြိုက်ဆုံး အနှစ်သက်ဆုံးဘဲ မဟုတ်ပါလော။

ယူသားထုတ်ရပ်ဘုံး စား၊ သောက် ရှုရိုက်နေတဲ့သက်သိန်းပစ္စည်းတွေဟာ ရုပ်ချည့်ဘဲမဟုတ်ပါလော။

ရဟန်းတို့-

ရုပ်သည် အတ္တမဟုတ်လို့ ရှင်းရှင်းပြတ်ပြတ် ဟောချလိုက်တာဘဲ။

အတ္တဝါဒီ ဆရာ့ဆရာကြီးတို့ရဲ့ အယူအားဖြင့် အတ္တဆိုတာ နိစ္စ(ဝါ)မြဲတယ်၊ ဓုဝ ခိုင်တယ်၊ သဿတ-တသန့်ထဲတည်တယ်၊ အဝိနာသီ- ပျက်စီးခြင်းမရှိ၊ သယံဝသီ-အလိုအတိုင်းဖြစ်တယ်ဆို မဟုတ်လား။

ဒီတော့ရုပ်တရားကိုစစ်ကြည့်ဖို့လိုမလာဘူးလားဦးဘမောင်။

လိုလာပါတယ်ဘုရား။

ရုပ်တရား၏ မူလနဂိုသဘောကို ဖေါက်ပြန်တတ်တယ်တဲ့။

အဲသလို ဖေါက်ပြန် တတ်ရင်၊ အဲဒီရုပ်တရားကို မြဲတယ်၊ ခိုင်တယ်၊ တသန့်ထဲတည်တယ်၊ ပျက်စီးခြင်းမရှိ၊ အလိုအတိုင်း ဖြစ်တယ်လို့ ဆိုနိုင်ပါမလား၊ မဆိုနိုင်ဘူး။

အကယ်တစေ ရုပ်တရားသာ အတ္တဟုတ်ခဲ့ ချေသော် အဲဒီ ရုပ်တရားမှာ မခိုင်မြဲခြင်း၊ ယိုင်လဲခြင်း၊ နာကျင် ကိုက်ခဲခြင်း၊ သေကြေပျက်စီးခြင်း စသည်မရှိတန်ရာ။

အခုတော့ ရှိနေတယ်မဟုတ်လား ဦးဘမောင်။

ရှိနေပါတယ်ဘုရား။

ပြီးတော့ ရုပ်တရားမှာ သယံဝသိ - ဆိုတဲ့ အဘိုင်း ဖြစ်တဲ့ သဘောရှိရဲ့လား၊'

မရှိဘူး၊ လူသားတိုင်း အိုချင်သလား။

မအိုချင်ပါဘူး၊ အမြဲဘာဝစဉ် နုပျိုပြီးနေချင်တယ်၊ လူသားတိုင်း နာဖျားမကျန်း ဖြစ်လိုသလား။

မနာချင်ကြပါဘူး၊ အမြဲတမ်းရေ-တွေတဲ့ပန်းလေးလို လန်းနေချင်ကြတယ် သေချင်သံသလား။

အဲဒါတော့မမေးနဲ့ ဦးဘမောင်၊ သက်ရှိသတ္တဝါတွေ မလိုချင်ဆုံး၊ အရွံဆုံးအရာဘဲ။

အသို့ရင် မလိုချင်တော့ကော မသေဘဲနေလို့ ရရဲ့လား မရဘူး။

အဲသလိုလူသားတွေ လိုတိုင်းဖြစ်တဲ့သဘောမှ ဆိပ်သုဉ်းတဲ့ အတွက် ရုပ်တရားဟာ အတ္တမဟုတ်။

ပြီးတော့-ဟိုလိုဖြစ်ပါစေ၊ ဒီလိုတော့ မဖြစ်ပါစေနဲ့ ။

အဓိပ္ပါယ်ကတော့ ဖွံ့ဖွံ့ဖြိုးဖြိုး ရေဆေးငါးလို အမြဲတမ်း စိုပြေပြီး၊ ကိုယ်နေကိုယ်ထား အချိုးအစား ကိုက်ညီ၍ ချောလှနေပါစေ။

အသားမဲမဲ သွားကျဲကျဲ၊ နဖူးမောက်မောက်၊ တင်ကောက် ကောက်နဲ့ ဆိုတာမျိုးလိုမဖြစ်ပါစေနဲ့ ဆိုလို့ ကောရပါမလား။

မရနိုင်ပါဘူးရား။

အဲဒါကြောင့်လဲဘဲ ရုပ်တရားဟာ အတ္တမဟုတ်၊ အနတ္တ။

အဲဒါလို ဖေါက်လွဲဖေါက်ပြန် ဖြစ်တတ်တဲ့ သဘောရှိတဲ့ ရုပ်တရားမှာ အလိုမလိုက်ဘူးဆိုတဲ့ သဘော ပေါ်လာအောင် သူရဲ့ အရင်းအမြစ်ကို သေသေချာချာ စစ်ကြည့်ရမည်။

ရုပ်တရားရဲ့ ပင်ရင်းကို ကြည့်လိုက်တဲ့ အခါမှာ ပ၊ အာ၊ ဝါ၊ တေဆိုတဲ့ ဓာတ်ကြီးလေးပါးကို တွေ့ရမယ်။

အဲဒီဓာတ်ကြီးလေးပါးက ဘာများ လုပ်သလဲဆိုတော့-

အတ္တနော သဘာဝံ ဓာရေန္တီတိ ဓာတု ဆိုတဲ့အတိုင်း မိမိ၏ သဘော လက္ခဏာကို မိမိ ဆောင်တဲ့အလုပ်ကိုဘဲ အမြဲ တစေ လုပ်နေတယ်၊

ကပ္ပါလောကရှိ မည်သူ၏မျက်နှာကိုမှ မလိုက်ဘဲသူ့ သဘောကို သူဆောင်နေတယ်။ သူ့ကိစ္စကို ဘယ်အခါမှ မလစ်စေရ၊ မဟာင်းစေရဘဲ၊ အမြဲတမ်းသူလုပ်နေတယ်၊ ဘယ်သူရယ် ဘယ်ဝါရယ်လို့ အသိအမှတ်မပြုဘူး။ မျက်နှာကြီးငယ်လဲ မလိုက်ဘူး။

အဓိပ္ပါယ်က ဓာတ်ကြီးလေးပါးတို့ဟာ လူသတ္တဝါရဲ့အလို အကြိုက်ကို ဘယ်အခါမှ မလိုက်ဘူးလို့ ဆိုလိုတယ်။

အဲဒီ ပ အာ၊ ဝါ၊ တေဆိုတဲ့ ဓာတ်ကြီးလေးပါးတို့ အမျိုးအစားကိုက်ညီစွာပေါင်းစပ်မိတဲ့အခါကျတော့ဥပါဒါန်ရုပ်တွေ ပွားစီးလာတယ်။

ဒီတော့မှဖြူတယ် ပြာတယ် နီတယ်၊ညိုတယ်၊မဲတယ်ဟူ၍ရှင်း၊ ပိန်တယ်၊ ဝတယ်၊ နိမ့်တယ်၊ မြင့်တယ်စသည်ဖြင့်ရင်း အထင်ပေါ် လာတယ်။

အထင်ဆိုဒါ မှန်ပမသား၊ အထင်ဆိုကတဲက မမှန်တော့ဘူး လို့မှတ်ရမယ်။ အသွင်ကြောင့် အထင်ဆိုဒါဖြစ်ပေါ်လာဒါဘဲ။

စင်စစ်မှာတော့ သူတို့ဟာ မဟာဘုတ်က မွေးထုတ်လိုက်တဲ့ ဥပါဒါန်ရုပ်ပွားတွေဘဲ။

အဲသလို ရုပ်ပွားတွေ ဖြစ်ခြင်းကြောင့် ရုပ်တို့၏ သဘာဝ အတိုင်း မည်သူ့အလိုနှင့် မည်သူ့အကြိုက်ကိုမျှ မလိုက်ဘူးလို့

ရှုမှတ်ရမယ်။

ရုပ်ဘင်္ခကာ့ဗူး ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဆိုတဲ့ နာမက္ခန္ဓာတရားလေးပါးကိုလဲ ဒီအတိုင်းဘဲရှုရမယ်၊မှတ်ရမယ်။

အချိန်အားနှင့် အနားမပေးဘဲ ပွါးများအားထုတ်ရမယ်။

ဒီလိုပွါးများရှုမှတ်ပါများလာတော့ ဘာဖြစ်မလဲ။

ဖေံပဿံ ဘိက္ခဝေ ရူပသ္မိံပိ နိဗ္ဗိန္ဒတိ-လို့ ဘုရားရှင် ကိုယ်တော်တိုင် အဖြေပေးခဲ့တယ်။

ရဟန်းတို့-

ဤသို့ရှုဖန်များလာသော် ရုပ်တရား၌ ငြီးငွေ့လာ၏တဲ့။

ဒီတော့ ငြီးငွေ့လာတယ်ဆိုဘာ ဘယ်လိုဖြစ်တာလဲ၊ အဲဒီဟာ ဗမာစကားဘဲ၊ အခြားတနည်း ပြောရရင် ငြီးငွေ့တယ်ဆိုတာပျင်းလာတယ်ဆိုတဲ့စကားနဲ့ ခပ်ဆင်ဆင်ဘဲမဟုတ်သား။

အဲဒါလိုပျင်းရိလာတယ်၊ ငြီးငွေ့လာတယ်ဆိုရင် နဲနဲရွံလာတယ်၊ မုန်းလာတယ်လို့ ဆိုလိုတယ်။

တရားသံနှင့် သုံးရရင်-

ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊

ရုပ်တရား၌ ငြီးငွေ့လာတယ်ဆိုတာဟာ အဲဒီရုပ်တရားအစု၌ အစွဲသျှော့ လာတယ်။ အစွဲပေါ့ လာတယ်တဲ့ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

အခုကာလလူတွေဟာ ရုပ်တရား၌ငြီးငွေ့ဖို့ နေနေသာသာ အဲဒီ ရုပ်တရားရဲ့ နောက်ကိုဘဲ တကောက်ကောက် လိုက်နေကြတယ်။

ရုပ်တရားနောက် လိုက်ရတာ မပျင်းဘူး၊ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲ ကြည့်ရလို့ငြီးငွေ့တဲ့လူအရှားသားဘဲ၊ မငြီးငွေ့လို့ ပြဿနာရှာလို့ မစက်ဆုပ်လို့ ဇာတ်ရုံ၊ ရုပ်ရှင်ရုံတွေမှာပိုက်ဆံပေးပြီးကြိတ်ကြိတ် တိုးနေကြဒါ မဟုတ်လား။

ဘုရားရှင်က ရုပ်ဟာ မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ စိုးပိုင်မှု မရှိတဲ့ အနတ္တလို့ ဟောခဲ့တယ်မဟုတ်လား။

အသို့ရင် ဦးဘမောင်တို့လူတွေကကော ဘာကိုစွဲလို့ ဘာကို သဲသဲမဲမဲလိုက်ပြီး ရှာနေကြသလဲ။

ဦးဘမောင်။ ။ရုပ်ကိုစွဲပြီး ရုပ်နောက်ကိုဘဲ လိုက်နေကြ ပါတယ်ဘုရား။

ဒီနေရာမှာ ဒို့လူတွေသေသေချာချာ စဉ်းစားဖို့လိုတယ်။

ရုပ်ဟာဒုက္ခဘဲလို့ ဘုရားကဟောခဲ့တယ်၊ ဒို့လူတွေက ရုပ်ကိုဘဲ စွဲပြီးနေတယ်။

ဒီတော့ရုပ်ကိုစွဲရင် ဒုက္ခကိုစွဲတာနဲ့ အတူတူဖြစ်မနေဘူးလား၊ ဒုက္ခကိုစွဲနေတဲ့လူက ဒုက္ခမှလွတ်ကြောင်းကို ကြံပါအုန်းမလား။

ရုပ်ကိုဒုက္ခ၊ ဗုဒ္ဓဟောရှာ၊
ရုပ်ကိုသာဘဲ၊ ဒို့စွဲနေတာ၊
ရုပ်ကိုစွဲတဲ့ ခပ်သူငါ၊
ဒုက္ခအား—လွတ်ရေးမကြံသာ။

အဲဒါကြောင့် ယခုဟောပြခဲ့တဲ့အတိုင်း ရုပ်တရားကိုသေချာ စေ့ငုပွါးရှု မှတ်သား ခဲ့လျှင် အဲဒီ ရုပ်တရား၌ ငြီးငွေ့လာ လိမ့်မယ်။

အဲဒီရုပ်တရားကို စက်ဆုပ် ရွံမုန်းပြီး အောဝ်နှလုံး နာ၍လာ လိမ်မယ်။

ဒီမှတဆင့် ရှေ့တက်လိုက်တော့-

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ-ငြီးငွေ့သော် အစေးပြယ်လာ၏၊ ကောင်ကွာကျ၏၊ ချုပ်ငြိမ်း၏-လို့ ဘုရားကဟောခဲ့တယ်။

ဒီတော့-အရေးကြီးဆုံးလုပ်ငန်းက ရုပ်ကိုစက်ဆုပ်ရွံမုန်းပြီး အော့နှလုံးနာအောင် ရှုဖို့ဖြစ်တယ်။

ရုပ်တရားမှာလဲ အတွင်းရုပ်နှင့် အပြင်ရုပ်နှစ်မျိုးရှိရာ အပြင်ရုပ်တွေကို ငြီးငွေ့လာအောင် ဆင်ခြင်ပွါးများဘို့ လုပ်ငန်းကတော့ အတွင်းရုပ်နှင့်စချင် လွယ်ပါတယ်။

အမှန်မှာအတွင်းရုပ်တရားတွေကိုငြီးငွေ့ရွံမုန်းလာရင်အပြင်ရုပ်တွေကိုအလိုအလျောက် ရွံမုန်းပြီး ဖြုံသွားပါတယ်။

ဘာပြုလို့လဲဆိုတော့ အတွင်းရုပ်တွေဟာလဲအပြင်ရုပ်တွေမှ ဖြစ်လာတဲ့ ရုပ်တွေဖြစ်လို့ပေါ့။

လူသတ္တဝါ၏ အစွဲဆုံးရုပ်ကို ရှာဖွေရမယ်။

အဲဒါလိုရှာကြည့်တဲ့အခါမှာ လူသားရဲ့အစွဲဆုံးဟာ အတွင်းရုပ်ဘဲလို့တွေ့ရမယ်။

လူသားသည် မိမိ၏ကိုယ်ကိုစွဲသလောက် (သို့မဟုတ်)မိမိရဲ့ ကိုယ်ကာယတွင် အကြုံးဝင်တဲ့ အစိပ်အပိုင်းကလေး တခုကို စွဲသလောက် အခြားမည်သည့်အရာကိုမျှ မစွဲဘူး။

ဒီတော့ခါ အစွဲမက်ဆုံး ဖြစ်တဲ့ မိမိရုပ်ကို ရွံမုန်းအောင် လေ့ကျင့်ဖို့ လုပ်ငန်းဟာ အခက်ဆုံးလုပ်ငန်း ဖြစ်မနေဘူးလား ဦးဘမောင်။

မှန်ပါ၊ အခက်ဆုံး လုပ်ငန်းပါဘဲဘုရား။

ဘုရားရှင်ကဖြင့် ဦးဘမောင်ရေ-ဦးပဥ္စင်းတို့၊ ဦးဘမောင်တို့ကို အခက်ဆုံး အလုပ်လုပ်ဖို့ ခိုင်းခဲ့တာဘဲ။ အောင်မြင်တာ

မမြင်တာဖယ်ထား၍ပြီး ဘုရားရှင်၏ အလိုအတိုင်း လိုက်နာကျင့်သုံးနှလုံးသွင်းဖို့တော့ မကောင်းလား ဦးဘမောင်။

မှန်ပါ၊ ကောင်းလှပါတယ်ဘုရား။

ဒီတော့-ဦးဘမောင်တို့ အစွဲကြီးဆုံးဖြစ်တဲ့ ခန္ဓာကိုယ်မှုလရဲ့ အစဖြစ်စဉ်ကို ဆင်ခြင်ဖို့၊ ရှုမှတ်ဖို့လိုလာတယ်။

လူသားဒွေးလုံးဟာ ဘယ်ကစသလဲဆိုတော့ ဦးဘမောင်တို့ သိပြီးဖြစ်တဲ့အတိုင်း ကလလရေကြည်က စတယ် မဟုတ်လား။

မှန်ပါဘုရား။

အမည်လေးက သိပ်ကောင်းတယ်၊ ကလလ ရေကြည်တဲ့ သောက်ချင်စိတ်တောင် ပေါက်လာရောဘဲ။

အဲဒီကလလရေကြည်ဟာဘာကဖြစ်လာသလဲလို့ ရှေ့တဆင့်တက်လိုက်တော့အမိ အဖနှစ်ပါးတို့ရဲ့သုက်သွေးကြောင့်ဖြစ်လာ ဒါဘဲ။

ဒီတော့ ခုနတုန်းက ပေါ်လာတဲ့ သောက်ချင်စိတ်ကလေး ပျောက်မသွားဘူးလား။

ပျောက်သွားပါတယ်ဘုရား။

အဲဒါလိုဘာကြောင့် ပျောက်သွားသလဲဆိုရင် ရွံဖွယ်၊ စက်ဆုပ်ဖွယ်လို့ ထင်မြင်လာလို့ဘဲ ဖြစ်တယ်။

အမိဝမ်းတွင်းမှအပြင်ဘက် ဆင်းလာတဲ့အခါကျတော့မိမိရဲ့ တကိုယ်လုံးမှာရှိတဲ့ စ၊ သ၊ ဿ၊ ဇ၊ က၊ ဟဆိုတဲ့ ရုပ်ပစ္စည်းတွေ၊ ကေသာ၊ လောမာစတဲ့ ထိုထိုရုပ်ပစ္စည်းရဲ့ အစိပ်အပိုင်း တွေကို စွဲတော့တာဘဲ။

အဲဒီအစွဲကို အဇ္ဈတ္တိက အတွင်းစွဲလို့ခေါ်တယ်။

ဒီအစွဲဟာ အပြင်းထန်ဆုံးဘဲ၊ သေချာစွာသိလိုလျှင် ဦးဘမောင်ရဲ့ မျက်စိဘလုံးကိုရှုပါ။

အဲဒီ ဦးဘမောင်ရဲ့ မျက်စိတလုံးနှင့် လဲလှယ်နိုင်မဲ့ သက်ရှိ၊ သက်မဲ့ ရုပ်ဝတ္ထုကို ရှာလို့တွေ့ပါ့မလား။

မတွေ့နိုင်ပါဘုရား။

ဒီတော့ အဲဒီအတွင်းရုပ်တွေကို စက်ဆုပ်အောင်၊ ရွံမုန်းလာအောင် ကြည့်ရှုဖို့က မခက်လားဦးဘမောင်။

သို့ရာတွင် နည်းမရှိဘူးလားဆိုတော့ရှိပါတယ်၊ လူသား တွေက လိုက်ပြီးလုပ်နိုင်ရင်သာရှိရမယ်၊ လုပ်နည်းတော့ရှိပါတယ်။

နည်းကတော့ ပရသဘော၊ အပြင်သဘော ပေါက်အောင် ရှုဖို့ ဆင်ခြင်ဘို့ဖြစ်တယ်။

ဆိုလိုတာက ဦးဘမောင်ရဲ့ အဇ္ဈတ္တိကအတွင်း ရုပ်တွေကို အပြင်သို့ထုတ်ထုတ်ကြည့်ရမယ်၊ အပြင်ဘက် ခွါ-ခွါရှုရမယ်လို့ ဆိုလိုတယ်။

ဥပမာ နှာစေးနေတဲ့ ဦးဘမောင်ရဲ့ နှာခေါင်း တွင်းမှာ နှပ်ရည်တွေမရှိဘူးလား။

ရှိပါတယ်ဘုရား။

နှာခေါင်းထဲက တွဲလောင်း တွဲလောင်း ကျနေတဲ့နှပ်ရည် တွေကို ဦးဘမောင် ရွံရဲ့လား။

မရွံပါဘုရား။

မရွံတဲ့အပြင်ညာဘက်လက်နှင့် ညှစ်ထုတ်လိုက်သေးတယ်။

အဲသလို ညှစ်လိုက်လို့ လက်ထဲပါလာတဲ့ နှပ်ကိုကော ရွံ ပလား။

မရွံသေးပါဘုရား။ အဲမရွံသေးဘူး။

11

လှုင့်ပစ်လိုက်လို့ ဘေးကိုရောက်သွားမှရှုတာ။

လှုင့်ပစ်ပြီးသား နှပ်ရည်ကျတော့ လက်နှင့်ပြန်ကောက်ပါ အနုန်းဆိုရင် ဘယ့်နှယ်လဲ ဦးဘမောင်။

ရှုလာပါပြီဘုရား။

ပြီးတော့ နောက်တခု ကြည့်အုန်း၊ ဦးဘမောင်ရဲ့ ပါးစပ် အတွင်းမှာ သွားတွေရှိတယ်မဟုတ်လား။

ရှိပါတယ်ဘုရား။

အဲဒီသွားတွေမှာ ချေးတွေမရှိဘူးလား။

ရှိပါတယ်ဘုရား။

အဲဒီပါးစပ်အတွင်းက သွားချေးကို ဦးဘမောင်က ရှုံများ ရှုသေးသလား။

မရှုပါဘုရား။

ဒန်ပူနဲ့ ဘာနဲ့ ထိုးကုတ်ပြီး အပြင်ရောက်တော့ ရှုတော့ပြီ မဟုတ်လား။

ရှုလာပါပြီဘုရား။

ပဲတော့ကာ မိမိရဲ့ကိုယ်ကာယအတွင်းမှာ ရှိနေတဲ့အညစ်ကို မရှုဘူး၊ အပြင်ရောက်သွားတဲ့ဟာကို ရှုတယ်။

အဲသလိုဖြစ်လာတော့ မိမိရဲ့ကိုခန္ဓာမှာရှိတဲ့ရုပ်ပစ္စည်းတွေကို ဗဟိဒ္ဓအပြင်သို့ထုတ်ပြီး အပြင်သဘော မြင်အောင် ရှုနိုင်ရင် အဲဒီရုပ်တွေကို ရှုလာမယ်၊ မုန်းလာမယ်၊ ဘုရားရှင်၏ ဟောလို အတိုင်း ငြီးငွေ့လာမယ်။

အဲသလို တကယ်တန်းသာ ငြီးငွေ့လာမယ်၊ ရှုလာမယ် ဆိုရင်–

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊

နိဗ္ဗိန္ဒ ငြီးငွေ့ရှုမုန်းလာရင်။ ဝိရဇ္ဇတိ၊ ကော်အခေးကွာ၏၊ ချုပ်ငြိမ်း၏။

အဲဒီတော့ဝိရာဂဖြစ်လာတယ်၊ ဝိရာဂဖြစ်လာတယ် ဆိုဒါဟာ ထိုထို အာရုံ ကာမဂုဏ်တို့၌ စွဲမက်ခြင်း ကင်းလာ တယ်လို့ ဆိုလိုတယ်။

အဲဒီ ဝိရာဂအဆင့်သို့ရောက်တဲ့ ပုဂ္ဂိုလ်ဟာမျက်စိနှင့်မြင်ရတဲ့၊ နားနှင့်ကြားရတဲ့၊ နှာခေါင်းနှင့်နံရတဲ့၊ ကိုယ်ဖြင့် တွေ့ရတဲ့အာရုံတွေရဲ့ သဘောကို ကျကျနန်ကြီးမြင်ပြီးသားဖြစ်တယ်။

အဲဒီအာရုံငါးပါး၊ ကာမဂုဏ်တရားဆိုတာတွေဟာအားလုံး ရုပ်တရား ချည့်ဘဲဖြစ်တယ်။

အဲဒါလိုဖြစ်ခြင်းကြောင့် ၎င်းတို့သည်ရုပ်၏ သဘာဝဖြစ်တဲ့ ဖြစ်၊ ပျက် ပြောင်းလဲမှုကို အမြဲတမ်းဆောင်နေကြတယ်။

အဲဒီ သဘောကို မြင်သည်နှင့် တပ်မှိုင်နက် ဒီအာရုံ တွေရဲ့ နောက်ကို တကောက်ကောက်နှင့် လိုက်နေပါ အုန်းမလား။

ဦးဘမောင်။ ။ လိုက်၍နေတော့ မည်မဟုတ်ပါဘုရား။

ဒီနေရာမှာ ဝိရာဂ ဖြစ်အောင် လုပ်ဖို့ နည်းကောင်း လမ်းကောင်း လိုတယ်။

နည်းက အနုနည်း၊ အကြမ်းနည်း နှစ်မျိုးရှိတယ်။

အနုနည်းဆိုတာကရုပ်တရားတွေရဲ့ဖေါက်ပြန ပြောင်းလဲပုံ၊ မင်းပုံ၊ ဆင်းရဲပုံတို့ကို ရှုမြင်ခြင်း ပွါးများခြင်းဖြစ်တယ်။

ဒီနည်းက ကြာတတ်တယ်၊ အားထုတ်သူ ပုဂ္ဂိုလ်ရဲ့ လုံ့လ ဝီရိယ စေတနာ သဒ္ဓါတရားကို အမှီပြုပြီး အောင်မြင် ပေါက် ရောက်သူလဲ ရှိနိုင်တယ်၊ တိုက်ပွဲရှုံး လက်မြှောက် သူတွေလဲရှိ နိုင်တယ်။

ဒုတိယ အကြမ်းနည်းကတော့ ဘုရားအလောင်းတော် သိဒ္ဓတ္ထရဲ့ နည်းဖြစ်တယ်။

အဲဒီနည်းကတော့ ဇွဲနှင့်သတ္တိဘဲလိုတယ်၊ သိဒ္ဓတ္ထမင်းသားကို ကြည့်ပါ၊ သူဟာ ဘာတရားကိုမှ စဉ်းစား နေတာ မဟုတ်ဘူး၊ တွေးနေတာမဟုတ်ဘူး၊ ယသော်ဓရာစတဲ့ အာရုံတွေဟာကပ်ငြိ ဆွဲဆောင်တတ်တဲ့ဟာတွေဘဲလို့ သိတာနဲ့ တပြိုင်နက် ညကြီး သန်းခေါင် ယသော်ဓရာရဲ့ ဘေးနားက အတင်း ထပြေးခဲ့တာ မဟုတ်လား။

မှန်ပါဘုရား။

သိဒ္ဓတ္ထရဲ့ နည်းကတော့ အစွဲအလမ်းတွေရှိနေရာ အတင်း ဖြတ်၊ အတင်းပြေး၊ လွတ်အောင်သာပြေး၊ အဝေးရောက်တဲ့ အခါမှ အမှန် တရားကို ရအောင် အားထုတ်ယူရုံဘဲ၊ မလွယ် ဘူးလား ဦးဘမောင်။

လွယ်ပါတယ်ဘုရား။

ဟော ယနေ့ည ဦးဘမောင်တို့လူစု တရားနားယူချိန် ဆိုတဲ့ အခွင့်ပန်ချက်နှင့် ကာမဂုဏ် ထောင်တွင်းက ခေတ္တထွက်လာခဲ့ ကြတယ်မဟုတ်လား။ မှန်ပါတယ်ဘုရား။ ဒီဘော့ ဒီကနေ့ည ဒီတရားနာနေတဲ့ ကျောင်းက ထောင်ထဲ မပြန်ကြဘဲ လွတ်ရာ ကျွတ်ရာ ပြေးကြပါတော့ဆိုရင် ပြေးနိုင်ကြပါ မလား။

မပြေးနိုင်ပါဘုရား။

အဲဒီ အတင်းဖြတ်၊ အတင်းပြေးတဲ့ လမ်းစဉ်က ဘုရားအလောင်း သိဒ္ဓတ္ထရဲ့ လုပ်ထုံးဘဲ။

ဦးဘမောင်တို့ အဲဒီနည်းကို တိကျစွာ လိုက်နာနိုင်ရင်ကနေ့ ညဘဲ ဝိရာဂဖြစ်မယ်၊ ကော်စေးပြယ်မယ်၊ အဝေးကိုရောက်ပြီး

ဒအားပေါက် အေးကွက်ကိုနင်းမိမယ်။

အဲဒီတော့ ဘုရားရှင်က–

ဝိရာဂါ ဝိမုစ္စတိ–

ဝိရာဂါ- ရာဂ ကင်းခြင်းကြောင့်။ (ဝါ) အကပ်မရှိခြင်းကြောင့်။ (ဝါ ကော်ဆေးတွေ ကွာခြင်းကြောင့်။ ဝိမုစ္စတိ လွတ်လေတော့၏လို့-ဆက်၍ ဟောခဲ့တယ်။

အတင်းခွါပြီး အတင်းပြေးခဲ့လျှင် မလွတ်ဘူးလား ဦးဘမောင်။

လွတ်ပါတယ်ဘုရား။

ဒါပေမယ်လို့ မခွါနိုင်တာနဲ့ အဝေးသို့ မပြေးနိုင်တာကခက်တယ်။

အဲဒါနှင့် တဆက်ထဲပင်–

ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ-

လွတ်သော် လွတ်မှန်းသိရမယ်လို့ ဘုရားရှင်က ဟောခဲ့တယ်။

မသိကြော့ပြုလို့လဲဆိုတော့ လွတ်နေပေမယ်လို့ လွတ်မှန်းဘာ မခွဲနိုင် မခွါရက်ဖြစ်နေကြတယ်။

ပုထုဇဉ်လူသားတို့ဟာ ကာမနယ်ထဲမှာ အနေကြာ အနယ်ကျပြီး နေလေတော့ ချည်ထားတဲ့ ကြိုးတွေမရှိတော့ဘူးဆိုတာကိုဘဲ မသိကြဘူး၊ မသိကြတော့ ကြိုးနှင့်ချည်ထားတယ်ထင်ပြီး အဲဒီအနားက မခွါဘဲနေတတ်ကြတယ်။

နွားပေါက်စကလေးတကောင်ကို တိုင်တခုမှာ ကြိုးနှင့်ချည်ထားကြည့်ပါ။

ပထမ၌ လူဟာ လွတ်အောင် လှည့်ပတ်ပြီးရုန်းနေတယ်။

နောက်ရှုန်းလို့ မရမှန်းသိတော့ အဲဒီ တိုင်ကလေးနားမှာ ကပ်ပြီး အိပ်လိုက်တာဘဲ၊ နောက်တနှစ်လောက် ရှိတော့ကာ ကြိုးဖြည်ပြီ လွှတ်ထားပေမယ်လို့ အဲဒီ ချည်နေကျတိုင်နားမှာ သွားပြီး အိပ်တာဘဲ။

ဘာကြောင့် အိပ်သလဲဆိုရင် အဲဒီ နွားကလေးဟာ သူလွှတ် နေတာကို လွှတ်မှန်းမသိလို့ပေါ့။

ဒီတော့ကာ လွှတ်တဲ့အခါမှလဲ ငါလွှတ်ပြီဆိုတာ သိမှခွါနိုင် မယ်မဟုတ်လား၊ လွှတ်ပြီးဆိုတာ မသိသေးရင် အဲဒီချည်တိုင် ကလေးနားမှာ ကပ်ပြီးတွေးနေသေးတာဘဲ။

ဒါကြောင့် ဘုရားရှင်က လွှတ်ရင်လဲ လွှတ်မှန်း သိကြပါ လို့ ဟောညွှန်ခဲ့ပါတယ်။

အဲဒီလို ဟောညွှန်ခဲ့တဲ့အတိုင်း တိကျပြတ်သားစွာ လိုက်နာ ကျင့်သုံးနိုင်ရင် ဘာအကျိုးရမှာလဲဆိုတော့-

**ခီဏာ ဇာတိ-**

**ဇာတိ**၊ အသစ်တဖန်ဆိုတဲ့ အဖြစ်သဘော။ **ခီဏာ**-ကုန်လေ ပြီ-ဆိုတဲ့အကျိုးကို ရပါတယ်။

အဖြစ်ကုန်ရင် အပျက်သဘော ထပ်လာပါအုန်းမလား?

**မလာတော့ဘူး။**

အဖြစ်ကုန်လို့ အပျက်ထပ်၍ မလာလျှင် ဘဝစက်ရဟတ် ကြီး ရပ်သွားမယ်၊ ပြတ်သွားမယ်မဟုတ်လား။

ငါဆိုတဲ့ စာလုံးကလေး နောက်နားက နွားဆိုတာလေး ထည့်လိုက်၊ ငါ့နွားဆိုတဲ့အဖြစ်တွေ ပေါ်လာနိုင်တယ်။

အမှန်မှာတော့ သက်ရှိ သက်မဲ့ပစ္စည်းတွေ ရှေ့ကနေပြီး တပ်ထားတဲ့ ငါတလုံးကို ဖြုတ်လိုက်ရင် အားလုံးရုပ်ပစ္စည်း

သက်သက် ကျန်တော့တာဘဲ။

ဥပါဒါနပစ္စယာ ဘဝေါ- ဆိုတော့ စွဲလမ်းမှုကြောင့် ဘဝ ဖြစ်ရတယ်၊ ဘဝကြောင့်ဇာတိဖြစ်ရတယ်- ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးလည်ရော့ပေါ့။

မည်သည့် အရာကိုမျှ ငါမတပ်လျှင် အဖြစ်ပေါ်ပါအုန်းမလား?

ဦးဘခမောင်။ ။မပေါ်လာနိုင်တော့ပါဘုရား။

ထို့နောက်-

ဝုသိတံ ဗြဟ္မစရိယံ-သူတော်သူမြတ် လမ်းစဉ်ကို ကျင့်သုံးပြီး အခြေသို့ ဆိုက်ရောက်လေတော့သည်။

သူမြတ်လမ်းစဉ် ကျင့်ရမယ်ဆိုတာကတော့ ဟုတ်ပါရဲ့။

ဘာကျင့်ရမှာလဲ ?

ဘယ်လိုကျင့်ရမှာလဲ ?

တောထွက်ပြီး သတ်သတ်လွတ် စားရမှာလား ?

ဒါမှမဟုတ်လဲ ဂူဝင်ပြီး ဓူတင်တွေရသတဲ့၊ ဘာတို့ဆောင်ရမှာလား။

သစ်ဘာပင်ရင်း၊ ဝါးဘာပင်ရင်း ချဉ်းကပ်ပြီးတော့ ကမ္မဋ္ဌာန်းထိုင်ရမှာလား-စသည်ဖြင့် မေးစရာတွေဖြစ်မလာဘူးလား။

ဦးဘမောင်။ ။မှန်ပါ-မေးစရာ၊ တွေးစရာတွေ ဖြစ်လာပါတယ်ဘုရား။

ယခုကာလမှာ လုပ်တဲ့လုပ်ဟန်တွေ ဘယ်လောက်များပြီး နေစေကာမူ ဒီနေရာမှာ ဘုရားရှင်ရဲ့ အဖြေကတော့ တိုလဲတို၊ ကျဉ်းလဲကျဉ်းပြီး၊ ရှင်းလဲရှင်းပါတယ်။

ပြွတ်ပြွတ်သားသား ပေးခဲ့တဲ့ အဖြေကတော့- အတ္တဖြုတ်ကြတဲ့၊ ငါ ဖြုတ်ကြတဲ့။

အဲဒီတော့ အနုနည်းနဲ့ဘဲ ဖြုတ်ဖြုတ် (သို့မဟုတ်) အကြမ်းနည်းနဲ့ဘဲ ဖြုတ်ဖြုတ်၊ ငါဖြုတ်တာဟာ အလုပ်ဘဲ၊ ငါ ဆိုတဲ့ အတ္တပြုတ်သွားတာဟာ သူတော်သူမြတ်အပေါင်းတို့ရဲ့ အကျင့်စခန်းမှာ အောင်ပန်း ဆွတ်ခူးခြင်းဘဲ၊ ယောဂီပုဂ္ဂိုလ် တဦးရဲ့ အထွဋ်အထိပ် ရောက်ခြင်းဘဲ။

အဲဒီစွဲနေတဲ့ ငါတွေထဲက တငါတလေမှ မပြုတ်ဘဲနှင့်တော့ ဦးဘမောင်ရေ ကျင့်ရာရောက်နိုင်ပါမလား။

မရောက်နိုင်ပါဘူးရှး။

အဲဒါလို ကျင့်ကြံကြိုးကုတ် ငါဖြုတ်ဖန်များလာလို့ ငါကလေးတွေ တခုပြီးတခု ပြုတ်ပြုတ်ကျသွားရင် ဝုသိတံ ဗြဟ္မစရိယံ ဖြစ်တာဘဲ။

အဓိပ္ပါယ်က သူတော်သူမြတ်တို့ရဲ့ ကျင့်စဉ်မှာ နောက်ဆုံးပိတ် ဆုံးဝင်ပြီး အောင်ပွဲခံနိုင်ခြင်းလို့ ဆိုလိုဘာသ်။

ပြီးတော့ အနတ္တလက္ခဏာသုတ် နိဂုံးချုပ်လိုက်တာက-နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ-တဲ့လား။

ဦးဘမောင်။ ။မှန်ပါဘူရှး။

အဲဒါကြောင့် ဦးဘမောင်တို့လူစု ပင်ပင်ပန်းပန်း စွမ်းစွမ်းတမန် အားအံကြိုးကုတ် တကယ် အားထုတ်တဲ့ ကိစ္စတွေဟာ နောက်တဖန် ဘဝသစ်ဖြစ်ဖို့ မဟုတ်တော့ဘူး ဆိုဒါကို သေသေချာချာ သိတဲ့အပြင် ယခုဘဝဟာ သူ့အတွက် နောက်ဆုံးအန္တိမ ဘဝဘဲလို့ လင်းလင်းထင်ထင် တွေ့မြင်ပြီးလို့ ယုံကြည်ရမယ်။

မိမိတို့ရဲ့ ကျင့်ကြံ အားထုတ်မှုတွေမှာ ဘဝအတွက် မျှော်မှန်းချက် ကုန်ခန်းတာနဲ့ ဘဝ စက်ရဟတ်ကြီးဟာလဲ အလို အလျောက် ဆိခြောက်မီးသေ ရပ်နားရှိ သွားလေတော့သ တည်း။

ဤမြှေ့ဤမျှသော တရားအစဉ်ကို နားဆင်ကြရခြင်းဖြင့် ဦးဘမောင်တို့ လူစု ဘာမှားနေတယ်ဆိုတာကို ကိုယ်တိုင်မြင်ကြ ပလား။

ဦးဘမောင်။ ။မြင်ကြပါပြီဘုရား။

အဲသလို မြင်ကြရင် ကိုယ့်အမှား ကိုယ်ပြင်ဖို့ဘဲ ရှိတော့ တယ်။

ဒါကြောင့် ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကိုယ်လမ်းကိုယ်သွားမဲ့ လူတွေဖြစ်လို့ ကိုယ့်အမှား ကိုယ်မြင်ပြီး ကိုယ်တိုင် ကိုယ်ကျ ပြင်နိုင်ကြဘို့ အရေး မကြီးဘူးလား၊

ကြီးလှပါတယ်ဘုရား။

ဘုရားရှင်ရဲ့ အလိုအားဖြင့် အရေးကြီးဘာက ငါဖြုတ် ဖို့ဘဲ။

ဒီတော့- ဦးဘမောင်တို့ ဘယ်မှာဘဲ နေနေ ဆိုပါတော့ ကြိုက်စရာ ရူပါရုံတွေ သောင်းခြောက်သောင် နားသောတ ဘင်ဖွယ် သဒ္ဒါရုံတွေကလဲ သိန်း ခြောက် သောင်း၊ နမ်းစရာ၊ တွေ့စရာ၊ ပေ့စရာ အာရုံတွေကလဲ အနန္တနဲ့ ဝိုင်းရံပြီးတော့ ဘဲနေနေ အဲဒီအာရုံတွေမှာ ဦးဘမောင် ငါမတပ်ရင် ဒုက္ခဖြစ် ပါအုန်းမလား။

မဖြစ်နိုင်ပါ ဘုရား၊

အဲဒါလို ကာမအာရုံ အမျိုးစုံတို့ရဲ့ အလယ်သို့ ရောက်နေတဲ့အခါမှာ ရေထဲ၌ ပေါက်တဲ့ ပဒုမ္မာ ကြာရွက်များလိုနေနိုင်ရမယ်တဲ့။

ကြာပင်ဟာ ရေထဲမှာ ပေါက်တယ်၊ ရေနှာဘဲကြီးထွားလာခဲ့ရတယ်။

ဒါပေမယ်လို့ အဲဒီကြာပင်ရဲ့ ကြာရွက်ကို ဘယ်အခါမှ ရေမစိုဘူး၊ ရေမစွပ်ဘူး၊ ဟုတ်ကဲ့လား ဦးဘခမောင်။

ဟုတ်ပါတယ်ဘုရား၊

အဲဒီဟာ ဦးဘခမောင်တို့အိမ်ယာ တည်ဆောင်လို့ဘောင်မှာနေကြတဲ့ ယောကျ်ားနှင့် မိန်းမများအတွက် ကျွတ်ကိုရစေနိုင်တဲ့ ဆေးချက်ဘဲ၊ မိမိရဲ့ အိမ်ပေါ်မှာ ကာမဝတ္ထုတွေ ဘယ်လောက်ဘဲ တင်၍ထားထား၊ များချင်လဲ များပါစေ။

ဒါပေမယ်လို့ အဲဒီ ကာမ ဝတ္ထုတွေကို ငါ့မတပ်ဘဲထားလိုက်ရင် ဧဒါဘဲ။

ဒီတော့လူကိုဒုက္ခဆင်းရဲ အမြဲပေးနေဒါက ကာမဝတ္ထုတွေ၊ ကာမအာရုံတွေ မဟုတ်ဘူး။

အမှန်ကတော့-အဲဒီ ကာမဝတ္ထုတွေကို ကိုယ်က အလကားသွားပြီး ငါ့တပ်လို့ ဆင်းရဲရတာ၊ ဒုက္ခဖြစ်တာလို့ မှတ်။

အဲဒီ သက်ရှိသက်မဲ့ ကာမ အာရုံတွေ ဘယ်လောက်များကြီးဘဲ စုပုံဝိုင်းရံ၍ နေစေကာ ဦးဘခမောင်က ငါကလေးကိုဖြုတ်ပြီး ငုတ်တုတ်ထိုင်နေရင် ဘာမှမဖြစ်နိုင်ပါဘူး။

ငါကလေးကိုဖြုတ်နိုင်ရင် ဆန္ဒရာဂဆိုတဲ့ အစွဲ လာပါအုံးမလား၊ မလာရင် မလေား။

သွေးပါတယ်ဘုရား။

ကဲ-ဒကာကြီး ဦးဘမောင်မှာ မျက်စိမရှိဘူးလား။

ရှိပါတယ်ဘုရား။

အပြင်ဗဟိဒ္ဓမှာကော ရူပါရုံတွေမရှိဘူးလား။

ရှိပါတယ်ဘုရား။

ဒီတော့-ဦးဘမောင်ရဲ့မျက်စိဟာ ထိုရူပါရုံများရဲ့သံယောဇဉ်လား။

မဟုတ်ပါဘုရား။

အသို့ရင် ထိုရူပါရုံများက ဦးဘမောင် မျက်စိရဲ့ သံယောဇဉ်လား။

မဟုတ်ပါဘုရား။

ဦးဘမောင်ရဲ့မျက်စိနှင့် အပြင် ရူပါရုံဆိုတဲ့ ဒ်နှစ်ခုကို အကြောင်းပြုပြီး အမှီအစွဲသဟဲပြုပြီး ဦးဘမောင်ရဲ့စိတ်မှာ ဆန္ဒရာဂဆိုတာ ဖြစ်ပေါ်လာတယ်။

အဲဒါလို ဖြစ်ပွါးပေါ်ပေါက်လာတဲ့ အစွဲဟာ သံယောဇဉ်ကြိုးဘဲ၊ ဒီကြိုးကိုဖြတ်ဖို့မလွယ်ဘူးလား။

ဒီကြိုးကိုဖြတ်လိုက်လို့ ဦးဘမောင်ရဲ့ခန္ဓာကိုယ် တနေရာရာမှာ ဘယ်လိုမျှားသွားပြီး ထိခိုက်နိုင်ပါသလဲ။

ဘယ်လိုမှ မထိခိုက် နိုင်ပါဘုရား။

ဒါပေမဲ့ဒီကြိုးကလေးကို မဖြတ်နိုင်ဘူး ဦးဘမောင်။

ဒီကြိုးကလေးနှင့်နေရတာက ပျော်ရောပါးရောလို့တောင်ထင်နေကြတယ် မဟုတ်လား။

ထင်နေကြပါတယ်ဘုရား။

အကယ်တခေ မျက်စိဟာ ရူပါရုံရဲ့သံယောဇဉ်(သို့မဟုတ်) ရူပါရုံဟာမျက်စိရဲ့သံယောဇဉ်ဖြစ်ခဲ့ပါမူ ဆင်းရဲခပ်သိမ်းငြိမ်း

ရန်အတွက် မြင့်မြတ်သော ပဋိပတ်များကို ကျင့်ကြံတာဟာအပို ဖြစ်မသွားဘူးလား။

အမှန်ကတော့ မျက်စိရော ရူပါရုံပါ သံယောဇဉ် မဟုတ်ဘဲ ၎င်းတို့နှစ်ခုကို မှီပြီးဖြစ်ပေါ်လာတဲ့ ဆန္ဒရာဂသာ သံယောဇဉ် ဖြစ်ခြင်းကြောင့် ထိုတရားကိုမဖြစ်အောင်တားဆီးခြင်း၊ ဖြစ်ပြီးကို ဖြတ်တောက်ခြင်း အလုပ်ကို ကြိုးပမ်းနေရခြင်း ဖြစ်တယ်။

နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့် အတွေ့၊ မနနှင့်အတွေးတို့မှာလဲ အထက်ပါနည်းအတိုင်းဆင်ခြင် သုံးသပ်ရမယ်။

ဘုရားရှင်မှာတော့-မျက်လုံး မရှိဘူးလား ဦးဘမောင်။

ရှိပါတယ်ဘုရား။

ဘုရားရှင်ဟာ အဲဒီရှိတဲ့မျက်လုံးနဲ့ဘဲ ရူပါရုံကိုကြည့်ရှုတယ် မဟုတ်လား။

ကြည့်ရှုပါတယ်ဘုရား။

ဘုရားရှင်မှာ ဆန္ဒရာဂ အကြွင်းအကျန် ရှိသေးသလား။

မရှိတော့ပါဘုရား။

ဆန္ဒရာဂဆိုတဲ့ ကြိုးမရှိခြင်းကြောင့် ဘုရားရှင်၏ စိတ်ဟာ ကောင်းအောင် ကြီး လွတ်၍နေလေပြီ၊ ကျွတ်၍နေလေပြီ။

ဆိုလိုရင်းက မျက်စိနှင့်ရူပါရုံကိုမြင်သော်မယ်လို့ သူတို့နှစ်မျိုး ကို စွဲပြီး ဆန္ဒရာဂမဖြစ်ပေါ်ရ င်ကိစ္စပြီး၊ မီးသေဒါဘဲလို့ ဆို လိုတယ်။

တရံသော် ဘုရားရှင်သည် ဝေသာလီ အနီးမှာရှိတဲ့ မဟာ ဝုန်တောကျောင်းမှာ သီတင်းသုံးတော်မူတယ်။

ထိုအခါ ဝေသာ္ဘလီမြို့သား ဥဂ္ဂအမည်ရှိသော သူကြွယ်တ ယောက်သည် ဘုရားရှင်၏ ရှေ့တော် မှောက်သို့ ဝင်ရောက်၍ ဘုရားရှင်အားဦးညွှတ်သွားပြီးလျှင် ဤသို့လျှောက်ထားလေပြီ။

အရှင်မြတ်ဘုရား-

ဤလောက၌ အချို့သောသူတို့သည် ဒိဋ္ဌဓမ္မဖြစ်သော ယခု ပစ္စက္ခ၌ပင် ငြိမ်းခြင်းချမ်းသာကို ရရှိသွားကြပါကုန်၏။

အချို့တော့လဲ မရရှိကြမပါကုန်။

အဲသလိုဖြစ်ရတာ ဘယ်အကြောင်းကြောင့်ပါလဲဘုရား။

အို သူကြွယ်-

ဤလောက၌ နှစ်သက်အပ်ကုန်သော၊ စွဲမက်အပ်ကုန်သော၊ စိတ်ကြိုက်ဖြစ်ကုန်သော အချစ်ရုပ် ဖြစ်ကုန်သော၊ ကာမဌေ့- ကာမဆန္ဒရည်တို့ဖြင့်ထုံအပ်၊ ဆိုးအပ်ကုန်သော မျက်စိဖြင့်မြင်သိ အပ်ကုန်သော အဆင်အမျိုးစုံအမြင်ရူပါရုံတို့သည် ရှိကြကုန်၏။

ရဟန်းတို့သည် အကယ်တစေ ထိုရူပါရုံကို နှစ်သက်၍ ချစ် မက်၍၊ အသဲစွဲ၍ နေငြားအံ့ ထိုသို့ စွဲလမ်း နှစ်သက် ချစ်မက်၍ နေသော ရဟန်းအား ထိုစွဲလမ်းမှုကို မှီသောဝိညာဏ် ဖြစ်ပေါ် လာ၏။

အို သူကြွယ်-

စွဲလမ်းမှု ထင်လင်း ရှိသော ရဟန်းအား ငြိမ်းမှု မဖြစ် နိုင်ချေ။

အို-သူကြွယ်-

ဤသည်ကား-ငြိမ်းမှုမဖြစ်နိုင်ခြင်း၏အကြောင်းဖြစ်သည်။

အို-သူကြွယ်-

ဤလောက၌ နှစ်သက်အပ်ကုန်သော၊ ရွှမက်အပ်ကုန်သော၊ စိတ်အကြိုက် ဖြစ်ကုန်သော၊ အချစ်ရပ် ဖြစ်ကုန်သော၊ ကာမအငွေ့ ကာမအရည်ဆိုးတို့ဖြင့် ထုံအပ် ဆိုးအပ်ကုန်သော မျက်စိဖြင့် မြင်သိအပ်ကုန်သော အဆင်းမျိုးစုံ အမြင် ရူပါရုံတို့သည် ရှိကြကုန်၏။

ရဟန်းသည် ထိုရူပါရုံကို နှစ်သက်၍ငင်း၊ မပစ်ရက်အောင် အသဲစွဲ၍ငင်း မနေခဲ့ပါလျှင် ထိုရဟန်းအား စွဲလမ်းခြင်း ကင်းသော အသိဝိညာဏ်သည် ဖြစ်ပေါ်၍လာပေရာ၏။

အို-သူကြွယ်-

ဥပါဒါန်အစွဲကင်းသောရဟန်းသည် ငြိမ်းမှုကို လက်ငင်းဒိဋ္ဌ ကောန်ရလေတော့၏။

နားရယ်၊ နားနှင့်သိအပ်သော သဒ္ဒါရုံ၊ နှာခေါင်းရယ်၊ နှာခေါင်းနှင့် သိအပ်သောဂန္ဓာရုံ၊ လျှာရယ်၊ လျှာဖြင့်သိအပ်သော ရသာရုံ၊ ကိုယ်ရယ်၊ ကိုယ်နှင့်သိအပ်သော ဖောဋ္ဌဗ္ဗာရုံ စသည်တို့၌လည်း ဤနည်းအတိုင်းဒေသနာအစဉ်ကို တပ်ဆင်နိုင်ပါသည်။

အဲဒါလို တပ်ဆင်၍ ကြည့်လိုက်တော့ ဥပါဒါန် ဆိုတဲ့ အစွဲဟာ-ပမာနစာတ်ဆောင်ဖြစ်နေတာကို တွေ့ပသေားဦးဘမောင်။

တွေ့ပါပြီဘုရား။

ဒီတော့ဦးပဉ္ဇင်းတို့ ဦးဘမောင်တို့ တကာယ်တန်း၊မဖယ်တန်း၊ ဇွဲသန်သန်နှင့် အားသွန် ခွန်စိုက် ကြိုးပမ်း အားထုတ် တကာယ် လုပ်ရမဲ့ အလုပ်ဟာ ဥပါဒန်အစွဲဖြုတ်ရေးပင် ဖြစ်တယ်။

ဥပါဒါန်စွဲစရာအာရုံတွေက များများလာတယ်မဟုတ်လား ဦးဘမောင်။

မှန်ပါ-တိုးပွါးများပြား လာပါတယ်ဘုရား။

ယနေ့ကပ္ပါဟာ ဦးဘမောင်တို့ငယ်ငယ်က ကပ္ပါနှင့်တူသေးရဲ့လား။

မတူတော့ပါဘုရား။

အာရုံငါးပါးတွင် ၁သမဆုံးဖြစ်တဲ့ ရူပါရုံကိုထုတ်၍ကြည့်ပိုက်စမ်းပါ၊ မျက်စိအကြိုက် မျက်စိဥပါဒါန်ဖြစ်အောင် ဆိုပြီးဖေတာ့ ထွင်လိုက်ကြတဲ့ အဆင်းရူပါရုံတွေ အသချေ်အနန္တဖြစ်နေပြီ။

အထည်အလိပ်ရောင်းတဲ့ ဈေးတခုကိုဘဲ သွား၍ကြည့်ပါ။

ဥပါဒါန်အစွဲကြီးသေးတဲ့ လူသားရဲ့ မျက်စိတွေကို လယ်လယ်ထွက်သွားအောင် ပြုပြင်ဖန်တီးထားတဲ့ အဆင်ကွဲတွေကိုမြင်ရပါလိမ့်မယ်။

ဘယ်အရောင်ကောင်းသို့ ဘယ်အရောင် ဆိုးမှန်းကို ခဝဲခွဲဘိုရန် မလွယ်တော့ဘူး။

အဲဒီဈေးရုံကန္နားမှာရှိတဲ့ ပစ္စည်းတွေဟာ ဥပါဒါန် အစွဲများတဲ့ လူသားအတွက် ရည်ရွယ်ပြီး သက်သက်ဖြင့် အရောင်မျိုးစုံ အဆင်မျိုးစုံနဲ့ ပြုပြင်ဖန်တီးတာဘဲ။

ထိုနည်းအတူ အသံရော၊ အနံ့ရော၊ အရသာရော၊ အတွေ့ရော၊ ငါးမျိုးလုံးကို မြင်သူ၊ ကြားသူ၊ နံသူ၊ လျက်သူ၊ သိသူရဲ့စိတ်မှာ အစွဲဥပါဒါန် ပေါက်ဖွါးလာအောင် ဖန်တီးနေကြဒါဘဲ။

အဲဒီငါးမျိုးလုံးမှာ စွဲမက်တဲ့ဥပါဒါန်သာ တချက်ထဲ တပြိုင်နက်ဖြစ်ပေါ်လာခဲ့ရင်၊ အဲဒီလူသားဟာ အဲဒီအာရုံ အနားကတဖဝါးမှ မခွါနိုင်တော့ဘဲ ညဥ့်အခါ မီးရောင်မှာ စိုင်းပြီး

တိုးနေကြတဲ့ ပိုးဖလံကောင်တွေလိုဖြစ်၍ နေကြပေလိမ့်မည်။
ဒါကြောင့်အစွဲဥပါဒါန်ကို ကြိုတင်ပြီး တွင်တွင်ကြီး သုံးသပ် နိုင်ကြပါစေ သတည်း။